
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၀၀) ကျပ်
ထုတ်ဝေသူ - ဦးသက်လွင် (သစ္စာမွန်စာပေ)(ထ-၂၂၄၀)၊ အမှတ်(၃၈)၊ ပလ္လွတန်းလမ်း ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - L လင်း
ကွန်ပျူတာ - ဝန်းအိစံ
ဖြန့်ချိရေး - ထူးထူး (သစ္စာမွန်)
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

ကျော့ကွင်း/ရွှေဘဝင်။ -ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၄။

၂၁၀ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) ကျော့ကွင်း

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

သစ်ရွက်ခတ်သံတွေမှာ စိတ္တဇညေ၏ ဝိညာဉ်တွေလို ထင်ဟပ်နေလေသည်။ တစ်ခါတစ်ခါ တိုးဝှေ့တိုက်ခတ်လာသော မြောက်ပြန်လေတို့သည်ကား အိပ်မက်တွေ၏ အသက်ရှူသံလိုလို ဒီဇင်ဘာဆောင်းညတစ်ည၏ အောက်မှာတော့··

ထင်းရှူးပင်များဝိုင်းရံထားသော အိမ်အိုကြီးတစ်လုံး အိမ်အိုကြီးဆိုပေမဲ့လည်း အကျည်းတန်လှသော အိမ်အိုကြီးတော့မဟုတ်ခဲ့။ ရှေးဟောင်းလက်ရာတွေကို ပြန်လည်ပြင်ဆင်ခြယ်သထားသော ရှမ်းစော်ဘွားနေထိုင်ခဲ့သော ဂေဟနန်း



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ကြီးပင်ဖြစ်၏။

"ဂိ. . ."

ညဦးယံကို ရောက်ခဲ့ပြီဆိုသည်ကို အချက်ပေးသော ညဦးဇာက်ကြီးတစ်ကောင်၏ အော်မြည်သံကြောင့် . .

"ဂျိုင်း"

ပိတ်ထားသော အခန်းတံခါးကြီးကိုတွန်းဖွင့်ပြီး ဝင်လာသူကတော့ ဧကရီနန်း၏ နောက်ဆုံးသခင်မ နန်းတြိတြွာပင်ဖြစ်သည်။ သူမကိုအားလုံးကတော့ နေနတ်သမီး တြိတြွာဟု ခေါ်ဝေါ်ကြသည်။

ဘိုးဘွားအစဉ်အဆက် မိဘများဆီမှရရှိခဲ့သော အမွေအနှစ်တွေနှင့် ချမ်းသာကြွယ်ဝမှုတို့သည် သူမ၏ဘဝပေါင်းများစွာသုံးဖြုန်း၍ မကုန်နိုင်သူ-

"ရှဲ"

သူမလက်ထဲမှ မီးခြစ်ဖြင့် ဝါဆိုဖယောင်းတိုင်အရှိကြီးကို မီးထွန်းညှိလိုက်သည်နှင့် အခန်းထဲတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဘိုးဘွားအဆက်ဆက်ကိုးကွယ်ခဲ့သော ရှုံးခေတ်လက်ရာ နေနတ်မင်းသမီးရုပ်ထုကြီးကို သူမအရုပ်နှင့်တပြေး



www.burmeseclassic.com

www.burmeseclassic.com



ညီတွေ့လိုက်ရ၏။

"အရှင်မထံကို သမီးတော်ဦးခိုက်ဖို့ရောက်ရှိလာပါပြီ၊ အရှင်မ၏ ဆန္ဒတော်တွေကို ပြည့်စေရပါအံ့. . ."

နန်းတြိုကြာ နေနတ်သမီးရုပ်ထုကြီး၏ ခြေတော်ရင်းတွင် ဝပ်တွားဦးခိုက်လိုက်ပြီးနောက် ...

ကြိုးတန်းလေးဖြင့် ချိတ်ဆွဲထားသော ခြူလေးတွေကို လှုပ်ခါလိုက်လေသည်။

"ချွင်...ချွင်...ချွင်"

"အားလုံး အသင့်ဖြစ်ပါပြီ သခင်မ"

"အရှင့်အတွက် သယ်ဆောင်လာကြတော့"

"မှန်ပါ့..."

ကတ္တီပါအနီရောင်ကြီးခင်းကျင်းထားသော စားပွဲပေါ်တွင် ရွှေခွက်၊ ငွေခွက်တို့ဖြင့် ပြင်ဆင်ထားသော ဟင်းလျာများစွာက. စားပွဲရှည်ကြီးပေါ်တွင် ပြည့်နက်နေလျက်။

"အရှင်သုံးဆောင်တော်မူပါ..."

သူမနှင့်အတူ အခန်းထဲတွင် ရောက်နေကြသူအားလုံး ခေါင်းကိုငုံ့ ဒူးတုပ်၍ ထိုင်နေကြရသည်။မိနစ်(၃၀)ခန့်လောက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပြီးမှ…

"အရှင့်အတွက်ရေကြည့်တော်ပွဲဆက်ဖို့ပြင်တော့"

သူမဆီမှ အမိန့်ပေးလိုက်သည်နှင့် ပထမပြင်ဆင်ထား သောစားသောက်ဖွယ်ရာများကို ပြန်လည်သိမ်းဆည်းပြီး ကြွက်ကင်၊ ဘဲကင်အပါအဝင် အရက်ပုလင်းမျိုးစုံတို့ကို ထပ်၍ ပြင်ဆင်ကြပြန်သည်။

"အရှင်ကျေနပ်စွာ သောက်သုံးတော်မူပါ…"

ပထမတစ်ခါလိုပင်.. အားလုံးကြမ်းပြင်နှင့်ထိမတတ် ခေါင်းကိုင့်ကာ နေကြရပြန်သည်။ ဒုတိယမြောက် အရက် ဆက်သပြီးဆုံးသွားသောအခါ… အခန်းထဲတွင် ရှိသော ခုတင်ကြီးပေါ်တွင် ပိုးဖဲကတ္တီပါများ၊ ပန်းနုရောင်ဇာခန်းဆီး လိုက်ကာများ ဖဲမွေ့ရာကြီးမှာ လွန်စွာတင့်တယ်လှသော မင်္ဂလာ ခုတင်တစ်လုံးပေါ်တွင် ပြင်ဆင်ကြရတော့သည်။

"အားလုံးပြီးဆုံးပါပြီ သခင်မ"

သူမဘေးတွင် ဦးညွတ်၍ပြောဆိုလိုက်သော မိန်းက လေးကိုစကားတစ်ခွန်းမှ ပြောဆိုခြင်းမပြုဘဲ မင်္ဂလာခုတင်ကြီး ကိုသေချာစွာကြည့်ရှု စစ်ဆေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယ်စမ်း"

"ရှိပါတယ် သခင်မ"

"ဖြန်း..ဖြန်း.."

အသက်(၃၀)ဝန်းကျင်လောက်ရှိသော မယ်စမ်း ပါးနှစ်ဖက်ကိုရိုက်ချလိုက်ပြီး

"နင့်အပြစ်ကိုနင်သိလား"

"ကျွန်မဘာမျှ..အမှားပြုမိလို့လဲ သခင်မ"

"နင်ရောကရီနန်းမှာ ကျွန်ပြုနေတာ ဘယ်လောက်ကြာပြီလဲ ပြောစမ်း"

"(၁၅)တိတိရှိပါပြီ သခင်မ"

"အရှင်ပွဲဝင်ခွင့်ရတာရော..."

"ဒီနှစ်နဲ့ဆို (၅)နှစ်ရှိခဲ့ပါပြီ"

"(၅)နှစ်တိတိဝင်ခွင့်ရတာတောင် နင့်ခေါင်းမှာမှတ်ဉာဏ်တွေက တုံးတုန်းလား... ဟိုမှာတွေ့လား"

သူမလက်ညှိုးထိုးပြီးပြလိုက်သောအရာက ကျောက်မျိုးစုံနှင့်ခြယ်မှုန်းထားသော ဖိနပ်(၂)ရံ တစ်ရံမှာ မိန်းကလေးစီးဖြစ်ပြီး ကျန်တစ်ရံမှာ အမျိုးသားစီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှားသွားပါတယ် သခင်မ"

ဘယ်ဘက်သို့ရောက်နေသော မိန်းကလေးစီးဖိနပ်ကို ညာဘက်သို့ပြန်လည်ရွှေ့ပေးလိုက်ရသည်။

"ဒီတစ်ခါအမှားဟာ နင့်အတွက်နောက်ဆုံးအမှားဆိုတာ ကိုနင့်ခေါင်းထဲမှာမှတ်ထား"

"မှန်ပါ့"

"အားလုံးထွက်ကြတော့"

သူမအားလုံးကိုအပြင်ထွက်ခိုင်းလိုက်ပြီး ရုပ်ထုကြီးခြေတော်ရင်းတွင် ဒူးထောက်ဝပ်တွားကာ

"သမီးတော် ကတိပေးထားသည့်အတိုင်း အရှင့်အတွက် သတို့သားတစ်ယောက်ကိုရှာဖွေပေးပါ့မယ်အရှင်၊ ဤနေ့မှစပြီး ရက်ပေါင်း(၉၀)အတွင်း ဤမဂ်လာခန်းမထဲသို့ ရောက်ရှိစေရပါမည်အရှင်... စောင့်စားတော်မူပါ..."

ရုပ်ထုကြီးကို အမွှေးနံ့သာများ ပက်ဖြန်းသလို မင်္ဂလာခုတင်ကြီးကိုလည်း အမွှေးနံ့သာများ ဆက်လက်ပက်ဖြန်းပြီးမှ သူမ ပြန်ပြီးထွက်လာခဲ့တော့သည်။

"ဦးစိုင်းလုံ"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ...သခင်မ"

"ဦးခွန်ပိုင်နဲ့ဒေါ်စောနန်းတို့ကို သခင်မဆီ ချက်ချင်းလာခဲ့လို့ ဖုန်းဆက်လိုက်"

"မှန်ပါ..."

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"မင်းဘာလုပ်မယ်လို့စဉ်းစားထားလဲ အိမ်"

သူငယ်ချင်းဖြစ်သူ အိုက်စံ၏စကားကို အဖြေပေးစရာ မရှိသေးတာကြောင့် ဆေးရုံနံရံကို မျက်နှာကပ်ပြီး ဘာလုပ်ရမည်ကို စဉ်းစားနေသည်။

နေမင်းအိမ်ဘဝထဲမှာ နှစ်ယောက်ပေါင်းမှ တစ်ယောက်ရယ်လို့ သတ်မှတ်ထားရသော သူငယ်ချင်းမလေး နန်းရတီပိုင်းအတွက် အရေးကြီးသောအချိန်ကိုရောက်ရှိနေလေပြီ။

"သူ့ရဲ့ကျောက်ကပ်က ခုရက်ပိုင်းအတွင်း ခွဲစိတ်ကုသမှ ဆက်ပြီးအသက်ရှင်ဖို့ဖြစ်နိုင်မယ်"

ဆရာဝန်ကြီး၏စကားက နေမင်းအိမ်နားထဲတွင် အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ရိုက်ခတ်နေသောပွဲတင်သံဖြစ်လာသည်။

"ဒေါက်တာ ကျွန်တော့်သူငယ်ချင်းကို ခွဲစိတ်မယ်ဆိုရင် ဘယ်လောက်ကုန်ကျနိုင်မလဲ"

"အနည်းဆုံး (၁၀)သိန်းလောက် ကုန်မယ်"

နေမင်းအိမ်တို့ဘဝမှာ ထိုမျှများပြားလှသောငွေကို လွယ်လင့်တကူ ရဖို့မှာ ဘယ်လိုမှမဖြစ်နိုင်။

"ဟူး..."

"မင်း...စဉ်းစားလို့ရပြီလား"

"အိုက်စံ၊ မင်းနဲ့ငါ အပြင်သွားရအောင်၊ ရတီကို နန်းမှူးစောင့်နေတယ်မဟုတ်လား"

"အင်း...မင်းကအပြင်ကိုသွားမယ်ဆိုတော့ ဘယ် သွားမှာလဲ.....အိမ်"

"အိုက်စံ...မင်းငါ့ကိုမေးခွန်းတွေ ဘာတစ်ခွန်းမှ မမေးနဲ့ကွာ၊ ငါ့မှာအဖြေမရှိသေးဘူး၊ ငါနဲ့အတူသာလိုက်ခဲ့"

ဆေးရုံအပြင်ဘက်တွင် ညကလေးမှာ ခြောက်ကပ်ကပ်နှင့်တိတ်ဆိတ်နေလျက်... လူရိပ်လူခြည်ကင်းမဲ့နေသော မြေနီလမ်းမကြီးအတိုင်း နှစ်ယောက်သားလျှောက်လာကြပေ



www.burmeseclassic.com

www.burmeseclassic.com



မယ်နဲ့ နေမင်းအိမ် စိတ်အာရုံတွေကတော့ တည်ငြိမ်မှုကင်းမဲ့၍ လှုပ်ရှားနေသည်။

ဦးတည်ရာမဲ့နှစ်ဦးသားလျှောက်လာခဲ့ကြရင် ကေရီရွှေဆိုင်ရှေ့သို့ရောက်လာခဲ့ကြ၏။

"အိုက်စံ…ရွှေဆိုင်ထဲကိုဝင်ကြရအောင်"

"ဟာ…အိမ်…မင်း…မင်း…ဘာ…ဘာလုပ်မလို့လဲကွာ"

အိုက်စံ တုန်လှုပ်ချောက်ချားစွာနှင့်နေမင်းအိမ်ကို ကြည့်ပြီးမေးလိုက်ခြင်းကြောင့်…

"အိုက်စံ… မင်းဘာတွေအတွေးပေါက်ပြီးထင်ရာတွေပြောမနေနဲ့ကွာ၊ ဒီမှာတွေ့လား"

နေမင်းအိမ် အိတ်ကပ်ထဲမှ ရွှေဆွဲကြိုးလေးတစ်ကုံးကို ထုတ်ပြလိုက်သည်။

"ဒီဆွဲကြိုးလေးကရတီအတွက် ငါဝယ်ထားတဲ့ ဆွဲကြိုးလေးပါကွာ၊ သူ့မွေးနေ့ကျရင် အမှတ်တရပေးမယ်ဆိုပြီး ရည်စူးထားတာ၊ ခုတော့ ရောင်းရတဲ့ငွေကလေးနဲ့ ပွဲခွဲစိတ်ဖို့ကို အရင်ဆုံး မ,တည်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲကြိုးရောင်းလည်း ငွေကအများဆုံးရ (၁)သိန်း ကျော်ပေါ့ အိမ်ရာ"

"ငါပြောပြပြီးပြီလေ… ဒီငွေလေးနဲ့ အရင်ဆုံး မ,တည် ပြီးငွေကိုပွားအောင်လုပ်ရမှာပေါ့"

"မင်း…ဒီငွေနဲ့ဘယ်လိုပွားမယ်လို့ စဉ်းစားထားလဲ"

"ခွန်းဟုန်ဆီကိုသွားမယ်၊ ဒီကောင်က (၆)ကောင်ဝိုင်း မှာ ဆရာတစ်ဆူကွ"

"လောင်းကစားနဲ့ရှာမယ်ပေါ့"

"ငွေကို အမြန်ဆုံးပွားအောင်လုပ်နိုင်တာ ဒီတစ်နည်းပဲ ရှိတယ်"

"တကယ်လို့ ရှုံးသွားရင်ရော"

"နောက်တစ်မျိုးကိုထပ်ပြီးစဉ်းစားကြတာပေါ့၊ တစ်ခု ပြီးမှ တစ်ခုအဖြေထုတ်မယ်၊ ငါ့အတွက်တွေဝေနေလို့မရတော့ ဘူး‥လာကွာ"

ဇေကရီရွှေဆိုင်ကြီးမှာ နေမင်းအိမ်တို့မြို့လေးတွင် အကြီး ကျယ်ဆုံးရွှေဆိုင်ကြီးဖြစ်သည်။ ရွှေအရောင်းအဝယ်ဆိုင် ဆိုပေမယ့် ကျောက်မျက်နှင့်ရတနာများစွာတို့ကို တရားဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်နေသောဆိုင်ကြီးဆိုလျှင် မမှားပါ။' ဆိုင်ရှေ့တွင် မှန်အနက်တံခါးကြီးကို အဖွင့်အပိတ်ပြုလုပ်ထားသဖြင့် ဆိုင်ထဲကို လှမ်းပြီးမမြင်ရပေ၊ နေမင်းအိမ်နှင့်အတူယှဉ်၍ မှန်တံခါးကြီးကိုတွန်းပြီးဝင်လိုက်သည်နှင့်

"နှစ်ယောက်လုံး၊ မလှုပ်နဲ့နော်"

"ဟင်..."

"ဟာ.."

နေမင်းအိမ်တို့ခါးကို အသံတိတ်တပ်ထားသော သေနတ်ပြောင်းဝနှစ်ခု ရောက်လာပြီး မျက်နှာတွင်ခေါင်းစွပ် အနက်တွေစွပ်ထားသော လူ(၅)ယောက်လက်နက်ကိုယ်စီကိုင်လျက် ရွှေဆိုင်ကို အနုကြမ်းစီးထားသည်ကိုချက်ချင်း သဘောပေါက်လိုက်သည်။

"မင်းတို့ရဲတွေမဟုတ်လား...ပြောစမ်း"

"ခင်ဗျားတို့မျက်လုံးတွေကောင်းရင် ဒီရုပ်ဒီရည်ကို ခွဲခွဲခြားခြားသိဖို့ကောင်းတယ်"

"ဘာမှ မညာနဲ့၊ ငါတို့သေနတ်တွေက လူတစ်ယောက်လောက်သတ်ရတာကို သိပ်ပြီး ကဗျာမဆန်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မဟုတ်ပါဘူး၊ စကားကို ကျုပ်က နှစ်ခါ ပြောတတ်တာခက်တယ်၊ ရဲတွေတော့မဟုတ်ဘူး (CIA)က ခုံထောက်တွေဗျာ.."

"မင်း..နောက်သလို ပြောင်သလိုမလုပ်နဲ့၊ ကျား‌ဆိုး.. ဒီကောင်နှစ်ကောင်ကိုကြိုးတုပ်ထားလိုက်တော့၊ မင်းတို့ လုပ်ခရာရှိတာကို မြန်မြန်လုပ်ကြ"

"ဟုတ်ကဲ့…နှစ်ကောင်လုံး လာခဲ့ကြစမ်း"

နေမင်းအိမ် ဆွမ်းခံရင်း ငှက်သင့်နေလေပြီ။ ကိုယ့် သောက နှင့်ကိုယ် စိတ်ရှုပ်ထွေးနေရသည့်အထဲ မဆိုင်သောကိစ္စတစ်ခုက မိတ်ဖွဲ့လာလေပြီ၊ ဓားပြလုပ်သည့်သူက နေမင်းအိမ်တို့ကို ကြိုးတုပ်ဖို့ပြင်ချိန်တွင်

"ကျုပ်ဘဝတစ်လျှောက်မှာ ကြိုးတုပ်ခံရတာ ရာဇဝင် မရှိဘူး"

"အရင်က မရှိပေမယ့် ခုရှိပြီပေါ့"

"ရှိလို့မရဘူး"

"ဘာကွ"

"ဖြောင်း…ခွပ်…အီး…"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ် ကြိုးတုပ်မည့်သူကိုလက်ပြန်ရိုက်ချပြီး ထိုလူကိုရှေ့တွင်ထားပြီး မိမိအတွက် ကာဘာယူလိုက်သည်။

"အိုက်စံ...သေနတ်ကောက်လိုက်"

"ခွေးမသား...ခုငါ့ကောင်ကိုလွှတ်စမ်း"

"လွယ်လွယ်နဲ့လွှတ်လို့ဘယ်ဖြစ်မလဲဗျ၊ မင်းတို့ ပစ်ရဲရင်ပစ်လိုက်၊ ငါ့ဘက်ကတော့ မင်းတို့ (၅)ယောက်ထဲက အနည်းဆုံး(၃)ယောက်လောက်တော့ အဖော်ခေါ်သွားရမှာပဲ"

နေမင်းအိမ် အုတ်နံရံဘက်တွင်ကပ်ပြီး ပြင်ဆင်ထားလိုက်သည်။ အိုက်စံကတော့ တိုင်တစ်ခုနောက်မှာကပ်ပြီး နေလိုက်ကြသည်။

"ဆရာ...အချိန်မရှိတော့ဘူး ရှင်းသာရှင်းလိုက်တော့"

"ဟေ့...မပစ်ကြပါနဲ့၊ဆရာခေါင်ချမ်းရယ်၊ ကျွန်တော့်ကို သနားပါ.."

"မင်းကိုသနားရင် ငါတို့ပါ ထောင်ထဲကိုရောက်သွားမယ်ကွ၊ ပစ်ကြတော့ဟေ့"

"ဒုတ်...ခွမ်း...ဒုတ်...အီး...ဒုတ်...အား.."

အနကြမ်းသမားတွေဘက်မှ မပစ်ခင်မှာ နေမင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်မှ ကျည်ဆံတွေက ထိုလူသုံးယောက်ကို ဖောက်ထွက်သွားလေတော့သည်။ အနုကြမ်းသမား (၃)ယောက် တွေ့နံ့ပိုင်းအတွင်းမှာ ခွေခေါက်ပြီး ကျသွားကြသည်။ တစ်ယောက်သာကျန်တော့သည်။

"ကဲကွာ..ဒုတ်.."

"ဝုန်း...ဖြောင်း..."

နေမင်းအိမ် တစ်ဖက်မှ ရှုံးကော့စ်ဘက်သို့လိမ့်ဝင်လိုက်ပြီး ရှေ့မှ ဓားပြကောင်ကို တွန်းလွှတ်လိုက်သည်။

အနုကြမ်းသမားခေါင်းဆောင်လုပ်သူ သေနတ် ကျည်ဆံမှာ ပွတ်ကာသီကာလေးလွဲသွားပြီး..

"မင်းအလှည့်ပြီးရင် ငါ့အလှည့်ပေါ့ကွာ၊ လာပြီဟေ့"

နေမင်းအိမ် ခုန်ပြီးကန်လိုက်သည်နှင့် ခေါင်းဆောင်လုပ်သူမှာ နေမင်းအိမ်ခြေကန်ချက်နှင့်အတူ နောက်ဘက် ရွှေ့တွေထည့်ထားသော ရှုံးကစ်(စ်)မှန်တွေကြားထဲ ရောက်ရှိသွားတော့သည်။

"ခွမ်း...အား.."

"တစ်ယောက်မှ မလွှတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်ထဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး နေမင်းအိမ်နှင့်အိုက်စံအပါအဝင် အားလုံးကို သေနတ်တွေနှင့်ချိန်ရွယ်ထားလိုက်သည်။

"သူတို့က ဓားပြတွေမဟုတ်ပါဘူး၊ ဝင်ပြီးကယ်တဲ့သူတွေပါ"

ရွှေဆိုင်မန်နေဂျာ အမျိုးသမီးကြီးမှ စခန်းမှူးကိုဝင်ပြီးပြောပြတော့မှ မြှောက်ထားသော လက်တွေကို ပြန်ပြီးချရတော့သည်။

ရွှေဆိုင်ထဲမှ အနုကြမ်းမှုကိစ္စတွေကို ရှင်းလင်းပြီးသည်နှင့် ပြန်ပြီးထွက်လာသည်။

"ဂူး...ဂျွိ..."

(×××)အမျိုးအစား သိန်းထောင်ချီတန်သော ကားတစ်စီး ထိုးရပ်လာသဖြင့် ကွေ့ရှောင်ကာ ထွက်လာခဲ့ကြသည်။

နေမင်းအိမ် အိတ်ကပ်ထဲမှ ရွှေဆွဲကြိုးလေးကတော့ ပုံမှန်အတိုင်းပြန်ပြီးပါလာလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"အိမ်ရာ... ဘာလို့ချက်ချင်းကြီးထွက်လာရတာလဲ၊ စောစောက ကားနက်ကြီးနဲ့ရောက်လာတဲ့သူက ပိုင်ရှင်သူဌေး ဖြစ်မယ်ကွ"

"ရွှေဆိုင်ပိုင်ရှင်သူဌေးရောက်လာတာနဲ့ ငါက ဘာလုပ်ရမှာလဲ"

"ကိုယ့်ဘက်က ကူညီခဲ့တာပဲ၊ အကူအညီလေးဘာ လေး တောင်းရင် ရနိုင်တာပေါ့"

"တော်စမ်းပါကွာ၊ ချမ်းသာတဲ့လူတွေ စိတ်ထဲမှာ သူများဆီကသာ ယူချင်ကြတာ၊ သူတို့ဘက်က အခွင့်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဝေးရော၊ ခေါင်းထဲကိုထည့်မနေနဲ့၊ ခွန်းဟုန်ကို ဆွဲကြိုးပေးပြီး ကစားနိုင်းရမှာပဲ၊ ရတီ့အတွက် ဘုရားသခင်ပေးတဲ့ ကံပေါ်မှာမူတည်ပြီးလှုပ်ရှားကြတာပေါ့ အိုက်စံရာ"

ခွန်းဟုန်လက်ထဲသို့ရွှေဆွဲကြိုးကလေးကိုပေးပြီး သူ့ရဲ့ အဖြစ်မှန်ကိုပြောပြလိုက်သည်။

"စိတ်ချပြီးသာနေ "အိမ်".. ရတီ့အတွက် ငွေတွေဖြစ်စေရမယ်၊ မင်းတို့အပြင်ဘက်ကစောင့်နေ၊ ငါအများဆုံးကြာရင် တစ်နာရီပဲပေါ့"

"ကောင်းပြီ သူငယ်ချင်း"

ခွန်းဟုန် သူတို့(၂)ယောက်ကို အပြင်တွင်ထားခဲ့ပြီး လောင်းကစားကြိတ်ဝိုင်းလုပ်သော အခန်းထဲသို့ဝင်သွားခဲ့သည်။ တစ်နာရီကျော်ကျော်ကြာတော့ ခွန်းဟုန်ပြန်ပြီးထွက်လာပေမယ့် မျက်နှာကတော့ မကောင်း"

"ခွန်းဟုန်"

"စိတ်မကောင်းပါဘူးကွာ၊ ငါအကောင်းဆုံးကြိုးစားပြီးကစားတာပဲကွာ၊ ကံကခေပါတယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ် ရင်ထဲမှာမျှော်လင့်ခြင်းများစွာကို မီးလောင်ပြာကျသွားတော့သည်။ ကိုယ်မကျွမ်းကျင်သော အလုပ်တစ်ခုကို လုပ်နိုင်းရသောကိစ္စဖြစ်သဖြင့် ဘာမှမတတ်သာတော့ပေ၊ ရတီပိုင်းအတွက် နောက်ထပ်အကြံတစ်ခုကို စဉ်းစားရတော့မည်ဖြစ်၏။

"သွားမယ်…ခွန်းဟုန်"

"ငါတကယ်စိတ်မကောင်းပါဘူးကွာ"

ခွန်းဟုန်ကို နှစ်သိမ့်အပြုံးတစ်ခုသာပြုံးပြပြီး အိမ်ထဲမှ ထွက်လာခဲ့တော့သည်။

"အစ်ကို…အစ်ကို.."

"ဟင်.."

နေမင်းအိမ်တို့နောက်ကို လူငယ်တစ်ဦးပြေးလိုက်လာပြီးခေါ်သဖြင့် ရပ်နေပေးလိုက်သည်။

"ဘာလဲ ညီလေး.."

"အစ်ကိုကို ခွန်းဟုန် တစ်ပတ်ရိုက်သွားတာ"

"ဘာ…"

"သူ..ဆေးဖိုးရအောင် တမင်အကွက်ချပြီး လုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒီဂျင်ဝိုင်းမှ သူ့ကိုဘယ်သူမှ ဝင်ပြီး မကစားနိုင်ဘူး၊ အစ်ကိုပေးလိုက်တဲ့ ရွှေဆွဲကြိုးကို ဆေးဖိုးအတွက် ရောင်းပြီး ဝင်ကစားသလိုလုပ်ပြတာ"

"တောက်…"

နေမင်းအိမ် တခြားသောဖြစ်စဉ်ဆိုလျှင် ခွင့်လွှတ်နိုင်သေးသည်။ ခု သူ့မှာ သေရေးရှင်ရေးဖြစ်နေတာကို ခွန်းဟုန်သိလျက်နဲ့လုပ်ခဲ့သည့်ကို သည်းမခံနိုင်။

"မင်းပြောတာ သေချာရဲ့လား"

"ကျွန်တော်ပြောတာ မဟုတ်ခဲ့ရင် အစ်ကိုကြိုက်သလိုလုပ်ပါ၊ ကျွန်တော့်မှာမည် ဝိုင်းဝိုင်းလို့ခေါ်ပါတယ်"

"အိုကေစီ…မင်းနေခဲ့"

"အိမ်…ငါပါလိုက်မယ်"

ရှေ့သို့လှမ်းနေသောခြေလှမ်းကိုပြန်ရုပ်သိမ်းပြီး ကြိတ်ဝိုင်းအိမ်ဘက်ဆီသို့ ကားလမ်းဖြတ်ကူးမည်အပြု…

"ငါတို့ ခဏနေဦးကွယ်"

"ဟင်…"

သူတို့နားသို့ အသက် (၅၀)ဝန်းကျင်လောက် လူကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရောက်လာပြီး ခေါ်သဖြင့် သေသေချာချာ ကြည့်မိတော့ ချမ်းသာကြွယ်ဝသော လူကုံထံအသိုင်းအဝိုင်းမှ ဖြစ်သည်ကို မြင်ရုံနှင့် သိသာနိုင်သည်။

"ဘာကိစ္စများလဲ အန်ကယ်၊ ကျွန်တော့်မှာကိစ္စတစ်ခုက သိပ်ပြီးအရေးကြီးနေတယ်"

"မောင်ရင့်ကိစ္စကို အန်ကယ်သိပါတယ်၊ ဆွဲကြိုးလေးပေးပြီး ဘိန်းစားခွန်းဟုန်ကို ဂျင်ကစားနိုင်းတာမဟုတ်လား"

"ဟာ.."

"ဘိန်းစားသမားက ဘိန်းစားအကြိနဲ့လုပ်သွားတာပါ၊ ဒါတွေကို ခေါင်းထဲကထုတ်လိုက်ပါ"

"ထုတ်လို့မရဘူး၊ ကျွန်တော့်အတွက် ဒီဆွဲကြိုးလေးက သိပ်ကိုအရေးပါနေတယ်"

"မောင်ရင် ဆွဲကြိုးပြန်ပြီးယူချင်တာလား ငွေကို ယူချင်တာလား ပြောပါ"

"ကျွန်တော် ငွေရရင် ငွေကိုယူမယ်၊ ဆွဲကြိုးပြန်ပြီးရရင် ဆွဲကြိုးယူမယ်"

"အဓိက လိုချင်တာ ငွေဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အန်ကယ်နဲ့ခဏလေးလိုက်ခဲ့ပါ၊ ဆွဲကြိုးတန်ဖိုးမကအန်ကယ်ပေးပါမယ်"

နေမင်းအိမ် နားမလည်စွာနှင့်ကြည့်ပြီးခေါ်ရာနောက်ကိုလိုက်ခဲ့သည်။ မှောင်ရိပ်အောက်တွင်ရပ်ထားသော ကားပေါ်သို့တက်နိုင်းပြီး

"ကဲထူး...မောင်းတော့"

"ဆရာ...အိမ်ကိုမောင်းရမှာလား"

"မမောင်းနဲ့...စားသောက်ဆိုင်တစ်ခုကိုမောင်း"

နေမင်းအိမ် ဘာစကားမှမဆိုဘဲ တိတ်ဆိတ်စွာ လိုက်ခဲ့တော့သည်။ ကားမောင်းဝင်ခဲ့သော စားသောက်ဆိုင်မှာသူတို့ဒေသတွင် ဈေးအမြင့်ဆုံးစားသောက်ဆိုင်တစ်ခုဖြစ်ပြီးတော်ရုံတန်ရုံလူတန်းစားတွေ အနားမကပ်နိုင်သော စားသောက်ဆိုင်တစ်ဆိုင်ပင်ဖြစ်၏။

"မောင်ရင် စားချင်တာ၊ သောက်ချင်တာကို မှာပါ၊ဘာမှ အားမနာနဲ့နော်"

နေမင်းအိမ် စိတ်အာရုံထဲမှာ သူငယ်ချင်းဖြစ်သူ ရတီ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အန်ကယ်နဲ့ခဏလေးလိုက်ခဲ့ပါ၊ ဆွဲကြိုးတန်ဖိုးမက အန်ကယ်ပေးပါမယ်"

နေမင်းအိမ် နားမလည်စွာနှင့်ကြည့်ပြီးခေါ်ရာနောက်ကို လိုက်ခဲ့သည်။ မှောင်ရိပ်အောက်တွင်ရပ်ထားသော ကားပေါ်သို့တက်မိုင်းပြီး

"ကဲထူး...မောင်းတော့"

"ဆရာ...အိမ်ကိုမောင်းရမှာလား"

"မမောင်းနဲ့...စားသောက်ဆိုင်တစ်ခုကိုမောင်း"

နေမင်းအိမ် ဘာစကားမှမဆိုဘဲ တိတ်ဆိတ်စွာ လိုက်ခဲ့တော့သည်။ ကားမောင်းဝင်ခဲ့သော စားသောက်ဆိုင်မှာ သူတို့ဒေသတွင် ဈေးအမြင့်ဆုံးစားသောက်ဆိုင်တစ်ခုဖြစ်ပြီး တော်ရုံတန်ရုံလူတန်းစားတွေ အနားမကပ်နိုင်သော စားသောက်ဆိုင်တစ်ဆိုင်ပင်ဖြစ်၏။

"မောင်ရင် စားချင်တာ၊ သောက်ချင်တာကို မှာပါ၊ ဘာမှ အားမနာနဲ့နော်"

နေမင်းအိမ် စိတ်အာရုံထဲမှာ သူငယ်ချင်းဖြစ်သူ ရတီ





အတွက် ပူပန်မှုတွေ စိုးမိုးနေသောကြောင့် စားချင်သောက်ချင်စိတ်က ကင်းမဲ့နေသည်။

အိုက်စံကတော့ သူစားချင်တာ သောက်ချင်တာတွေကို မှာပေမယ့် နေမင်းအိမ်မှာတော့ အအေးတစ်လုံးကိုသာ မှာယူပြီး သောက်နေသည်။

"မောင်ရင့်ကိုကြည့်ရတာ စိတ်ခံစားမှုတစ်ခုခုကို ကြုံတွေ့နေရသလိုပဲ"

"ဟုတ်တယ်ပဲဆိုပါတော့ အန်ကယ်"

"အင်း...မေ့နေတယ်၊ အန်ကယ်တို့မိတ်ဆက်လိုက်ကြရအောင်... အန်ကယ့်နာမည်က ဦးစွန်ပိုင်လို့ခေါ်တယ်"

"ကျွန်တော်က နေမင်းအိမ်၊ သူက အိုက်စံပါ"

"မှတ်ထားပါ့မယ်၊ အန်ကယ် မောင်ရင်တို့(၂)ယောက်ကိုခေါ်ပြီးတွေ့ရတာ ကျေးဇူးဆပ်တာပါ"

"ဗျာ.."

"မောင်ရင် ဝင်ပြီးကူညီပေးခဲ့တဲ့ ကေရီရွှေဆိုင် ပိုင်ရှင်ရဲ့ အထူးကိုယ်စားလှယ်ပေါ့ကွယ်"

"သြော်... ဒါကလည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပါ အန်ကယ်"

"မောင်ရင်တို့ ရွှေဆွဲကြိုးလာပြီးရောင်းကြတာဆို"

"ဟုတ်ပါတယ်"

"အန်ကယ့်ကိုပွင့်ပွင့်လင်းလင်းပြောကြည့်ပါလား၊ တတ်နိုင်သလောက် ကူညီချင်လို့ပါ"

နေမင်းအိမ် ခဏမျှ စဉ်းစားပြီးဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ သူ့ဘဝတစ်လျှောက်တွင် မည်သူ့ဆီကမှ အသနားခံ တောင်းစံခြင်းမျိုးမရှိခဲ့တာမို့ သူ၏ အမှန်တိုင်း ပြောဆိုမှုပေါ်မှာ ဝန်လေးနေပေမယ့် ရတီ့အတွက် အချိန်က မရတော့ပေ။ ဒါကြောင့်ပင် အဖြစ်မှန်ကိုပြောပြလိုက်သည်။

"ငွေက (၁၀)သိန်းဆိုရင် လုံလောက်ပြီလား"

"ဆရာဝန်ကြီးက ဒီလောက်ပဲကုန်မယ်လို့ပြောပါတယ်"

"ခဏလေးနော်"

သူတို့ကို စားပွဲဝိုင်းတွင် ထားခဲ့ပြီး ခပ်လှမ်းလှမ်းဘက်သို့ သွားကာ ဟန်းဖုန်းဖြင့်စကားပြောလေသည်။ သိပ်ပြီး မကြာပြန်ရောက်လာပြီး

"မောင်ရင် ငွေကိုတစ်ခါတည်းလိုက်ယူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.."

"ပိုပိုလိုလို (၁၅) သိန်းယူသွားပါ၊ ကိုယ့်ဘက်က ငွေအပိုရှိနေတော့ အရေးထပ်ကြုံရင် အခက်အခဲမရှိတော့ဘူးပေါ့ကွာ၊ မောင်ရင့်စိတ်ထဲမှာ ဒီငွေနဲ့ပတ်သက်ပြီး ခေါင်းထဲထည့်မထားနဲ့၊ တူသောပုံတင်သံတစ်ခုကို ပြန်ပြီးကြားရတယ်လို့မှတ်ပါ"

* * *

ဝ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

နေမင်းအိမ် စိုက်ခင်းလေးကိုရေလောင်းနေရင်း ခြံလေးထဲတွင် လမ်းလျှောက်နေသော ရတီဝိုင်းကိုလှမ်းကြည့်မိသည်။

ဆေးရုံမှ ဆင်းလာသည်မှာ (၇)ရက်မြောက်ခဲ့လေပြီ။ ရတီဝိုင်းတစ်ယောက် လန်းဆန်းစွာနှင့်တွေ့နေရသည့်အတွက် နေမင်းအိမ် ဝမ်းသာကြည်နူးနေမိလေသည်။ ရတီဝိုင်း ခုလို ရှင်သန်ခွင့်လေးရနေသည်မှာ ဦးခွန်ပိုင်၏ကျေးဇူးကြောင့် ဆိုသည်ကို မငြင်းနိုင်ပါ။ နေမင်းအိမ်လက်ထဲတွင် ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ငွေ (၁၅) သိန်းမှ (၅)သိန်းတိတိ ပိုနေသေးသည်။ ဦးခွန်ပိုင်ထံကို သွားရောက်ပေးရင်း ကျေးဇူးတင်စကားပြော ဆိုရန် စဉ်းစားထားပြီးသားဖြစ်သည်။

ရတီကိုပါ တစ်ခါတည်းခေါ်သွားချင်သောကြောင့် လမ်းကောင်းကောင်းမွန်မွန်လျှောက်နိုင်သောအချိန်ကို စောင့်နေခြင်း ဖြစ်သည်။

"အိမ်ရေ…ဟော…အိမ်

ရတီပိုင်းလှမ်းပြီးခေါ်သဖြင့် ရေပန်းခရားလေးကိုချပြီး အနားသို့လာခဲ့သည်။

"ဘာဖြစ်လို့လဲ ရတီ"

"ဘာမှမဖြစ်ဘူး၊ "အိမ်"ကို ပြောစရာရှိလို့"

"ပြောစေဗျာ"

ရတီပိုင်းဘေးတွင် အတူတူထိုင်လိုက်ပြီးရှေ့တွင် ပွင့်နေသော နှင်းဆီပွင့်လေးကို ခူးလိုက်သည်။

"ရတီ..ပန်းမပန်တာကြာပြီ၊ ခေါင်းလေးငုံ့"

ရတီပိုင်းသည် နှင်းဆီပန်းဆိုရင် သူ၏ကိုယ်ပွားပန်း မှတ်ရသည်။ အိပ်ရာထပြီဆိုသည်နှင့် အရင်ဆုံးဘုရားပန်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ဖို့ နှင်းဆီပန်းကိုရှူးပြီးသည်နှင့်သူ့ခေါင်းအတွက် နှင်းဆီတစ်ပွင့်ကိုရှူးကာ နေမင်းအိမ်ကို ပန်ခိုင်းနေကျ၊ ရတီဝိုင်းကျန်းမာရေးမကောင်းဖြစ်ကတည်းက မပန်ဖြစ်ခဲ့သည်မှာ ခု နှင်းဆီပွင့်လေးသည် ပထမဦးဆုံးပင်ဖြစ်သည်။

"အိမ်လည်း ရတီ့ကြောင့် လူရောစိတ်ပါ ပင်ပန်းနေရပြီနော်"

"ရတီ ဒီစကားကိုပြောမယ်ဆိုရင် ဒီမှာတင်ရပ်လိုက်၊ ငါတို့နှစ်ယောက်ကြားမှာ ပင်ပန်းခြင်းတွေ၊ ဒုက္ခတရားတွေဆိုတာ ဘယ်တော့မှ မရှိစေရဘူး"

"အိမ်... ရတီ့ပေါ်မှာထားတဲ့သံယောဇဉ်ကိုအကြွင်းမဲ့ယုံကြည်ပါတယ်၊ ဒါပေမယ့် ရတီရဲ့ ကျောက်ကပ်နွဲ့စိတ်မှုဟာ ရတီ့ဘဝတစ်လျှောက်လုံးအတွက် ဘာမှလှုပ်လှုပ်ရှားရှားလုပ်ကိုင်လို့မရတော့ဘူး၊ ထိုင်စားရုံသက်သက်လူတစ်ယောက်ဖြစ်နေပြီ...အိမ်"

"ရတီက ဒါကိုတွေးပြီး စိတ်မကောင်းဖြစ်နေဟာလား"

"ဟုတ်တယ် 'အိမ်'... ရတီ့အတွက် 'အိမ်'ပခုံးပေါ်မှာ ကျောက်ခဲကြီးတင်ထားပေးရသလိုဖြစ်နေတာကို တွေးမိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာမကောင်းဘူး”

“ဩော်… ငါတို့သူငယ်ချင်းမလေး အကြောင်းမရှိ အကြောင်းရှာပြီး စိတ်မကောင်းတာကို ဝယ်ယူနေတာကိုး၊ ကဲ.. မှတ်ထားလိုက်၊ ဒီတစ်သက်မကဘူး နောက်ဘဝအဆက်ဆက် တွေ့ရှိတဲ့အထိ ဘာမှမလုပ်ဘဲ ထိုင်စားမယ်ဆိုရင်တောင် ဒီကောင်က ကျေနပ်နေမှာပါဗျာ”

“အိမ်ရယ်..”

နေမင်းအိမ် ပခုံးစွန်းကလေးပေါ်သို့ ရတီဝိုင်း ခေါင်းကလေးမှီတွဲရောက်ရှိသွားတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

နေမင်းအိမ်နှင့်နန်းရတီဝိုင်းတို့ နှစ်ဦးဘဝလေး ဆုံစည်းမှုတို့သည် ကြေကွဲဝမ်းနည်းခြင်းတွေနှင့်ဘဝကလေးတစ်ခု ဖြစ်ခဲ့ရသူများဖြစ်၏။

"အိမ်…ဟိုမှာကြည့်ပါဦး"

"ဘာများလဲ ရတီ"

ခြံကလေးတောင်ဘက်တွင် ဇလပ်ဝါပန်းပင်လေးကို နန်းရတီဝိုင်း လက်ညှိုးထိုးပြလိုက်ခြင်းဖြစ်သည်။ ထိုဇလပ်ဝါပင်လေးမှာ သူတို့(၂)ဦး ဒီခြံကလေးထဲတွင် စတင်ပြီး နေထိုင်ကတည်းက စိုက်ခဲ့သောအပင်ကလေးပင်ဖြစ်သည်။

ခုဆိုရင် အပင်ကြီးတစ်ပင်ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရယ်..တစ်ခါတစ်ခါ ရတီတို့နှစ်ဦး စတင်ပြီး ဆုံခဲ့ရတဲ့ ဟိုအတိတ်ဘဝလေးကို အရမ်းသတိလည်းရတယ်၊ လွမ်းလည်းလွမ်းဆွတ်မိတယ် သိလား၊ အိမ်ရှေ့ဟောင်"

"ဘဝမှာ ဘယ်လိုမှ မေ့လို့မရတဲ့အရာတွေလို့ ဆိုရမှာပေါ့ရတီရယ်"

"ရတီလိုပဲ သတိရနေတယ်ပေါ့"

"ထပ်တူထပ်မျှ ပါပဲကွာ"

"ဒါဆို ပြိုင်တူသတိရကြည့်လိုက်ရအောင်နော်"

"အင်း..."

တစ်ယောက်လက်ကလေးကို တစ်ယောက် နွေးထွေးစွာဆုပ်ကိုင်လိုက်ကြရင်း ကုန်ဆုံးကြွေလွင့်ခဲ့သော အတိတ်ပုံရိပ်ဟောင်းလမ်းမပေါ်ဆီသို့ပြိုင်တူလျှောက်သွားမိကြသည်။

ထိုစဉ်က တောင်တန်းဒေသကြီးတွင် မငြိမ်းချမ်းသော နေ့ရက်တွေကို တိုင်းရင်းသားတွေ ရင်စည်းပြီးခံနေရသော ကာလလေးတစ်ခုပင်ဖြစ်သည်။

"ဝုန်း...ဖောင်း... ဒုန်း..."

ပေါက်ကွဲသံကြီးများနှင့်အတူ မီးခိုးလုံးကြီးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ထက်ဆီသို့ အလိပ်လိုက်တက်နေလေပြီ။

"သားရေ...ဒီဘက်ကိုလာ"

"မေမေ... ညီမလေး...ကျန်သေးတယ်"

"စိုင်းရေ...အဘရေ..."

ရွာသူရွာသားများ၏ အော်ဟစ်သံတွေမှာ ကမ္ဘာပျက် မတတ်ကြားနေရသလို တစ်ရွာလုံး ယမ်းငွေ့တွေကြားတွင် ပြေးလွှားနေကြရတော့သည်။

အစိုးရကိုဆန့်ကျင်နေသော သူပုန်တွေကို တပ်မတော်၏ ထိုးစစ်ကြောင့် တိုက်ပွဲကြီးများပြင်းထန်နေသည်။ ထိုဖြစ်ရပ်တွေမှာ တောင်တန်းဒေသတွင် မဆန်းပြားသောဖြစ်ရပ်တွေပင်ဖြစ်သည်။

စစ်ပွဲနှင့်လွတ်ကင်းသည့်နေရာဆီသို့ ခုလို မကြာခဏ ပင် ပြေးရှောင်နေရသည်မှာ အလုပ်တစ်ခုပင်။

"သား..အိမ်...မေမေ့လက်ကိုဆွဲထား"

"ဟုတ်ကဲ့"

ဖခင်ဖြစ်သူ စိုင်းပေါ်ခေါင်ကတော့ အဝတ်အစားအိတ် နှင့်စားသောက်စရာတွေကို ပခုံးတွင်ထမ်းကာ ရှေ့မှသွားနေ



www.burmeseclassic.com

www.burmeseclassic.com



သလို နောက်တွင် မိခင်နန်းကြာကတော့ (၅)နှစ်အရွယ် သားဖြစ်သူ နေမင်းအိမ်ကိုလက်ဆွဲပြီးနောက်မှလိုက်ခဲ့လေသည်။ ရှေ့မှာလည်း စီတန်းပြီးသွားနေကြသူတွေ မနည်းလှ။ သူတို့သွားနေတဲ့နေရာမှာ စစ်ပွဲနှင့်လွတ်ကင်းသော တောစပ်တစ်နေရာသို့ပင်ဖြစ်၏။

တောစပ်နေရာတွင် မိသားစုကိုယ်စီ နေရာယူကြပြီး ခင်းကျင်းကြတော့သည်။

"အိမ်..."

"ရတီ.."

ငယ်ငယ်ကတည်းက အိမ်နားချင်းကပ်နေခဲ့ကြသော သူငယ်ချင်း ရတီပိုင်းတို့မိသားစုမှာ သူတို့နှင့်ဘေးချင်းကပ်တွင် ခင်းကျင်းကာနေကြလေသည်။

"စိုင်းပေါ်ရေ..ဒီတစ်ခါတိုက်ပွဲက ကြာမယ်ထင်တယ်"

"ဘာလို့လဲ ခွန်လူ"

"အစိုးရတပ်တွေက သူပုန်တွေကို အပြီးသတ်ချေမှုန်းမယ်လို့ကြားထားရတယ်"

"ဒါဆိုလဲ ငါတို့ဒေသအတွက် ကောင်းတာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



သူပုန်တွေကို ဆက်ကြေးပေးရတာတွေ၊ လူတွေကို အတင်း စစ်တိုက်ခိုင်းတဲ့ ဒုက္ခဆိုးကြီးက လွတ်သွားတာပေါ့"

"ဟုတ်ပါရဲ့ကွာ၊ အကျိုးမဲ့သေနတ်ကိုင်ပြီး အနိုင်ကျင့် နေတဲ့လုပ်ရပ်တွေ အပြီးသတ်စေချင်ပါပြီ"

"အချိန်အခါက ဆုံးဖြတ်ပေးသွားမှာပါ၊ ဒါနဲ့ မင်းတို့ မိသားစုရော စားသောက်စရာတွေ ပါလာရဲ့လား"

"မပြောချင်ပါဘူး ကိုစိုင်းပေါ်ရယ်၊ အိပ်ရာခင်းနဲ့ အဝတ် အစားတောင် မနည်းသယ်ခဲ့ရတယ်"

"ဒါဆိုလဲ ငါတို့နဲ့အတူ ရှိတာလေးမျှဝေစားကြတာပေါ့"

ရွာဘက်ဆီမှာတော့ သေနတ်သံတွေ၊ ပေါက်ကွဲသံ တွေကတော့ ကြားနေရဆဲပင်။

ညနေခင်း မိသားစု(၂)စု ပိုင်းဖွဲ့ကာ ထမင်းစားသောက် ပြီး စကားလက်ဆုံပြောနေကြတော့သည်။ သေနတ်သံတွေက တိတ်ဆိတ်သွားခြင်းမရှိဘဲ တစ်ချက်တစ်ချက်ပေါ် ထွက်နေ ဆဲ..။

"တိုက်ပွဲကတော့ ပြီးသွားလောက်ပြီ၊ သူပုန်တွေတော့ လှုကွဲပြီးဆုတ်သွားလောက်ပြီကွ၊ မင်းကို တစ်ခုပြောရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ခွန်လှ"

"ရှမ်းနီသူပုန်ခေါင်းဆောင်အိုက်ကောက မင်းနဲ့ငါ့ကို မကျေမနပ် ဖြစ်နေတယ်"

"ငါသိပြီးပြီ ခွန်လှ၊ ဆက်ကြေးကိစ္စနဲ့ပတ်သက်ပြီး ငါတို့(၂)ယောက်က ရွာကိုစည်းရုံးပြီး မပေးဖို့ဆန့်ကျင်နိုင်းတယ်လို့ ထင်ထားတာရယ်၊ သူတို့ကို အစိုးရတပ်တွေနဲ့ ပြည်သူ့စစ်ပေါင်းပြီးတိုက်မယ်ဆိုတဲ့သတင်းတွေကို ဒီကောင်တွေ သိနေပြီး မကျေမနပ်ဖြစ်နေတာ၊ ဖြစ်ပါစေကွာ၊ ငါတို့လုပ်တာ အမှန်တရားပဲ"

မိဘတွေစကားပြောနေကြချိန်မှာ နေမင်းအိမ်နှင့် နန်းရတီပိုင်းတို့ကတော့ မီးဖိုလေးနံဘေးတွင် ထင်းခြောက်လေးတွေကို မီးဖိုထဲထည့်ပြီး ဆော့ကစားနေကြသည်။

"အိမ်..နင်ကျောင်းဆက်ပြီးတက်မှာလားဟင်"

"တက်ချင်တယ် ရတီရယ်၊ ငါတို့စာတတ်မှ ရွာအတွက် အကျိုးရှိမှာလို့ ငါတို့ဆရာကပြောတယ်၊ နင်ရော ပညာတတ်ကြီးမဖြစ်ချင်ဘူးလား"

"ဖြစ်ချင်တာပေါ့ဟာ၊ စာသင်ရတဲ့ရက်က ညီးနည်း၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုသူပုန်တွေကြောင့် ခဏခဏပြေးနေရတာက များတယ် စာသင်ရတယ်လို့ မရှိဘူး"

"ခုနက ဖေဖေတို့ပြောနေကြတယ်၊ နောက်ဆိုရင် ငါတို့ ရွာတွေမှာ သူပုန်မရှိတော့ဘူးတဲ့"

"ဘာလို့လဲ၊ ဘုရားသခင်က သူတို့ကိုသတ်ပစ်လိုက်လို့လား"

"ဘုရားသခင်က သတ်မှာမဟုတ်ဘူး၊ အစိုးရတပ်တွေက ဖမ်းဆီးတော့မှာတဲ့"

"ဟင်...ဒါဆို ဝမ်းသာစရာပေါ့၊ အိမ် အခုလာမယ့် လမုန်းပွဲတော်ကျရင် ငါ့ကိုလက်ဆောင်ပေးဦးမှာလား"

"ပေးမှာပေါ့ဟ"

"ဘာလက်ဆောင်ပေးမှာလဲဟင်"

"လက်ဆောင်ဆိုတာကြိုတင်ပြီး မပြောကောင်းဘူး"

"ပြောတော့ ဘာဖြစ်လဲ"

"ပြောလိုက်ရင် လက်ဆောင်ပစ္စည်းက တန်ဖိုးမရှိတော့ဘူးလို့ လူကြီးတွေ ပြောကြတာပဲ"

"နင့်ကိုတစ်ခုထပ်ပြီးမေးမယ်၊ မှန်မှန်ဖြေ"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်မေးပါ ငါအိပ်ချင်နေပြီ"

"နင်ကအအိပ်ကိုပုတ်တယ်၊ ဝါး…"

"အံမာ ငါ့ကိုတော့ပြောပြီး နင့်ကျတော့ သမ်းနေပြီ၊ ဒါ…မေးမှာသာမေး"

"နင် ငါ့ကိုတကယ်ခင်လားဟင်"

"ခင်တာမှ တအားပဲ"

"ဟို…နန်းစောတို့၊ စောကြင်တို့နဲ့ ဘယ်သူ့ကိုပိုပြီးခင်သဲပြော"

"ရတီရယ်၊ သူတို့နဲ့က ကျောင်းတက်မှတွေ့ကြရတာ၊ ကျောင်းသူငယ်ချင်း၊ နင်နဲ့ငါက တစ်နေ့တည်းမွေးပြီး အတူတူကြီးရတဲ့ ငယ်ပေါင်းသူငယ်ချင်းလေ၊ နင့်ကို သူတို့ထက် ဆက်ဆ လောက်ပိုပြီးခင်တယ်"

"ဆယ်ဆဆိုတော့ နည်းတာပေါ့"

"ကဲ…အဆတစ်ရာ"

"ဒါလဲ နည်းတယ်"

"ကဲ…ကဲ… အဆပေါင်းကုဋေကုဋာ ကျေနပ်ပြီလား"

"ကျေနပ်ပါပြီတော်…"



www.burmeseclassic.com

www.burmeseclassic.com



သီယောဇဉ်ဖြူစင်သောကလေးဘ၀ရဲ့ ရင်ထဲမှပီတိ
ကြည်နူးမှုကလေးတွေပင်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်က အမည်းရောင်နယ်မြေသတ်မှတ်ခံထားရသော ဒေသကလေး ခုတော့ အဖြူရောင်နေ့ရက်တွေဆီသို့ ပြောင်းလဲသွားခဲ့လေပြီ။ အစွန်းရောက်ဝါဒစွဲကိုင်ထားသူတွေကပင် ငြိမ်းချမ်းရေးရဲ့ရင်ခွင်ထက်ဆီသို့ ခိုလှုံသွားခဲ့ကြပြီဖြစ်တော့သည်။

သူတို့ဒေသလေးတွင် သေနတ်သံတွေ၊ ပေါက်ကွဲသံတွေ ပျောက်ကွယ်သွားခဲ့သည်မှာ ကြာခဲ့လေပြီ။ နေမင်းအိမ်နှင့် နှန်းရတီဝိုင်းတို့ (၁၀)တန်းကျောင်းသူ၊ ကျောင်းသားဘဝကိုရောက်ခဲ့ကြပြီး ရွာနှင့် (၁၀)မိုင်လောက်ဝေးသော မြို့ကလေးတွင် ကျောင်းသွားတက်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိသားစု (၂)စုပေါင်းပြီး စက်ဘီးလေးတစ်စီးကိုဝယ် ပေး ထားတာကြောင့် ကျောင်းတက်၊ ကျောင်းဆင်းကို နေ့မင်းအိမ် နှင်းလျက် နန်းရတီဝိုင်းနောက်မှလိုက်ပြီးစီးကာ ကျောင်းတက် ဖြစ်ခဲ့လေသည်။

"အိမ်ရေ…ရွှေနားက တောင်ပေါ်ထုံးစေတီလေးပေါ် တက်ကြရအောင်နော်"

ကျောင်းဆင်းချိန်နှစ်ယောက်သား ပြန်လာသော လမ်း ကလေးတွင် တည်ထားသော စေတီလေး၏တောင်ခြေရင်း တွင် စက်ဘီးလေးကိုရပ်ပြီးကျောက်ဆစ်လှေကားလေးအတိုင်း တက်ခဲ့ကြတော့သည်။

"အိမ်‥ရတီဒီနေ့ဒီစေတီလေးကိုဘာကြောင့်ဝင်ပြီး ဖူး ရသလဲ သိလား"

"သိပ်ပြီးသိတာပေါ့ ရတီရယ်၊ ဒီနေ့ နန်းရတီဝိုင်း တစ်ယောက် အသက် (၁၆)နှစ်တိတိပြည့်တဲ့နေ့လေ၊ မဟုတ် ဘူးလား"

"အရမ်းကိုခင်ဖို့ကောင်းတဲ့သူငယ်ချင်း၊ ရတီက 'အိမ်' မေ့နေမယ်ထင်နေတာ၊ ဒါကြောင့်ဘာမှမပြောဘဲနဲ့ ဘုရားပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုတက်ခဲ့တာ သိလား''

''ရတီနဲ့ပတ်သက်ပြီး ငါ့ဘဝမှာမေ့လျော့ခြင်းမရှိပါဘူး ဘာ''

''ဒီစကားလေးနဲ့တင် ရတီကျေနပ်လှပါပြီ၊ ကဲ... ဘုရား ရှိကြရအောင်''

နှစ်ယောက်အတူတူ နန်းရတီပိုင်း မွေးနေ့တောင့်လေးတွင် ဘုရားရှိခိုးဝတ်ပြုလိုက်ကြသည်။

''အိမ်...ဘာတွေဆုတောင်းခဲ့လဲဟင်''

''ငါ့သူငယ်ချင်းနန်းရတီပိုင်းတစ်ယောက် ဒီမွေးနေ့မှ စပြီး နောင်နှစ်ထောင်ပေါင်းများစွာတိုင်အောင် အသက်ရှည်နိုင် ပါစေလို့ ဆုတောင်းတာပေါ့၊ ရတီရော ဘာဆုတွေတောင်း သလဲ''

''ရတီကတော့ ဟောဒီက နေမင်းအိမ်ဆိုတဲ့သူငယ်ချင်း နဲ့တစ်သက်မှာတစ်ခါလေးမှ မခွဲပါရစေနဲ့လို့ ဆုတောင်းတာ ပေါ့''

''ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ရတီ''

''ဟင်...ဘာလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရတီ အိမ်ထောင်ပြုသွားတဲ့အခါ ဘယ်လိုလုပ်ပြီး အတူတူနေလို့ရမှာလဲ"

"ဘယ်သူက အိမ်ထောင်ပြုမယ်လို့ပြောနေလို့လဲ"

"လူဆိုတာ အချိန်တန်ရင် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြရတာလေ၊ ဘယ်သူမှငြင်းလို့မရတဲ့ကိစ္စပဲ"

"အိမ်နဲ့ခွဲရမယ်ဆိုရင် ဘယ်သူ့ကိုမှ မယူဘူး၊ မြဲမြဲမှတ်ထား၊ အိမ်ကရော အိမ်ထောင်ပြုမှာလား ပြော"

"ရတီမပြုမှတော့ ငါက စဉ်းတောင်မစဉ်းစားဘူး"

"တကယ်"

"တကယ်..တကယ်..တကယ်.."

"ဒါဆို ဘုရားမှာ သစ္စာဆို"

"အယ်...ဘယ်လိုဆိုရမှာလဲ"

"ရတီနဲ့အိမ် ဘယ်သူမှ အိမ်ထောင်မပြုပါဘူးလို့ သစ္စာဆိုရဲလား"

"ရတီ သစ္စာပြုရင် ငါကပြုဖို့မတွန့်ပါဘူး"

တူညီသောအကြည့်ကလေး၊ အပြုံးကလေးတို့နှင့် ဘုရားရှေ့တွင် ပြိုင်တူသစ္စာပြုလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်စေတီလေး၏ မြောက်ဘက်ဆီမှ တိုက်ခတ်လာသော ညနေခင်းလေရူးလေးကို နှစ်ဦးသားတိတ်ဆိတ်စွာ ရှိုက်ရင်းတောင်တန်းကြီးတွေကိုငေးမော၍ကြည့်နေမိသည်။

“အိမ်…ရတီတို့တောင်ပေါ်ဒေသလေးဟာ တကယ့်သာယာလှပတဲ့နေရာလေးနော်၊ တောင်တန်းကြီးတွေကို ငမ်း ကြည့်လိုက်တာနဲ့ ရင်ကိုအေးမြသွားတာပဲ၊ ဒါပေမယ့် တစ်ခါတစ်ခါ ဒီတောင်တန်းကြီးတွေဆီက သေနတ်သံတွေ၊ ပေါက်ကွဲသံတွေကို ကြားနေရတာ စိတ်မကောင်းစရာပဲနော်”

“သဘာဝတရားကြီးရဲ့လှပမှုအောက်မှာ လူတွေရဲ့ အတ္တတွေ၊ ဒေါသတွေ၊ လောဘတွေကြောင့် အကျည်းတန် နေခဲ့ရတာပါ၊ ငါတို့ငယ်ငယ်တုန်းက ဘဝတွေထက်စာရင် ခုလိုဘဝလေးက အများကြီးကို သာယာလှပနေပါပြီဟာ၊ ပြန်ကြရအောင်ရတီ၊ မြောက်ပြန်လေက တဖြည်းဖြည်းအေးလာပြီ”

“အင်း…”

နန်းရတီဝိုင်း…နေမင်းအိမ်လက်မောင်းလေးကိုတွဲနိုပြီး စေတီလေးပေါ်မှ ဆင်းခဲ့ကြတော့သည်။ အိမ်နှင့်စေတီလေးက နီးပြီးမဝေးသဖြင့် စက်ဘီးကိုမစီးကြတော့ဘဲ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းပြန်လာခဲ့ကြတော့သည်။

အိမ်ရှေ့ဘက်တွင် လူကြီးတွေကို မတွေ့ရသဖြင့် အိမ်ထဲမှာ စကားပြောနေမှာဆိုပြီး အသံမပြုဘဲဝင်လာကြစဉ်...

"စိုင်းပေါ်...မင်းနဲ့ငါတို့တစ်တွေက ပြောရမယ့်သူတွေမဟုတ်တော့ ခုကတည်းက စကားကိုကုန်အောင်ပြောထားကြရင်ကောင်းမယ်"

"ခွန်လူရယ်..မင်းဘာပြောချင်လဲဆိုတာ ငါသိပါတယ်၊ မနေ့ညကတောင် ငါတို့လင်မယားတောင် သားနဲ့သမီး ကိစ္စပြောကြသေးတယ်၊ မင်းတို့ကို ဖွင့်ပြောရမှာအားနာနေတာ"

"ဒီကိစ္စက အားနာရမယ့်ကိစ္စမဟုတ်ဘူးကွာ၊ မင်းတို့ဘက်က ဖွင့်မပြောလည်း ငါတို့က ဖွင့်ပြောမှာပဲ"

"ကိုခွန်..ရှင်က မိန်းကလေးရှင်နော်"

"ဘာရှင်ဖြစ်ဖြစ်ကွာ....ဒီကလေးနှစ်ယောက်ကို တခြားသူတွေနဲ့ ဘယ်နည်းမှမယူစေချင်ဘူး"

"ကိုခွန်...ဒါတော့ ရှင်စိတ်မပူနဲ့၊ သူတို့နှစ်ယောက် သံယောဇဉ်ကလည်း ဘယ်သူမှ ကြားဝင်လို့မရနိုင်ဘူး"

"သံယောဇဉ်တစ်ခုတည်းနဲ့ အခိုင်အမာ ချုပ်ချက်ထား



www.burmeseclassic.com

www.burmeseclassic.com



သို့မရဘူး နန်းစော၊ လူကြီးတွေဘက်က လုပ်စရာရှိတာတွေ ပြင်ဆင်စရာရှိတာတွေကို လုပ်ထားဖို့တော့ လိုအပ်တယ်နော်"

"ခွန်လူ ဇမင်းဖြစ်ချင်တာကိုပြော"

"အင်း..ငါ့ဆန္ဒအရဆိုရင် ကလေးတွေဆယ်တန်းအောင်သို့ တက္ကသိုလ်မတက်ခင် ရပ်သိရွာသိ စေ့စပ်ထားချင်တယ် ကွာ၊ ကျောင်းပြီးတာနဲ့ တစ်ခါတည်း ပေးစားမယ် ဘယ်လိုသဘောရလဲ"

"ကောင်းပါတယ်၊ ကလေးတွေသဘောကိုမေးကြည့်ဖို့တော့ လိုမယ်နော်"

"မေးစရာမလိုပါဘူး၊ အသိပေးဖို့ပဲလိုတယ်၊ ငြင်းဆန်တဲ့သူကို ငါကိုယ်တိုင်သတ်မယ့်မှတ်"

"ဟင်..."

လူကြီးတွေစကားကို အပြင်တွင် နားထောင်နေကြသော ခုမင်းအိမ်နှင့်နန်းရတီပိုင်းတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ဘာစကားဆိုရမှန်းမသိဖြစ်သွားကြတော့သည်။

သူတို့(၂)ဦး ဘုရားတွင် တိုင်တည်ခဲ့ကြသော ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပြည့်နေပေမယ့် ထိုဆုတောင်းတို့သည် သူတို့နှလုံးသားဆီမှ ရိုက်ခတ်လာသော ပဲ့တင်သံလေးတော့ မဟုတ်သဖြင့် ရှက်စနိုးစိတ်ကလေးတွေ နှစ်ဦးရင်ထဲဝင် ရောက်နေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နေမင်းအိမ်နှင့် နန်းရတီပိုင်းတို့နှစ်ဦး၏ ကံကြမ္မာ မုန်တိုင်းဆီးကြီး ကြေကွဲဝမ်းနည်းဖွယ်ဝင်ရောက်ခဲ့သောနေ့ရက်ကြီးဆီသို့ရောက်ခဲ့လေပြီ။ ထိုနေ့သည်ကား (၁၀)တန်း စာမေးပွဲကြီးကို နောက်ဆုံးဖြေဆိုပြီးပြန်ခဲ့သောနေ့...။

"ဟင်..."

"ဟယ်..."

နေမင်းအိမ်တို့ အိမ်ရှေ့တွင် လူအုပ်စုကြီးကိုတွေ့လိုက်ရလေသည်။ လူအုပ်ကြီးကြားထဲသို့ တိုးဝှေ့ပြီးကြည့်လိုက်သော့

"ဖေဖေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ..."

ဖျာကြီးတစ်ချပ်ပေါ်တွင် နေမင်းအိမ် ဖခင် စိုင်းပေါ် နှင့် နန်းရတီပိုင်းဖခင် ခွန်လူတို့ကို သွေးသံရဲရဲဖြင့်သေဆုံး နေသည်ကိုတွေ့လိုက်ရလေသည်။

"မေမေ...ဖေဖေဘာဖြစ်တာလဲဟင်"

"သား...မင်းဖေဖေကို ဟိုသူပုန်ခေါင်းဆောင် အိုက်ကော တို့အဖွဲ့က သတ်ပစ်လိုက်ကြတာ"

"ဗျာ..."

"ရှင်..."

"အလောင်းကိုတော့ တောစပ်မှာထားခဲ့ကြတာ၊ ရွာက လူတွေတွေ့ပြီး သယ်လာကြတာ သမီးရယ်"

"ဖေဖေရယ်..."

"တောက်..."

နေမင်းအိမ် အံကိုကြိတ်ပြီး လက်သီးကိုကျစ်ကျစ်ပ အောင်ဆုပ်လိုက်မိသည်။

"ဒီကောင်တွေအဖွဲ့ သောင်းကျန်းနေတာကြာပြီ၊ ဒီလို ခံနေလို့တော့မရဘူး၊ ခွေးမသားတွေကို အပြတ်ရှင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့စစ်ခေါင်းဆောင် ဦးသျှန်းနောင် နေမင်းအိမ်ခန်းကိုဆုပ်ကိုင်ပြီးပြောလိုက်သည်။

"အဘသျှန်း သားလည်း အဘတို့နဲ့အတူ ဒီလူတွေကို သတ်ပါရစေ"

"ငါ့သားက ငယ်ပါသေးတယ်ကွယ်၊ ဒီကောင်ကိုရှင်းဖို့ အဘတို့ပဲ ရှင်းပါမယ်၊ ကဲ··ကဲ···နန်းစော၊ သူတို့နှစ်ယောက်အတွက် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ဖို့လုပ်ကြယော့"

ရွာသူရွာသားတွေ နေမင်းအိမ်နှင့် နန်းရတီဝိုင်းတို့ ခင်အလောင်းတွေကို ပြင်ဆင်နေချိန်တွင် နေမင်းအိမ်တို့ အစ်တွေကတော့ မျက်ရည်တွေဝိုင်းနေဆဲ····

* * *



www.burmeseclassic.com

www.burmeseclassic.com

နေမင်းအိမ်တို့ဖခင် သေဆုံးပြီးတစ်လအတွင်းမှာ ပြည်သူ့
စစ်တွေနှင့်အစိုးရတပ်ဖွဲ့တွေပူးပေါင်းပြီး သူပုန်ခေါင်းဆောင်
အိုက်ကောတို့အဖွဲ့ကို ချေမှုန်းခဲ့ပေမယ့် အိုက်ကောတပည့်တွေ
ကို ဖမ်းဆီးမိခဲ့သော်လည်း ခေါင်းဆောင်အိုက်ကောမှာ ခြေ
ထောက်ဒဏ်ရာဖြင့်လွတ်မြောက်ခဲ့ပြီးဘာသတင်းမှ ဆက်ပြီး
မရခဲ့ကြတော့ပေ...။

နေမင်းအိမ်နှင့် နန်းရတီဝိုင်းတို့ ဆယ်တန်းစာမေးပွဲကို
အတူတူအောင်ခဲ့ကြပေမယ့် ကျောင်းဆက်ပြီးမတက်ကြ
တော့ဘဲ မုဆိုးမ မိခင်နှစ်ပါးနှင့်အတူ တောင်ယာလုပ်ငန်း
လေးကို ဆက်ပြီးလုပ်ကိုင်နေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းရတီဝိုင်းကို ကျောင်းဆက်ပြီးတက်ခိုင်းပေမယ့် ...ခင်းအိမ် မပါဘဲ နန်းရတီဝိုင်းမှာ မတက်ချင်သောကြောင့် ...ယောက်လုံးကျောင်းမတက်ဖြစ်ခဲ့ကြတော့ပေ။

"နန်းကျော့ရေ.."

"ဘာများလဲ နန်းစော"

"ကလေးအဖေတွေမရှိတော့ပေမယ့် သူတို့ဖြစ်စေချင် ...ဲ့ဆန္ဒလေးကို ငါတို့(၂)ယောက်ဆက်ပြီးအကောင်အထည် ...ော်ရဦးမယ်နော်"

"ငါမမေ့ပါဘူး နန်းစောရယ်၊ ဒီနှစ်တောင်ယာသိမ်း ...င် ကလေးတွေကို မင်္ဂလာပွဲကလေးပြုလုပ်ပေးကြတာပေါ့၊ ...မှ တစ်ဖက်ဘဝကိုရောက်သွားကြတဲ့ သူတွေစိတ်ချသွားမှာ"

"မေမေတို့ ဘာတွေပြောနေကြတာလဲ"

"သမီးနဲ့သား လာကြပဲ့"

နေမင်းအိမ် ပေါက်တူးလေးကိုဘေးချသလို နန်းရတီဝိုင်း ...ခါင်းပေါ်ကပလိုင်းလေးကို ပေါင်ပေါ်တင်ပြီး မိခင်နှစ် ...ယောက်ဘေးတွင် ဝင်ထိုင်လိုက်ကြသည်။

"သားနဲ့သမီး မင်္ဂလာကိစ္စကိုပြောနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

"ဟာ..."

"ဒီနှစ်တောင်ယာသိမ်းရင် မင်္ဂလာပွဲကလေး လုပ်ပေး ချင်လို့၊ ဒါမှ သားတို့သမီးတို့ ဖေဖေတွေ တခြားဘဝက စိတ်ချမ်းသာနိုင်မှာ"

"သမီးလေးနဲ့သားကရော ဘာပြောချင်လဲ"

"ရတီ နင်ပြောစရာရှိလား"

"ဟင့်အင်း..မေမေတို့ကောင်းသလိုပဲ လုပ်ပါ"

"ဒါဆိုရင်တော့ ရွာကလူကြီးတွေနဲ့တိုင်ပင်ပြီး မင်္ဂလာ ရက်ရွေးကြတာပေါ့"

- "ဟုတ်ကဲ့"

မိခင်နှစ်ယောက်ထွက်သွားပြီး နှစ်ယောက်သားထိုင် လျက်ကျန်ရစ်ခဲ့ပြီး

"ရတီ.."

"ဘာလဲ အိမ်"

"နင့်ရင်ထဲမှာ ငါတို့မင်္ဂလာဆောင်မှာကို ဘယ်လို သဘောထားလဲ၊ ပွင့်ပွင့်လင်းလင်းပြောနော်၊ လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုယ့်ဆန္ဒမပါဘဲ ခေါင်းညိတ်လက်ခံတာမျိုးတော့ မဖြစ်စေနဲ့ဟာ"

"ငါ့ကို နင်ကမေးတော့ ငါကလည်း မေးချင်တယ်၊ အိမ်ကရော လူကြီးတွေကြောင့်ခေါင်းညိတ်လက်ခံတာလား၊ မှန်မှန်ပြောကြေးနော်"

"ပြောမယ်၊ ငါ့ဘဝမှာ ဆုံးဖြတ်ထားတာ တစ်ခုရှိတယ်၊ အဲဒါဘာလဲဆိုတော့ နန်းရတီပိုင်းဆိုတဲ့သူငယ်ချင်းက လွဲပြီး ဘယ်မိန်းကလေးကိုမှ ငါ့ရဲ့ဘေးမှာမရှိစေရဘူး"

"အိမ်လိုပါပဲဟာ၊ အိမ်ကိုတခြားတစ်ယောက်က ပိုင်ဆိုင်သွားမှာကိုတွေးလို့တောင်မရဘူး"

"ဒါဆို ဘာမှစကားတွေပြောမနေနဲ့တော့၊ လူကြီးတွေ သတ်မှတ်တဲ့မင်္ဂလာရက်ကိုပဲ စောင့်ကြတော့"

"ကောင်းပါပြီတဲ့ရှင်"

နှလုံးသား၏မသိသည့်စိတ်ကလေးများနှင့် လက်နုနုလေးကို ဆုပ်ကိုင်လိုက်တော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

နေမင်းအိမ်တို့ရွာတွင် ဝမ်းရောဂါကပ်ဆိုးကြီး ဆိုက်နေလေပြီ၊ ရွာတွင် လူကြီးကလေးသေဆုံးသူတွေမှာ မနည်းတော့ပေ။

ထိုရောဂါကပ်ဆိုးကို ရွာရှိ ဆေးမြီးတိုများနှင့် ကုသမှုမှာ ဘယ်လိုမှမရနိုင်တော့တာကြောင့် ရွာလူကြီးတွေက ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလေတော့သည်။

ထိုဆုံးဖြတ်ချက်ကတော့ ရွာသူရွာသားအားလုံး ရွာကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခွာသွားကြဖို့ပင်ဖြစ်သည်။

"နန်း...နန်းစော"

"နန်းကျော့...နင်စိတ်တင်းထားပါဟယ်"

"မေမေ..."

"သမီးလေး...ငါ့အခြေအနေ ငါသိပါတယ်.. နန်းစောရယ်၊ ငါမရှိတော့ရင် သမီးလေးကို နင့်သမီးအရင်းလို စောင့်ရှောက်ပါဟယ်"

"နင်..ဒီစကားတွေ ပြောမနေပါနဲ့နန်းကျော့၊ သမီးလေးရတီဟာ ငါ့ရင်နဲ့လွယ်ပြီးမွေးထားရတဲ့ သမီးလေးတစ်ယောက်လိုပါပဲဟာ"

"ငါ...စိတ်မကောင်းတာ ငါ့သမီးလေးတို့ကို မင်္ဂလာပွဲလေး ငါကိုယ်တိုင်မလုပ်ပေးလိုက်ရတာပဲ၊ နင်ဆက်ပြီး တော့ တာဝန်ယူပေးပါ"

"နန်းကျော့.."

"မေမေ..."

"ခွေးလေး..."

နန်းရတီပိုင်း မိခင်ဒေါ်နန်းကျော့တစ်ယောက် သေက်



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကင်းမဲ့သွားလေပြီဖြစ်သည်။

"ဒူ...ဒူ...ဒူး..."

"ရတီရေ...သွားကြရအောင်"

"မေမေ့ကို ထားခဲ့ရမယ်ပေါ့"

"ထားခဲ့ရမယ်ရတီ၊ ရွာကနေ နောက်ဆုံးထွက်သွားရ တော့မယ်၊ အချက်ပေးနေပြီ၊ ရတီ့မေမေ့ကို ကျစ်ရစ်ခဲ့ကြ တဲ့ လူကြီးတွေနဲ့ကျန်းမာရေးတာဝန်ရှိသူတွေက သင်္ဂြိုဟ်ပါ လိမ့်မယ်"

"ဟုတ်ပါတယ် သမီးရယ်၊ သွားကြရအောင်"

ရွာထဲမှ လူတွေ သယ်နိုင်သလောက်ပစ္စည်းတွေကို သယ် ယူပြီး ရွာကြီးကို စတင်ပြီးစွန့်ခွာနေကြလေပြီ။

နေမင်းအိမ် သူ့ကိုယ်နှင့်နိုင်သလောက် ပစ္စည်းတွေကို သယ်နေစဉ်

"အိမ်...ငါ့ကိုပစ္စည်းတချို့ပေး"

"အိုက်စံ"

သူငယ်ချင်းဖြစ်သူ အိုက်စံရောက်လာပြီး နေမင်းအိမ် ပခုံးပေါ်က ပစ္စည်းတချို့ကိုကူပြီးသယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား…အိုက်စံ မင်းပစ္စည်းတွေရော"

"ဒေါ်လေးရယ်…ကျွန်တော်ဆိုတဲ့ကောင်က လွယ်အိတ်တစ်လုံးဆိုရင် ရနေပြီပဲ"

"မင်းအဒေါ်နဲ့ဦးလေးတွေကရောကွဲ့"

"သူတို့က နွားလှည်းတွေနဲ့ပစ္စည်းအပြည့်တင်ပြီး သွားကြပြီလေ"

နေမင်းအိမ်တို့ရွာသားအားလုံး ငယ်စဉ်ကတည်းက နေထိုင်ခဲ့ကြရသော ရွာကြီးကို ကျောခိုင်းခဲ့ကြရလေပြီ။

"ရွာကြီးကိုမီးရှို့မယ်လို့ကြားတယ်၊ ဒါမှ ပိုးမွှားတွေ ကတခြားရွာတွေဆီကို မကူးစက်ဘဲ ရပ်တန့်သွားမှာတဲ့၊ ရွာပြန်ပြီးတည်ဖို့ကတော့ မလွယ်တော့ပါဘူးကွာ"

"ဘာတတ်နိုင်မှာလဲကွာ၊ ဘုရားသခင်ပေးတဲ့အသက်ရှင်မှုအဆက်မှာပဲ ဆက်ပြီးရပ်တည်နေကြရမှာပေါ့"

နန်းရတီပိုင်းမှာတော့ ဒေါ်နန်းစော လက်မောင်းလေးကိုဆုပ်ကိုင်ကာ ငိုရှိုက်လျှက်လိုက်ပါလာတော့သည်။

တခြားသောရွာတွေက ဝမ်းရောဂါပိုးကူးစက်မှာ ကြောက်ရွံ့သဖြင့် ရွာတွေထဲသို့ပေးမဝင်ကြသဖြင့် လူကြီးချင်း ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



နေကြရသည်။ ဒါပေမယ့်ဘယ်လိုမှ အဆင်မပြေတာကြောင့် တောရိုင်းနယ်မြေတစ်ခုတွင် ယာယီတဲကလေးထိုးကာ နေကြရသည်။

"တောက်…လူလူချင်း စာနာမှုမဲ့လိုက်ကြတာကွာ"

အိုက်စံ…နေမင်းအိမ်တို့နေထိုင်ဖို့တဲကလေးကို ဝိုင်းလုပ်ကိုင်ပေးရင်း ဒေါသထွက်နေသည်။

"အစိုးရပိုင်းက လူကြီးတွေရောက်လာရင် ငါတို့ အတွက် နေရာလေးတစ်ခုကတော့ ရသွားမှာပါ"

"အိမ်…ငါက ဒီနေရာမှာ သိပ်အကြာကြီးမနေစေချင်ဘူးကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနယ်မြေဟာ သားကောင်ကြီးတွေ အရမ်းသောင်းကျန်းတာ၊ အန္တရာယ်များတယ်"

"လူကြီးတွေကတော့ လုံခြုံရေးကင်းအဖွဲ့တွေဖွဲ့ပြီး စောင့်ကြပ်မယ်လို့တော့ ပြောနေကြတာပဲ"

"သားတို့ရေ…ပြီးရင် ထမင်းစားကြရအောင်ဟေ့၊ ဟင်းကတော့ ဝါးမျှစ်ပြုတ်၊ ပဲပုတ်ဟင်းကောင်းလုပ်ပြီးကြွေးမှာဟေ့"

"အိမ်ရေ…နောက်မှဆက်ပြီးလုပ်၊ နေမြင့်နေပြီ၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကြတော့"

"အေး...အေး..."

နေမင်းအိမ်တို့ လုပ်လက်စတွေကို ရပ်ပြီးထမင်းဝိုင်းဆီ သို့လာကြတော့သည်။

ထမင်းဝိုင်းကလေးမှာ ဟင်းမကောင်းပေမယ့်လည်း စား သို့ကောင်းနေခဲ့ကြသည်။

"သား...အိုက်စံ အားမနာနဲ့နော်"

"ဒေါ်လေးရယ်၊ ဒီလူ ဒီလူတွေက အားနာရမယ့်သူ တွေမှမဟုတ်ဘဲ၊ တကယ်ကိုစားကောင်းတာ၊ ဆက်ပြီးစားရင် ဗိုက်က ပေါက်ထွက်တော့မှာ"

"သားနဲ့သမီးကို မေမေစကားလေးတစ်ခွန်းတော့ ပြော ထားချင်တယ်"

"ဟုတ်ကဲ့ ပြောပါမေမေ"

"မေမေတို့ခုအခြေအနေက ရှေ့ဆက်ပြီးဘာတွေရင် ဆိုင်ရဦးမယ်ဆိုတာ မသိသလို မေမေ့ကျန်းမာရေးကလည်း သိပ်ပြီးမဟုတ်လှဘူး၊ တကယ်လို့များ မေမေတစ်ခုခုဖြစ်သွားခဲ့ ရင် မေမေတို့လူကြီးတွေ စီစဉ်ထားခဲ့တဲ့ကိစ္စကို သားနဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



မဖျက်ရဘူးနော်''

''မေမေရယ်‥မေမေ့ရှေ့မှာပဲ သားတို့နှစ်ယောက် မင်္ဂလာပြုမှာပါ''

''ဟုတ်ပါတယ် ခွေးလေး''

''မေမေလည်း ဆုတောင်းပါတယ်၊ ငါ့သားနဲ့သမီးကို မေမေကိုယ်တိုင် မင်္ဂလာပြုပေးချင်ပါတယ်၊ ခုဆို မေမေ တစ် ယောက်တည်းပဲကျန်ခဲ့တော့တာ၊ မရှိကြတော့တဲ့သူတွေအတွက် မေမေအသက်ရှင်လျက်နဲ့တာဝန်ကျေချင်ပါတယ်ကွယ်''

''ခုလောလောဆယ်က ရွာခြေတည်ပြီးနေဖို့အတွက်က ပြင်ဆင်ရဦးမှာဆိုတော့ ချက်ချင်းကြီးမင်္ဂလာကိစ္စကိုဆောင်ရွက် လို့မသင့်သေးဘူးလေ''

''ဟုတ်တယ်'အိမ်'၊ ရွာသစ်ကလေး အခြေကျတော့ မှ မင်္ဂလာကိစ္စက လုပ်လို့ကောင်းမှာ''

''ဟော့‥‥မောင်နေမင်းအိမ်''

''ဗျာ‥‥ဦးစိုင်းခေါင်''

ရွာမှလူကြီးတွေရောက်လာကြပြီး ခေါ်လိုက်ခြင်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ကို ကိုယ့်တဲရှေ့မှာ မီးမပြတ်ဖို့ပြီး အလှည့်ကျ ဘင်းစောင့်ကွာ၊ နောက်ရက်တွေမှ ရွာကလူငယ်တွေ ကင်းအဖွဲ့တွေဖွဲ့ပြီး လုံခြုံရေးကိစ္စတွေလုပ်မယ်"

"ဟုတ်ကဲ့"

"သတိတော့ မပေါ့ဆနဲ့ဟော့…၊ လက်နက်တွေပါတယ် ဟုတ်လား"

"ဟုတ်ကဲ့ ပါပါတယ်"

"ရှေ့ကတဲတွေကို သွားပြီးသတိပေးလိုက်ဦးမယ်"

ရွာကလူကြီးတွေထွက်သွားသည်နှင့် ဖခင်ထံမှအမွေရရှိထားသော လှံကြီးကိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒီကျားဆိုးကတော့ တော်တော်ကိုသောင်းကျန်း နေပြီကွာ"

နေမင်းအိမ်တို့ ယာယီနေထိုင်ကြသောနေရာလေးဆီသို့ ကျားဆိုးတစ်ကောင် ဝင်ရောက်ပြီး ရွာမှပါလာသော နွား၊ ဆိတ်၊ ဝက်တွေကို ဝင်စားရုံတင်မက ခုဆိုလျှင်လူတွေကိုပါ အန္တရာယ်ပြုနေပြီဖြစ်သည်။ ထိုကျားဆိုးကြောင့် ရွာသား(၃)ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူက(၅)ဦးလောက်ရှိနေလေပြီ။ ထိုအန္တရာယ်ကျားဆိုးဘေးမှ ကာကွယ်ရန် နေမင်းအိမ်တို့ လူငယ်တွေ နေ့ရောညပါကင်းစောင့်နေကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညမှာအေးချက်ကတော့ ရေခဲတုံးတွေကြားမှာ ရောက်နေသလိုပါလားကွာ"

သစ်ပင်ပေါ်တွင်လင့်စင်ထိုးပြီးကျားဆိုးကိုအရှေ့ အနောက်ပြီးစောင့်နေကြခြင်းဖြစ်သည်။

ညဉ့်က တဖြည်းဖြည်းနက်လာပြီဖြစ်တာမို့ အားလုံး အိပ်ချင်နေကြပြီ။

"စိုင်းလျှံ..မင်းနဲ့စောလုံမိုင်တို့ အရင်အိပ်ကြ၊ ငါနဲ့ အိုက်စံစောင့်မယ်၊(၄)ယောက်လုံးထိုင်ပြီးစောင့်နေလို့တော့ အိပ်ရေးပျက်တာပဲ ရှိမယ်"

"အေးကွာ၊ ဒါဆို ငါတို့နှစ်ယောက်အရင်အိပ်မယ်"

စိုင်းလျှံတို့(၂)ဦး စောင်လေးခြုံပြီးအိပ်တော့သည်။

"အိုက်စံ မျက်စိနဲ့နားတော့ လျင်လျင်ထားနော်"

"စိတ်ချပါကွာ၊ ငါစိုးရိမ်နေတာ ဟိုကောင် ခွန်သီးတို့အင်းအဖွဲ့ကွ"

"သူတို့က ဘာဖြစ်နေကြလို့လဲ"

"ဘာဖြစ်ရမလဲ အချမ်းဒဏ်ကိုကာကွယ်ဖို့ဆိုပြီး ခေါင်းရက်တွေကို လူကြီးမသိအောင်ယူသွားကြတယ်၊ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



မှူးပြီးအိပ်ပျော်နေကြမှ ကျားဝင်တာကို မသိဘဲဖြစ်မယ်၊ ရွာက လူတွေက ငါတို့ကိုစိတ်ချပြီး အိပ်နေကြမှာကွ"

"ဒီကောင်တွေလည်း ကျားဆိုးအန္တရာယ် ဘယ်လောက် ကြီးတယ်ဆိုတာ သိနေတာပဲကွာ၊ ကိုယ့်ဘက်ပေါက်ကနေ ဖောက်ပြီးမဝင်ဖို့တော့အရေးကြီးတယ်"

"အိမ်...မင်းကိုငါမေးမယ်မေးမယ်နဲ့ ခုမှပဲမေးဖြစ် တော့တယ်"

"မင်းက ဘာမေးမှာလဲ"

"မင်းနဲ့ရတီက ယူကြတော့မှာဆို၊ မင်းတို့နှစ်ယောက် က ချစ်သူတွေဖြစ်တာကြာပြီပေါ့"

"ချစ်သူဟုတ်လား.ဟား...ဟား...ဟား..."

အိုက်စံ၏အမေးစကားအကို ရယ်မောလိုက်ခြင်းကြောင့် အိုက်စံအံ့သြစွာနှင့်ကြည့်နေလေသည်။ ပြီးမှ...

"ဟေ့ကောင် ငါ့စကားထဲမှာရယ်စရာတစ်ခုမှ မပါဘဲ ဘာလို့ရယ်ရတာလဲ"

"မင်းစကားက ရယ်စရာမပါပါဘူး ငါတို့ဖြစ်ကို တွေးပြီးရယ်မိတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး မင်းရယ်ရတဲ့အကြောင်း"

"မင်းပြောမှငါသတိထားမိတာ အိုက်စ်ငါတို့(၂) ယောက်ရဲ့သံယောဇဉ်ကြီးတွေက ချစ်သူတွေထက်တောင် ခိုင်မာကြပေမယ့်ခုချိန်ထိချစ်တဲ့အကြောင်းကို တစ်ခါမှကို မပြောမိကြဘူး"

"သေလိုက်ပါတော့ အိမ်ရာ"

"ငါတို့(၂)ယောက်ကြားမှာ မလိုအပ်ဘူးထင်လို့မပြောဘဲနေခဲ့တာ"

"အိမ် လူဆိုတာအချစ်နဲ့ကင်းကြသူတွေမဟုတ်သလိုချစ်သူဆိုတာလည်း မဖြစ်မနေလိုအပ်တဲ့ ကိစ္စကြီးတစ်ခုပဲကွ.. ခိုးမောင်နှံဘဝရောက်မှ ရည်းစားစကားပြောရတဲ့အခြေအနေကြီးကတော့ ဘယ်လိုမှအရသာရှိမှာမဟုတ်ဘူး"

"ငါရတီကို ချစ်တယ်လို့ဖွင့်ပြောရမှာကို ရှက်သလိုကြောက်သလို ဖြစ်နေလို့ကွ..."

"အိမ် မင်း ဒီလင့်စင်ပေါ်ကနေ ခုန်ချပြီးသာသေလိုက်တော့ဟေ့... ရတီမင်းပေါ်မှာ ဘယ်လောက်ထိသံယောဇဉ်ကြီးတယ်ဆိုတာ ငါ့ထက်မင်းကပိုပြီးသိမှာပေါ့"

"သံယောဇဉ်ကြီးတာနဲ့ ချစ်တာကရောတူလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အ,ပါဘိ အိမ်ရာ... အချစ်ရဲ့အခြေခံဟာသံယောဇဉ် ပဲဟေ့"

"ငါ ရတီကိုချစ်တယ်လို့ဖွင့်ပြောရမှာပေါ့"

"မပြောနဲ့ဟေ့ ကလေးတစ်ယောက်မွေးပြီးမှပဲ ဖွင့်ပြော လိုက်တော့"

"ဟုတ်ပြီ မနက်ဖြန်ရတီမွေးနေ့ဆိုတော့ သူ့ကိုဖွင့်ပြော လိုက်တော့မယ် လင်မယားဘဝလေးကိုမရောက်ခင် ချစ်သူဘဝ လေးကို ဖြတ်သန်းရမယ်"

နေမင်းအိမ် ကိုယ့်အတွေးနှင့်ကိုယ်တွေးပြီး ပြုံးလိုက်လေ တော့သည်။

ည၏တိတ်ဆိတ်ခြင်းအောက်မှာ သစ်ရွက်ခတ်သံ လေး တွေမှာ ရင်ဖိုမှုတစ်ခုဖြစ်စေခဲ့တော့သည်။ ငယ်စဉ် ကလေး ဘဝကတည်းက ခင်တွယ်ခဲ့ရသောချစ်သူမျက်နှာလေးကို ပုံ တဝါးမြင်ယောင်မိလေသည်။

"ကျား... ကျား... ဝင်နေပြီ"

"ဟင်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်စုလေးတွေဆီမှ အော်ဟစ်သံကြောင့် လင့်စင်ပေါ်မှ ဆင်းလာခဲ့ကြတော့သည်။

"နေမင်းအိမ်…မင်းအမေကိုကျားဝင်ပြီးဆွဲလို့ဟေ့"

"ဘာ…"

နေမင်းအိမ် ကြားလိုက်ရသောစကားကြောင့် မိုးကြိုးပစ်ချသလိုခံစားလိုက်ရသည်။

"မေ…မေ…"

လှံကိုတင်းကျပ်စွာ ဆုပ်ကိုင်ပြီးတဲဆီသို့ ခြေကုန်တင်ပြီးပြေးလာခဲ့တော့သည်။

"အိမ်"

"ရတီ မေမေရော"

"ဟို…ဟို… ကျား… ကျားကြီးဆွဲသွားပြီ"

"တောက်…"

"အိမ်…"

ရတီလက်ကလေးကိုဖြုတ်ပြီး တောနက်လမ်းဆီသို့ ပြေးဝင်သွားခဲ့တော့သည်။

"အိမ်ငါတို့ပါလိုက်မယ် 'စောင့်ဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလှမ်းပြီး ခေါ်သံတွေကို ဂရုမစိုက်နိုင်တော့ဘဲ မိခင်ကြီးဖော်နှင့်တော်ထဲသို့ဝင်လာခဲ့တော့သည်။ နေမင်း နောက်ကိုလိုက်လာကြသူတွေလည်း မျက်ခြည်ပြတ်ပြီး ကျ ရစ်ခဲ့ကြတော့၏။

"ဝေါင်း…"

"ဟာ အမေ…"

အမေကိုကိုက်ချီထားသော ကျားဆိုးကြီးနှင့်နေမင်းအိမ် မျက်နှာချင်းဆိုင်တွေ့လိုက်ရတော့သည်။ အမေကတော့အသက် ရှင်သည် မရှင်သည်ကိုမသိ။

"ငါ့အမေကိုသတ်တဲ့ကောင် မင်းအလှည့်ပဲကွ"

"ဝေါင်း…"

ကျားဆိုးကြီးမှာ နေမင်းအိမ်ပြေးအဝင်ကိုမစောင့်ဘဲ ခုန် အုပ်လေတော့သည်။

"ကဲ…ကွာ…"

"ဂါး…ဂီး…"

နေမင်းအိမ် မျက်လုံးစုံမှိတ်ပြီး ကျားဆိုးကြီး၏ရင်ညွှ ဆီသို့လှံကိုစုံကိုင်ပြီး ထိုးချလိုက်တော့သည်။ ကျားဆိုးကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ် လုံ့ချက်စိုက်ပြီးဝင်သွားပေမယ့် မသေသေးဘဲ အတင်းရုန်းကန်ပြီးပြန်ထသည်။

"ဒီလောက်တောင်အသက်ပြင်းချင်တဲ့ကောင် သေစမ်း သေစမ်းကွာ..."

ကျားဆိုး၏ကိုယ်ပေါ်နေရာအနှံ့ကို လှံ့အချက်ပေါင်းများစွာ ကျရောက်သွားလေတော့သည်။ ကျားဆိုးကြီးမြေပြင်ပေါ်တွင် တုတ်တုတ်ပင်မလှုပ်တော့ပါ။

"မေမေ"

"သား...သားလူလေး သမီးလေးကိုစောင့်ရှောက်ပါ ကွယ်"

"မေမေ... မေမေ"

မိခင်ဖြစ်သူ၏ နောက်ဆုံးစကားကိုပြောဆိုပြီး အသက် ဝိညာဉ်ပျောက်ကွယ်သွားလေတော့သည်။

နေမင်းအိမ် မိခင်၏ရုပ်ကလာပ်ကိုပွေ့ပြီး ပြန်သယ် ဆောင်ခဲ့တော့၏။ လမ်းတွင်နောက်မှလိုက်လာကြသော ရွာမှ လူတွေနှင့်ဆုံလေသည်။

"ဒွေးလေးရယ် ဟီးဟီး..."



www.burmeseclassic.com

www.burmeseclassic.com



နန်းရတီပိုင်း ဒေါ်နန်းစောကိုဖက်ပြီး ရှိုက်ကြီးတင်
ငိုကြွေးနေတော့၏။ ခုတော့သူတို့ဘဝတွင် နှစ်ယောက်တည်
သာကျန်ရစ်ခဲ့တော့သည်။

"တောက်... ငါ့အတန်တန်သတိပေးသွားရက်နဲ့ကွာ
ခွန်သီး မင်းတို့ပေါ့ဆလို့ခုလိုဖြစ်ရတာကွ"

"ကျွန်တော်တို့သိပ်ပြီးမှားသွားပါပြီ"

"နေမင်းအိမ် ငါတို့ကိုခွင့်လွှတ်ပါကွာ"

နေမင်းအိမ် ဖြစ်ပြီးခဲ့သောကိစ္စတွေပေါ်မှာ ဘယ်သူ့ကို
အပြစ်မဖွဲ့ချင်တော့ပေ... သူနှင့် နန်းရတီပိုင်းတို့၏ အ
ဂတ်ကို ဖြတ်သန်းဖို့အားအင်တွေကို မွေးဖွားဖို့ပဲကျန်ရှိတော့
"မောင်နေမင်းအိမ် စိတ်မကောင်းဖြစ်မနေပါနဲ့တော့
ကွာ"

"နန်းစောအတွက် လုပ်သင့်တာကိုလုပ်ကြရအောင်"

မိခင်ဖြစ်သူအတွက် ရှာပနပွဲလေးကို ဒုက္ခတွေကြာ
ထဲမှပြုလုပ်ရတော့မည်။ နေမင်းအိမ် ကျေနပ်မိတာတစ်ခု
တော့ အန္တရယ်ပေးနေသော ကျားဆိုးကြီးကို သူသတ်ဖြတ်နိုင်
ပြီမဟုတ်လား၊ အမေ့အတွက် သူထိုက်တန်သောလက်စား



www.burmeseclassic.com

www.burmeseclassic.com



ချေမှုကြီးတစ်ခုကို ပြုလုပ်နိုင်ခဲ့လေပြီ။

"သူကြီး… သူကြီး"

"ဘာလဲ ဦးစံဖ…"

"ကျွန်တော်တို့ဆီကို အစိုးရလူကြီးတွေနဲ့ တပ်မတော်တ ရဲဘော်တွေ ရောက်ကြပြီ"

"အေးအေး ငါသွားပြီးတွေ့လိုက်မယ် ဒီမှာလုပ်စရာရှိတာတွေကိုလုပ်ထားကြ၊ ငါတို့ရွာပြန်ပြီးတည်ဖို့အတွက် ဖြစ်မယ်ဟေ့"

နေမင်းအိမ်…နန်းရတီဝိုင်း လက်မောင်းလေးကိုဆုပ်ကိုင်ပြီး မိခင်ကြီး၏ရုပ်အလောင်းကိုကြေကွဲခြင်းများစွာနှင့် ကြည့်နေမိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

မြေရှိင်းနယ်မြေကြီးတစ်ခုကို သက်ဆိုင်ရာတာဝန်
သူတွေက ရွာသစ်ကလေးတည်ဖို့သတ်မှတ်ပေးလိုက်ပြီး မြေ
ယာကွက်တွေကို ခွဲဝေပေးခဲ့ကြသည်။

မြေရှိင်းနယ်မြေတစ်ခုဖြစ်သဖြင့် အိမ်ကလေးတွေ မဆောက်
ခင် ရှင်းလင်းမှုတွေကို အရင်လုပ်ကိုင်ကြရတော့သည်။

"အိမ်ရေ…ခဏနားဦးလေ…အိုက်စံရော"

"အိုက်စံ တောထဲဝါးသွားခုတ်တယ်၊ ခုချိန်မှာ အား
လုံးက အိမ်တွေ၊ တဲတွေဆောက်နေကြတာဆိုတော့ ဦးအောင်
သွားပြီး ခုတ်နေရတာ၊ ငါတောင် ခဏရှင် လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဘာ ပြန်လာမှပဲ ထမင်းစားကြမယ်၊ ရတီ ဗိုက်ဆာရင် စား နှင့်နော်"

"ဟင့်အင်း..အိမ်တို့ရောက်မှပဲ စားမယ်"

"ငါတို့ကနောက်ကျရင် နောက်ကျမှာ၊ ရတီ"

"မိုးချုပ်မှရောက်လည်း မိုးချုပ်တဲ့ထိစောင့်မယ်၊ ရတီပါ လိုက်ပြီးကူချင်တယ်"

"ဒီမှာပဲနေပါ ရတီရယ်၊ တောကကြမ်းတော့ ရတီ မဖြစ်ပါဘူး၊ လောလောဆယ် အိမ်ကလေးအရင်ဖြစ်အောင် ဆောက်မှ ဖြစ်မယ်၊ ရာသီဥတုက မကောင်းဘူး၊ မိုးသံပါ သာနေပြီ၊ သွားမယ်"

"အိမ်..ရှေ့.."

နန်းရတီဝိုင်းကဝါးခမောက်လေးကို နေမင်းအိမ်ခေါင်းပေါ် မှာ တင်ပေးလိုက်ပြီး သနပ်ခါးပါးကွက်လေးတွေကြားမှ အပြုံး ချိုလေးတစ်ခုကိုပြုံးပြလိုက်လေသည်။

ထိုအပြုံးကလေးတို့သည် နေမင်းအိမ်အတွက် အကြီး မားဆုံး အင်အားတစ်ခုပင်မဟုတ်လား။

ရွာသစ်ကလေးစပြီးတည်နေကြရသဖြင့် ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုယ်စီ အလုပ်ရှုပ်နေကြတော့သည်။ တောထဲတွင်လည်း ရသမျှ သစ်တိုင် ဝါးတိုင်တွေကို သက်ဆိုင်ရာမှ သတ်မှတ်ပေးထားသော နေရာတို့တွင် ခုတ်လှဲကြပြီးအိမ်ရာသစ်တွေကိုဆောက်ကြရတော့သည်။

မှောင်စပြုလောက်တွင် နေမင်းအိမ်တို့အိမ်ကလေး ပြီးလုလုဖြစ်သွားချိန်တွင်

"ဟာယ်..မိုးစက်တွေကျလာပြီ"

နန်းရတီပိုင်း အပြင်မှပစ္စည်းတချို့ကိုအိမ်လေးပေါ်သို့တင်သလို နေမင်းအိမ်နှင့်အိုက်စံလည်း ထင်းခြောက်တွေကိုအိမ်ပေါ်သို့ အားချင်းတင်ရသည်။ သက်ဆိုင်ရာမှ ဝေခြမ်းပေးထားသော ဆီ၊ ဆန်၊ ပဲတို့ကိုလည်း မိုးရေမထိအောင်အိမ်ပေါ်သို့တင်ချိန်တွင် မိုးက သည်းသထက်သည်းလာတော့သည်။

"ဟူး...တော်သေးတာပေါ့ကွာ၊ အိမ်အမိုးလေးကိုအားချင်းလုပ်လိုက်လို့၊ နို့မို့ဆိုရင် မိုးရေထဲမှာ (၃)ယောက်လုံး အအေးပတ်မှာ"

"အိမ်နဲ့အိုက်စံ ခေါင်းကရေတွေကိုသုတ်လိုက်ကြဦး၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ထမင်းစားကြတာပေါ့၊ ဟင်းကတော့ ပဲပြုတ်အရည် သောက်နဲ့ ပဲသုတ်၊ ငပိရည်ကို ရေတတ်သီးစိမ်းလေးထောင်း ပြီး ငှက်ပျောဖူးလေးပြုတ်ထားတယ်၊ စားကောင်းမှာပါ"

"စားကောင်းရမှာပေါ့ ရတီရယ်"

ရတီ့ ထမင်းဗိုင်းကလေးကို ပြင်ဆင်နေတော့သည်။

"အိမ်...မင်းကို ခွဲဝေပေးတဲ့တောင်ယာကွက်တွေကို ဘယ်တော့ အကောင်အထည်ဖော်မှာလဲ"

"အိမ်နဲ့ခြံကိစ္စပြီးရင်တော့ တောင်ယာကိစ္စတွေကို စပြီး လုပ်ရတော့မှာပေါ့၊ ခက်နေတာက ထွန်ယက်ဖို့ ကျွဲနွား မရှိဘူး၊ ဘကိုပေးထားတဲ့ ကျွဲတွေ၊ နွားတွေကလည်း အလှည့်ကျ ယူပြီး သုံးရမှာဆိုတော့ တောင်ယာစိုက်ခင်းတွေ နောက်ကျသွားနိုင် တယ်"

"မင်းကိုငါ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောစရာတစ်ခု ရှိတယ်"

"ဘာကိစ္စလဲ အိုက်စံ"

"ငါ ဝါးသွားခုတ်တဲ့ဟောရဲ့တစ်ဖက်စမ်းချောင်းကျော် က ကျွဲရိုင်းအုပ်စုကို အမှတ်မထင်တွေ့လိုက်ရတယ်ကွ၊ အဲဒီစု



www.burmeseclassic.com

www.burmeseclassic.com



ကမနည်းဘူး၊ ဒီကောင်တွေထဲက (၃)ကောင်လောက်ကို ဖမ်းမိရင် ယဉ်ပါးအောင်လုပ်လို့ရတာပဲ"

"မင်းတွေ့ခဲ့တာ သေချာလား"

"ငါ့မျက်စိနဲ့တိုက်ရိုက်ကြီးကိုတွေ့တာကွ"

"အင်း...မဖြစ်မနေတော့ ရအောင်ဖမ်းရမှာပေါ့ကွာ"

"အိမ်ရှယ် ကျွဲအရိုင်းကောင်တွေကို မုဆိုးတွေတောင် လက်ရှောင်ကြတာ ဖြစ်ပါ့မလား"

နန်းရတီပိုင်း စိုးရိမ်စိတ်ကလေးနှင့်လှမ်းပြီးပြော လိုက်သည်။

"ဖြစ်အောင်လုပ်ကြည့်ရမှာပဲရတီ၊ မြောက်ပိုင်းဘက်မှာဆိုရင် ကျွဲရိုင်းတွေကို သီးသန့်တောင်မွေးနေကြပြီဟ၊ ငါတို့ဘက်မှာက အလေ့အထမရှိတာရယ်၊ မဖမ်းရဲကြတာနဲ့မို့ပါ"

"သူတို့ကိုဖမ်းဖို့က လွယ်ပါ့မလား"

"လွယ်တော့မလွယ်ဘူး၊ ထောင်ပြီးတော့ဖမ်းရမယ်၊ အကောင်းဆုံးနည်းကတော့ ကျော့ကွင်းနဲ့ ထောင်ချောက်ဆင်ရမှာပဲ၊ ဖေဖေနဲ့ တောထဲကိုလိုက်ခဲ့တဲ့အတွေ့အကြုံတွေကို ပြန်ပြီး အသုံးချရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ကွင်းကိုအသုံးပြုမယ်ဆိုရင် လျှော်ကြိုးတွေတော့ ကျစ်ရမယ်၊ ဒီအတွက်လည်းမပူနဲ့ တောစပ်မှာ ငါလျှော်ပင်တွေကို တွေ့ထားတယ်၊ သွားပြီးခုတ်မယ်၊ ပြီးရင် နေလှမ်းပြီး ကျစ်ရုံပဲ"

အပြင်ဘက်တွင် မိုးက သည်းသထက်သည်းနေလေပြီ။

"ဒီတစ်ခါ မိုးအဝင်စောသလားပဲ၊ အိမ် အမိုးမမိုးရသေးတဲ့သူတွေကတော့ ဒုက္ခပါပဲ"

"အမိုးမိုးပြီးတဲ့အိမ်တွေမှာ တက်ပြီးနေကြရမှာပေါ့"

"အိမ်တို့ ထမင်းစားကြရအောင်"

"အင်း..."

ထမင်းဝိုင်းကလေးကို လက်စုံမြိန်ရှက်စွာစားသောက်ကြတော့သည်။

"အိမ်တို့တောထဲကိုဝင်ရင် သတိတော့ရှိကြပါနော်၊ အိမ်တစ်ခုခုဖြစ်လို့မဖြစ်ဘူး"

နန်းရတီဝိုင်း မျက်နှာလေးထက်မှာ ကြေကွဲဝမ်းနည်းမှုလေးတွေ ကပ်တွယ်လျက်

"စိတ်ချပါ ရတီရယ်၊ ငါလေ...မင်းအတွက် အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်နေဦးမှာပါဟ"

တိမ်မည်းတွေကြားမှာ လျှပ်စီးကလေးတွေက တစ်ချက် တစ်ချက်ပေါ်ထွက်လျက်...။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းထဲမှ စမ်းရေစီးဆင်းသံလေးတွေကို အဆက်

ကြားနေရသည်။ နေမင်းအိမ်နှင့်အိုက်စံတို့ (၂) ဦး စမ်း

ချောင်းလေးကမ်းနံဘေးရှိ ကညင်ပင်ကြီးပေါ်တွင် လင့်စင်

ထိုးပြီးစောင့်နေကြသည်မှာ (၃)ရက်မြောက်သော နေ့ကို

ကျော်ခဲ့လေပြီ။

"မင်းပြောတဲ့နေရာ သေချာရဲ့လားအိုက်စံ"

"သိပ်ပြီးသေချာတယ်အိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့စောင့်လို့မှ မလာရင်တော့ အိမ်ကိုပြန်မယ်ကွ
ရတီစိတ်ပူနေလောက်ပြီ"

"ဒီနေ့မှ ဒီကောင်တွေ မဆင်းလာဘူးဆိုရင်တော့
ကြတာပေါ့ကွာ၊ ဟာ...မိုးစက်တွေကျလာပြီ"

လင့်စင်ပေါ်တွင် မိုးထားသော အင်ဖက်ရွက်ကြီး
မှုံနေပေမယ့် မိုးတော့ သိပ်ပြီးမလုံနိုင်ပေ။ မိုးစက်မိုးပွား က
တွေမှ တစ်ဆင့်အင်အားကြီးထွားလာပြီး ရွာချလေတော့

"အိမ်..နားထောင်စမ်း၊ ရေစီးသံလား သားကောင် အု
ဆင်းလာတဲ့အသံလားမသိဘူး"

အိုက်စံ စကားကြောင့် နေမင်းအိမ်သေချာစွာ နား
ပြီး နားထောင်လိုက်သည်။

"တောကောင်ကြီးအုပ်စုအသံက ဆင်းတွေလား၊
အရိုင်းကောင်တွေလားတော့မသိဘူး အိုက်စံ၊ မင်းကျော့ကွ
တွေကိုခိုင်အောင်လုပ်ထားတယ်မဟုတ်လား"

"ငါဘက်အပိုင်းက စိတ်ချ၊ ဟာ...ဟိုမှာ
ကြီးကွ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ်တို့ ကမ်းဘက်ဆီသို့စမ်းချောင်းကိုဖြတ်ကူးသွားနေကြသည်။

"အိုက်စံ ရှေ့ကအုပ်ကိုလွှတ်ပေးလိုက်၊ နောက်ဆုံးမှ ကျန်တဲ့ကောင်ကိုဖမ်းမယ်"

"အင်း..."

ကျောက်ကွင်းကြိုးစတွေကိုသေချာစွာဆုပ်ကိုင်၍ အသင့်ပြင်ထားလိုက်ကြသည်။

"အိုက်စံ လက်မြဲနော်၊ ဒီကောင်တွေက အားကောင်းတယ်၊ ကျောက်ကွင်းမိတာနဲ့ သစ်ပင်နဲ့တစ်ခါတည်း ပတ်ပြီးအောက်ကိုခုန်ချတော့"

"စိတ်ချ"

နှစ်ယောက်သား သတိကို အလစ်မခံဘဲ စောင့်နေချိန်အပင် ကျွဲရိုင်းအုပ်စုကြီးကျောက်ကွင်းထောင်ချောက်ကို ဖြတ်ပြီးကျော်လေပြီ။

"အိုက်စံ...ဆွဲတော့"

"ဝမ်း..ဝေါင်.."

ကျွဲရိုင်းကြီးနှစ်ကောင် ခြေထောက်တွင် ကျောက်ကွင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားပြီး အတင်းရုန်းကန်တော့သည်။

"အိုက်စံ ခုန်ဆင်းတော့"

"ဝုန်း...ဖြောင်း.."

လွန်စွာအားသန်သော ကျွဲသိုးအရိုင်းကြီးနှစ်ကောင် ရုန်းအားကြောင့်သစ်ပင်ကြီးမှာ တုန်ခါသွားတော့သည်။

"အိမ်..."

"ဟာင်..အိုက်စံ"

အိုက်စံမှာ သစ်ပင်ပေါ်မှ ခုန်ချစဉ် ကြိုးနှင့်သူ့ခြေ ထောက်မှာ ရစ်ပတ်ပြီး သစ်ပင်ပေါ်တွင် တွဲလောင်းကြီးဖြစ် နေသည်။

"ဝမ်း.."

"ဟာ..."

ကျွဲရိုင်းအုပ်စုကြီးမှာနောက်ကိုပြန်ပြီးလှည့်လာကာ ရေ ပြူဖို့ပြင်သောကြောင့် နေမင်းအိမ် အိုက်စံဆီကိုအပြေးသွားပြီ ဓားနှင့်ကြိုးကိုဖြတ်ချလိုက်သည်။

"ထောက်.."

"ဘုတ်...အီး.."



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…ဖြောင်း…"

နေမင်းအိမ် အိုက်စံကိုဖက်ပြီးဘေးလမ်းသို့လှိမ့်ဆင်းချိန် ထလေးမှာ မြန်သွားခြင်းကြောင့် ကံကောင်းသွားခဲ့သည်။

အနည်းငယ်နောက်ကျသည်နှင့် ကျွဲရိုင်းကြီးချိုဖျားတွင် နှစ်ယောက်လုံးအသက်ပါသွားနိုင်သည်။

"ဂျိမ်း..ဝေါ…"

မိုးခြိမ်းသံ၊ လေတိုးသံတွေကြောင့် ကျွဲရိုင်းတွေမှာ တော နက်ဘက်ဆီသို့ ဆက်ပြီးပြေးဝင်သွားလို့သာ အသက်ရှူချောင် သွားသည်။

"ဟူး…မိုးခြိမ်းသံကယ်ပေလို့ပဲဟေ့၊ နို့မို့ဆိုရင်တော့ ငါတို့(၂)ယောက်ကို အမှုန့်ချေမလားမသိဘူးဟေ့"

မိုးရေထဲမှာ နှစ်ယောက်သားသစ်ပင်ကြီးကိုမှီပြီး မိထား သော ကျွဲကြီး(၂)ကောင်ကို ကြည့်နေမိတော့သည်။

"အိမ်ကိုခေါ်သွားဖို့တော့ထပ်ပြီး ကြိုးစားရဦးမယ်ဟေ့"

"ဒီကောင်တွေ ချိုကိုကြိုးနဲ့ချည်နိုင်အောင်လုပ်ရမယ် ဒါမှ နဖားကြိုးကိုရအောင်ထိုးပြီးဆွဲခေါ်ရမှာပေါ့"

"ပထမအဆင့်အောင်မြင်ပြီဆိုမှတော့ ဒုတိယအဆင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးကျော်ဖြတ်ရမှာပေါ့ကွာ"

မိုးဆဲလေထဲတွင် ကျွဲရိုင်းကြီး(၂)ကောင်ကတော့ ရုန်းကန်နေဆဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

နေမင်းအိမ်တို့ (၂)ဦးလုံးကို တစ်ရွာလုံး အံ့ဩနေကြလေသည်။ ကျွဲရိုင်းကြီး(၂)ကောင်မှာ နေမင်းအိမ်တို့ထင်သားသလို အရိုင်းကြီးတွေမဟုတ်၊ နဖားကြိုးကိုထိုးပြီးကတည်းက သိပ်ရုန်းကန်ခြင်းမရှိတော့ဘဲ ရွာထိကောင်းကောင်းမွန်မွန်ပင်လိုက်လာခဲ့ကြတော့သည်။

"အိမ်...မင်းနဲ့ကျွဲကြီးတွေက ရေးရေစက်ပါတယ်"

"ဘာလို့လဲ"

"ခု..ကြည့်စမ်း၊ အိမ်မှာငယ်မွေးခြံပေါက်မွေးထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကျွဲတွေကျနေတာပဲဟော့''

''အင်း..အတိတ်ဘဝက ဆက်နွယ်ဖူးတဲ့အကျိုးဆ
တစ်ခုလို့ ဆိုရမှာပေါ့ကွာ''

''အိမ်...''

''ရတီ''

နန်းရတီဝိုင်း ရွာလမ်းကလေးအတိုင်းအပြေးကလေး
လာပြီး နေမင်းအိမ်ဘေးတွင် ဝင်ပြီးရပ်လိုက်သည်။

''အိမ်ရယ်..စိတ်ပူလိုက်ရတာ၊ ဘုရားကိုတ, နေ
တယ်၊ လူတွေကိုမြင်ရပဲ ရင်ထဲက အပူလုံးကြီးကျတော့တယ်''

''ရော့... ခုကတည်းက ကျွဲတွေကိုဆွဲတာကျင့်''

နန်းရတီဝိုင်းလက်ထဲကို ကြိုးစလေးပေးပြီးဆွဲလာခဲ့ကြ
တော့သည်။

''အိမ်ရာ တစ်လလောက်ထပ်ပြီးယဉ်ပါးအောင် လုပ်ပြီး
တောင်ယာမှာစပြီး ခိုင်းကြည့်ရမယ်''

''အိမ်တို့ခုလို ကျွဲတွေကိုဖမ်းတာကိုကြည့်ပြီး ရွာက
လူတွေတောင် သွားပြီးဖမ်းတော့မလို ပြောနေကြတယ်''

''ဖမ်းပြီးအသုံးပြုနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့ ရတီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ သတိထားရမှာက ခပ်ပေါ့ပေါ့လေးတွက်ပြီး သွားကြရင်တော့ မှားကြမယ်"

အိမ်ခြံဝန်းလေးထဲကိုရောက်တော့ ဇလပ်ဝါပင်လေးကို နေမင်းအိမ်လှမ်းပြီးတွေ့လိုက်ရသဖြင့်

"ဟိုဇလပ်ဝါပင်လေးက ရတီစိုက်ထားတာလား"

"ဟုတ်တယ်အိမ်... ရတီတို့ရဲ့ပထမဆုံးအမှတ်တရ သစ်ပင်လေးပေါ့၊ အိမ်ဖမ်းလာတဲ့ ကျွဲနှစ်ကောင်က စုံတွဲနော်"

"အင်း...ဒါကြောင့်ထင်တယ်၊ တစ်ကောင်ကိုမိတာ နဲ့ တစ်ကောင်ကပါ ကျေနပ်စွာလိုက်ခဲ့တဲ့ပုံပဲ"

"သံယောဇဉ်ရဲ့ ခေါ်ဆောင်ရာနောက်ကိုလိုက်ပါတဲ့ သဘောပဲပေါ့ 'အိမ်' ရယ်"

အနောဂတ်ဘဝတူကလေး နှစ်ဦး၏အကြည့်ကလေး တွေ ကလန်းဆန်းစွာပွင့်နသော ပန်းပွင့်ကလေးပမာ...။

"အိမ်ရေ...ဟေ့အိမ်.."

"ဟာင်..."

ခြံဝန်းထဲသို့ဝင်လာရင်းခေါ်လိုက်သော အိုက်စံ၏အသံကြောင့် အတိတ်ဆီသို့ရောက်ခဲ့သော အတွေးလေးတွေကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရုပ်သိမ်းကာ..

"ဘာလဲ အိုက်စံ လာလေကွာ"

အိုက်စံ...နေမင်းအိမ်တို့ဘေးတွင်ဝင်ထိုင်လိုက်ပြီး

"ဦးခွန်ပိုင်နဲ့ မြို့ဈေးမှာတွေ့ခဲ့တယ်"

"ဟင်...ဘာပြောသေးလဲ"

"ထွေထွေထူးထူးတော့ မပြောပါဘူး၊ လူနာသက်သာသွားပြီလား၊ အဆင်ပြေရဲ့လားတဲ့၊ ပြီးတော့ သူ့ရဲ့သမီးမွေးနေ့ကို ဖိတ်လိုက်တယ်၊ ဆက်ဆက်လာခဲ့ပါတဲ့"

အိုက်စံက ကြည်ပြာရောင်ဖိတ်စာလေးကို ပေးလိုက်သဖြင့် ဖတ်ကြည့်လိုက်သည်။

"နန်းသီရိလှိုင်၏ အသက် (၂၀)ပြည့်မွေးနေ့" ဖိတ်စာကလေးပင်ဖြစ်သည်။

"မွေးနေ့က မနက်ဖြန်ပဲ၊ ဟင်..မနက်ပိုင်းဆိုတော့ နေ့ချင်းပြန်သွားလို့ရတယ်၊ ရတီကို နေခေါ်သွားလို့မရသေးဘူး"

"ဟုတ်တယ်အိမ်... ရွာကနေ ထော်လာဂျီနဲ့သွားရတာဆိုတော့ လမ်းကြမ်းဒဏ်ကို ရတီခံနိုင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရယ်…သွားမှာသာသွားပါ၊ နှန်းမှုံ့ရှိနေတာပဲ၊ ကိုယ့်ကျေးဇူးရှင်သမီးမွေးနေ့ဆိုတော့ မသွားရင်မကောင်းပါဘူး"

"ငါတို့ပို့တဲ့ငွေကိုလည်း ပြန်ပေးရင်းနဲ့သွားကြတာပေါ့"

"ဟိုမောင်နှမတွေ ဘာတွေတိုင်ပင်နေတာလဲဟေ့"

"လာ‥အဘာစိုင်း"

ရွာ၏လူကြီး ဦးစိုင်းအောင်‥နေမင်းအိမ်တို့ဆီသို့ ဝင်သာပြီး‥

"သမီး‥ရတီရော သက်သက်သာသာရှိရဲ့လားကွဲ့"

"ရှိပါတယ် အဘာစိုင်း"

"အင်း…သမီးလေး ဆေးရုံမှာငွေကြေးအခက်အခဲရှိတုန်းက တစ်ရွာလုံးကရသမျှငွေတွေစုပြီး ကယ်ဖို့လုပ်နေကြတာ၊ နောက်အဆင်ပြေတယ်လို့ကြားတာနဲ့ မလာဖြစ်ခဲ့ကြတာ"

"ဟုတ်ကဲ့ ရတီတို့ပေါ်မှာ ခုလို စေတနာထားတာကို ကျေးဇူးတင်ပါတယ်အဘာ"

"မောင်နေမင်းအိမ်ရော၊ သမီးရတီပါ နောက်ဘာတွေအခက်အခဲရှိရှိ အဘာစိုင်းတို့ကိုဖွင့်ပြောပါ၊ တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းပြီးကူကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မင်းတို့(၂)ယောက်ကို ငှာက တိုင်ပင်ထားတဲ့ကိစ္စ လေးပြောစရာရှိတယ်"

"ဘာများလဲ အဘစိုင်း"

"ငါတို့ရွာသစ်ကလေးတည်ပြီးကတည်းက ရွာမှာ မင်္ဂလာပွဲ မပေါ်ပေါက်သေးဘူးနော်၊ ဒါကြောင့် ငါတို့ရွာသစ် ကလေးကို မင်္ဂလာဖြစ်သွားအောင် မင်းတို့(၂)ယောက်ကို မင်္ဂလာပွဲကလေးလုပ်ပေးမလို့"

"ဟယ်.."

"အယ်.."

"ဟာ..သိပ်ပြီးကောင်းတဲ့အစီအစဉ်ပဲ အဘစိုင်း၊ သူတို့ (၂)ယောက် သဘောနဲ့သာဆိုရင် နောက်(၅)နှစ်လောက်ကို ဆက်ပြီးစောင့်မယ့်သဘောရှိတယ်"

"ကဲ..ဘယ်လိုသဘောရကြလဲ"

"ကျွန်တော်တို့မှာက နှစ်ဖက်လုံးမိဘတွေရှိကြတာ မဟုတ်တော့ ရွာလူကြီးတွေဟာ မိဘတွေပါပဲ၊ ကောင်းမယ် ထင်လို့ စီစဉ်တာကိုလက်ခံပါတယ်၊ ရတီရှေအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရတီဘက်က အိမ်သဘောအတိုင်းပါပဲရှင်"

"ဒါဆိုကောင်းပြီ၊ ရှေ့လကုန်ဆိုရင် မင်္ဂလာလထဲကို ...တ်ပြီ၊ ရက်ကိုအကောင်းဆုံးရွေးပြီး စီစဉ်လိုက်မယ်၊ သမီး ...ကလည်း ကျန်းမာရေးကို ဂရုစိုက်"

"ဟုတ်ကဲ့ပါ အဘာစိုင်း"

လူ့လောကကြီးတွင် မရှိကြတော့တဲ့ မိဘတွေရဲ့ ဆန္ဒ ...တွေကို သူတို့(၂)ဦး တာဝန်ကျေရတော့မည်ဖြစ်သည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခေတ်မီခမ်းနားထည်ဝါလှသော ခြံကြီးရှေ့တွင် နေမင်းအ
တို့(၂)ယောက် ရပ်ပြီးကြည့်လိုက်သည်။

"အိုက်စံ မွေးနေ့သာဆိုတယ်၊ လူအရိပ်အယောင်တော
မတွေ့ရပါလား၊ အိမ်များ မှားနေပြီလား-"

"မမှားနိုင်ဘူး၊ လိပ်စာအတိုင်းဆိုရင်ဒီအိမ်ကြီးပဲ၊ မ
ဘူး၊ ရောက်ပြီးမှတော့ လူခေါ်ဘဲလ်နှိပ်ပြီးခေါ်ကြည့်ကြတ
ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံ ခြံတံခါးဝမှ လှူခေါ်ဘဲလ်ကိုနှိပ်ပြီး ခေါ်လိုက်သည်။ ခဏအကြာ ရှမ်းအမျိုးသားကြီးတစ်ဦးထွက်လာသည်။

"ဘာကိစ္စများလဲ မောင်ရင်တို့"

"ဒီအိမ်က ဦးခွန်ပိုင်အိမ်ဟုတ်ပါသလား"

"ဟုတ်ပါတယ်.. ဪ...မောင်ရင်တို့က မောင်နေမင်းအိမ်နဲ့ အိုက်စံတို့ဆိုတာလား"

"ဟုတ်ပါတယ်"

"ဆရာကြီးကမှာထားပါတယ် ဝင်ကြပါ"

ခြံတံခါးကြီးကို ဖွင့်ပေးသည်နှင့်ခြံကြီးထဲသို့ဝင်လိုက်ကြ၏။

"မသိလို့မေးပါရစေဦးလေး"

"ဘာများလဲ မောင်ရင်"

"အန်ကယ်ဦးခွန်ပိုင် သမီးမွေးနေ့မလုပ်ဘူးလား"

"လုပ်ပါတယ်ဒီမှာမဟုတ်ဘူးကွဲ့ ဟိုတယ်မှာလုပ်တာ"

"ဪ..."

"မောင်ရင်တို့ကို ဒီကဆရာကြီးက ကားလွှတ်ပြီးခေါ်ခိုင်းမယ်လို့ထင်တာပဲ၊ အိမ်ထဲမှာစောင့်မလား အပြင်မှာစောင့်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ကပဲစောင့်ချင်တယ် ဦးလေး"

"ဒါဆိုဟိုစားပွဲဝိုင်းမှာ သွားပြီးထိုင်စောင့်ကွယ်၊ ဦးလေး တစ်ခုခုသွားပြီး ပြင်လိုက်မယ်"

"ဘာမှမပြင်ပါနဲ့ဦးလေး ရပါတယ်"

"ရပါတယ်မလုပ်ပါနဲ့၊ ဆရာကြီးကသူ့ဧည့်သည်တွေကို ဘာမှဧည့်မခံထားဘူးဆိုပြီး ဆူနေပါဦးမယ်"

နေမင်းအိမ်တို့မငြင်းသင့်တာကြောင့် ခေါင်းကိုသာ ညိတ်ပြလိုက်တော့သည်။

"မဆိုးဘူး တယ်ပြီးငြိမ့်ပါလားကွ"

ရေကူးကန်လေးဘေးဘက်တွင် ရှိသည့်စားပွဲဝိုင်းကလေးတွင်ခုံကိုယ်စီဆွဲပြီးထိုင်နေလိုက်သည်။

"ချမ်းသာတဲ့ဘဝနဲ့ ဆင်းရဲတဲ့ဘဝကတော့ဟယ်ကိုကွာတာပဲဟေ့..."

"အိုက်စံရယ် ဘယ်လိုဘဝပဲရောက်ရောက် ကိုယ့်ဘဝကိုသာယာလှပအောင်ဖန်တီးတတ်ဖို့က အဓိကကျပါတယ်"

"မင်းကတော့ ပြောနိုင်မှာပေါ့ကွာ၊ ရတီမျက်နှာလေးနဲ့ လကမ္ဘာကြီးကိုရောက်နေတာကိုး၊ ငါ့မှာကတစ်ယောက်တည်း"



www.burmeseclassic.com

www.burmeseclassic.com



"နန်းမွှံရှိတယ်လေ"

"တော်...တော်စမ်းပါကွာ၊ ကြောက်လွန်းလို့ပါ"

"မင်းက ဘာကိုကြောက်ရတာလဲ"

"နန်းမွှံအဖေပြောတဲ့စကားကို မကြားဘူးလား၊ သူ့
သမီးကို ယူတဲ့သူက သူ့အိမ်မှာခိုင်းထားတဲ့ကျွဲကြီး(၂)ကောင်
ဘောက်ကိုလုပ်နိုင်မှတဲ့၊ သေအောင်ခိုင်းမယ့်ပုံပဲဟ၊ မရရင်
ပါစေကွာ၊ ကျွဲ(၂)ကောင်လောက်တော့ မရုန်းနိုင်ဘူး"

"ဟား...ဟား...ဟား..."

သူငယ်ချင်းနှစ်ယောက် ရယ်မောနေစဉ်

"ဝေါင်း..."

"ဟင်...အိမ်...ခွေး...ခွေးနက်ကြီး"

နေမင်းအိမ် ခါးဝက်လောက်ရှိသော ခွေးနက်ကြီး တစ်
ကောင်သူတို့ဆီသို့ မာန်ဖီပြီးပြေးလာသည်ကိုတွေ့လိုက်ရ၏။

"အိုက်စံ...မင်း...ဘေးကိုဆုတ်နေ"

နေမင်းအိမ် ထိုင်ရာမှထလိုက်ပြီး ခွေးနက်ကြီးပြေး
လာသင်ကိုစောင့်နေလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဝေါင်း…"

"ဒုတ်…အီး…ဝုန်း…"

ပြေးပြီး ခုန်အုပ်လိုက်သောခွေးနက်ကြီးကို အသာ ရှော
လိုက်ပြီး ဘေးနံကြားကို ခြေစောင်းဖြင့်ခပ်ဆတ်ဆတ်လေး
ကန်လိုက်သဖြင့် ခွေးနက်ကြီးရေကူးကန်ထဲသို့ တစ်ပတ်လ
ပြီး ပြုတ်ကျသွားတော့သည်။ အထိနာသွားသော ခွေးန
ကြီးမှာ မာန်မလျှော့ဘဲ ရေထဲမှနောက်တစ်ကြိမ် ခုန်တက်
ဝင်ကိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ...ဒီလောက်တောင် မာန်တက်ဦး"

ခွေးနက်ကြီး နှာနုဆီသို့ ခုန်ပြီး ဖနောင့်ဖြင့်ပေါက်ချလိုက်တော့သည်။ ဒီတခါတော့ ခွေးနက်ကြီးမှာ တဂိန်ဂိန်အော်၍ နောက်သို့ပြန်လှည့်ပြေးလေသည်။

"မင်း...ဒါဘာလုပ်တာလဲ"

နေမင်းအိမ် အမေးစကားကိုမဖြေဘဲ အသံရှင်ကို လှည့်ကြည့်လိုက်သည်။ အသက် (၅၀)ဝန်းကျင်လောက် ရှိရှမ်းအမျိုးသားတစ်ယောက်၊ ရုပ်ရည်မှာ ခက်ထန်သော အသွင်၊ လက်တစ်ဖက်က စတီးချိုင်းထောက်တစ်ခုကို ထောက်ထားလျက်...

"ဘာမှမလုပ်ပါဘူး၊ ကိုယ့်ကိုရန်မူလာလို့ ကာကွယ်တဲ့သဘောပါပဲ"

"မင်းတို့က စော်စော်ကားကား ခြံထဲဝင်ပြီး ငါ့ခွေးကိုတိုက်ခိုက်တယ်ပေါ့"

"အန်ကယ့်စကားတွေက မှားနေပြီ၊ ကျွန်တော်တို့က ကျူးကျူးကျော်ကျော်ဝင်ခဲ့ကြတာမဟုတ်ဘူး၊ ဒီအိမ်ကြီး ပိုင်ရှင်ဦးခွန်ပိုင် ဖိတ်ခေါ်လို့ ရောက်ခဲ့ကြတဲ့ဧည့်သည်တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ငါ့ခွေးကို အနာတရဖြစ်အောင်လုပ် တဲ့မင်းတို့ကို ငါက ပြန်ပြီးအနာတရဖြစ်အောင် လုပ်ပေး မှာပေါ့၊ ဖြောင်း…ဖြောင်း…"

ထိုလူကြီး လက်ခုပ်တီးလိုက်သည်နှင့် လက်နက် ကိုယ် ကိုင်စွဲထားသည့် လူ (၃)ယောက်ထွက်လာသည်။

"ကျွန်တော်တို့ဘက်က ရန်မလိုချင်ပါဘူး"

"ဘာလဲ၊ သွေးပျက်သွားတာလား၊ ခွေးနဲ့တောင် ပြိုင်ပြီး မိုက်ရဲတဲ့သတ္တိပဲ ရှိလားကွ"

"ရှောင်လို့မရတော့ဘူးဆိုရင်တော့လည်း ရင်ဆိုင်ရုံပဲ တော့တာပေါ့ဗျာ၊ အိုက်စံ မင်းဝင်ပြီး ပါဖို့မလိုဘူး"

နေမင်းအိမ် ရှမ်းဘောင်းဘီကိုခပ်တင်းတင်းလေး ပြင်ပြီး ဝတ်ကာ သုံးယောက်ရှေ့သို့ထွက်လိုက်သည်။

"ကဲ..ကြိုက်သလို ဝင်နိုင်ပြီ"

"ကျား…ယိ…အူး…"

(၃)ယောက်လုံး တစ်ပြိုင်တည်းဝင်ပြီး တိုက်ခိုက် သောကြောင့် ပွတ်ကာသီကာလေးရှောင်ထွက်ပြီး တစ်ဦး ဟန်ချက်အပျက်ကိုစောင့်ပြီးမှ ပြန်လည်တိုက်ခိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော…ဒါက ဝိုက်လက်သီးလို့ခေါ်တယ်"

"ဖြောင်း…အီး…"

တုတ်တိုကိုင်ထားသော သူ၏မေးရိုးဆီသို့လက်သီး ရောက်သွားပြီးဘေးဘက်သို့ လည်ပြီးဆင်းသွားသည်။

"ဒါက ဖြောင့်လက်သီး"

"ခွပ်…အင့်"

ဝါးဆစ်ပိုင်းသမား၏ နှာနုဆီသို့ တည့်တည့်မတ် မတ် ရောက်သွားသဖြင့် ခေါင်းငုံ့ပြီး ဒူးထောက်ကျသွားသည်။

"ဒါကတော့ ရှမ်းရိုးရာ ဒူးပျံကွ"

"ဒုတ်…အား"

လေထဲတွင် နားထင်ကိုခုန်ပြီး တိုက်ချက်ကတော့ ပြင်း သဖြင့် နောက်ဆုံးတစ်ယောက်ဘေးဘက်သို့ (၃)ပတ် လောက်လိုမ့်ပြီး မှောက်သွားသည်။

"ဒီလောက်တောင်အစွမ်းထက်တဲ့ကောင် ရှောင်ပေတော့ ကွာ"

"အိုက်ကော…ရပ်စမ်း"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကို ကားမောင်းဝင်ပြီး လှမ်းအော်လိုက်သောကြောင့် သေနတ်ကိုင်ထားသော လူကြီးသေနတ်ကို အောက်သို့ပစ်ချ လိုက်သည်။

ကားပေါ်မှလှမ်းပြီးအော်လိုက်သူမှာ ဦးခွန်ပိုင်ဖြစ်ပြီး နေမင်းအိမ်နှားထဲတွင် ကြားလိုက်ရသော အိုက်ကေ့ာအမည် ကြောင့် တုန်လှုပ်သွားသည်။ သူ၏ ဖခင်နှင့်ရတီ၏ဖခင်ကြီး ကိုရက်ရက်စက်စက်သတ်ခဲ့သော သူပုန်ခေါင်းဆောင် အိုက်ကေ့ာ အမည်နှင့်တူနေခြင်းကြောင့်ပင်။

"မင်း ခုထိ ဘာမှအသိဉာဏ်မရှိတဲ့ကောင်၊ မင်း ရွေ ထားတဲ့ခွေးတွေလိုပဲ၊ ကိုက်ဖို့ပဲသိတယ်၊ တောက်…ခုငါ့ရှေ့ က ထွက်သွား၊ မင်းကောင်တွေပါ ခေါ်သွားစမ်း"

ဦးအိုက်ကေ့ာ ဘာစကားမှမဆိုပေမယ့် နေမင်းအိမ်ကို မီးတောက်မီးလျှံအကြည့်တွေနှင့်ကြည့်သွားလေသည်။

နေမင်းအိမ် မျက်လုံးထဲမှာလည်း သူ့ဖခင်ကိုသတ်ဖြတ် ခဲ့သော သူပုန်အိုက်ကေ့ာ အဖြစ်နှင့်စူးစူးဝါးဝါးပင်ပြင်ကြည့် လိုက်မိသည်။

"အန်ကယ်…တောင်းပန်ပါတယ်" ဟုပြောင်နေမင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က အန်ကယ့်ညီဝမ်းကွဲပါ"

"ရပါတယ်၊ ကျွန်တော်တို့ဘက်က ရန်မူတာမဟုတ်ပါဘူး၊ မလွဲသာလို့ ခုလိုတုံ့ပြန်ရတာပါ"

"အန်ကယ်ယုံပါတယ်၊ ဟိုတယ်မှာစည်သည်တွေ ကို ည့်ခံနေရတာနဲ့ နည်းနည်းလေးနောက်ကျသွားတာပါ၊ သွားကြရအောင်၊ သမီးလေးနဲ့ပါ မိတ်ဆက်ပေးရတာပေါ့"

ရပ်ထားသော်ကားလေးဆီသို့လှမ်းခဲ့ကြသည်။

"သမီးလေးက အင်္ဂလန်က ပြန်ရောက်တာမကြာသေးဘူး၊ မြန်မာပြည်ကို အလည်သက်သက်လာတာကွဲ့"

"ဩော်...အန်ကယ်နဲ့အတူတူမနေဘူးပေါ့"

"သူ့အမေရဲ့မိခင်တွေက အင်္ဂလန်မှာ နိုင်ငံသားခံယူပြီးနေကြတာလေ၊ သမီးလေးကို သူတို့ပဲ မွေးစားထားသလိုဖြစ်နေတာ၊ တစ်နှစ်ကို တစ်ခေါက်လောက်တော့ အန်ကယ့်ဆီကိုပြန်လာပြီး ဒီမှာတစ်လလောက်နေပြီးပြန်သွားတာပဲလေ"

"အန်ကယ့်ဇနီးကရော"

"ဆုံးသွားတာ (၅)နှစ်လောက်ရှိပြီကွဲ့"

"ဪော်...အန်ကယ်ဒါ ဆေးကုလို့ပိုတဲ့ငွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နေမင်းအိမ်ရယ်··ပြန်ပေးဖို့မလိုပါဘူး၊ မင်း
ကူညီခဲ့တဲ့ရွှေဆိုင်ရဲ့တန်ဖိုးနဲ့ဆိုရင်ဘာမှ နှိုင်းယှဉ်လို့တော
မရပါဘူး၊ ပြန်ပြီးယူထားပါ၊ လိုအပ်တာသုံးပေါ့"

"ကျေးဇူးတင်ပါတယ်အန်ကယ်၊ ကျွန်တော်တို့ကူညီခဲ့
ပေါ်မှာ ထိုက်တန်တဲ့စေတနာတုံ့ပြန်မှုကိုပဲ ယူပါရစေ၊ ပိုတဲ့
ကိုတော့ ပြန်ပြီးပေးပါရစေ"

"အင်းလေ···မောင်နေမင်းအိမ်ဘက်က ခုလိုရိုးသား
ပြန်ပြီးပေးတော့လည်း လက်ခံရတာပေါ့ကွယ်၊ တစ်ခုတော
အန်ကယ်ပြောချင်တယ်··"

"ဟုတ်ကဲ့ပြောပါအန်ကယ်"

"မောင်နေမင်းအိမ်နဲ့အန်ကယ်ကတွေ့ခဲ့ ဆုံခဲ့ကြတ
ဘာမှမကြာသေးပေမယ့် ကိုယ့်တူကိုယ့်သားတစ်ယောက်
သဘောထားမိပါတယ်၊ ဒါကြောင့် အန်ကယ့်ပေါ်မှာလည်း
တူညီမှုလေးအတိုင်း သဘောထားပေးပါ"

"ထားပေးပါ့မယ် အန်ကယ်"

"အင်း···ဒီစကားကြားရတာ တကယ်ပဲဝမ်းသာလှပါပြ
မောင်ရင့်မှာ မိဘတွေရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ပါဘူး.."

"ဪ...စိတ်မကောင်းစရာပဲကွယ်၊ ဒီနေ့ဒီရက်က စပြီး အန်ကယ့်ဆီကို ဝင်နိုင်ထွက်နိုင်ပါတယ်"

ဦးခွန်ပိုင်ဆီသို့ ဝင်ထွက်ခွင့်ရပေမယ့် ဦးအိုက်ကောဆိုသော လူကြီးနှင့်ထိပ်တိုက်တွေ့ဆုံမှုတွေကိုပါ မလွှဲမရှောင်သာ ရင်ဆိုင်ဖို့တော့ ရှိနေလေသည်။

"ခုလုပ်ကိုင်နေတဲ့ စီးပွားရေးရော အဆင်ပြေကြရဲ့လား"

"တောသူတောင်သားဘဝအတွက်တော့ အဆင်ပြေပါတယ် အန်ကယ်"

"မြို့မှာနေချင်တဲ့ဆန္ဒရှိခဲ့ရင်ပြောကွယ်၊ စီးပွားရေးက အစ အန်ကယ်ကူညီပေးမယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

ကေရီနန်းဟိုတယ်ကြီးထဲသို့ ကားလေးမောင်းပြီး ဝင်
လိုက်သည်နှင့် ဟိုတယ်ကြီး၏ ခမ်းနားထည်ဝါလှသောပြင်
ဆင်မှုတွေကို မြင်တွေ့နေရသည်။ ဒီမြို့တွင် ပြိုင်ဘက်
ကင်းသော ဟိုတယ်ကြီးတစ်ခုပင်ဖြစ်သည်။

ဟိုတယ်ရှေ့တွင် ရောင်စုံကားများစွာရပ်ထားသည့်ထဲတွင်
ဦးခွန်ပိုင်ရပ်ရမည့်နေရာကတော့ သီးခြားလုပ်ထား၏။

"မောင်နေမင်းအိမ်တို့ ဆင်းကြရအောင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ခန်းမကြီးထဲတွင် မွေးနေ့ညစာပွဲကို ရောင်စုံ ဖန်းအလှတွေ ခေတ်မီဒီဇိုင်းတွေနှင့်ပြင်ထားလျက် မွေးနေ့ပွဲ ကို တက်ရောက်ကြတဲ့သူတွေထဲတွင် နေမင်းအိမ်တို့နှစ် ယောက်မှာ စားပွဲထိုးနေသော ဟိုတယ်ဝန်ထမ်းတွေလောက် အရောင်မထွက်၊ ဒါပေမယ့် ဦးခွန်ပိုင်ကတော့ သူတို့(၂)ယောက် ကို အရေးပါသောနေရာတွင်ထားပြီး ဆက်ဆံတာကြောင့် ဦးခွန်ပိုင်၏စေတနာနှင့်သံယောဇဉ်ပိုင်းကိုလေးစားမိလိုက် သည်။

"ထိုင်ကြကွာ၊ အန်ကယ်သမီးကိုသွားပြီးခေါ်လိုက်ဦး မယ်"

ညစာပွဲ၏ထောင့်စွန်းကျသောစားပွဲလေးတွင် နှစ်ဦးသား ထိုင်ရင်း စားပွဲမှ စားစရာများကို အိုက်စံက ဟန်မဆောင်တော့ ဘဲ စားလေသည်။

"အိမ်‥စားလေကွာ၊ ဒါမျိုးပွဲဆိုတာ (၁၀)နှစ်မှ တစ်ခါ တောင်ကြုံရတာမဟုတ်ဘူးကွ"

"ငတ်တာတော့ ငတ်ပေါ့ကွာ၊ အားပတ်ဝန်းကျင်ကို ကြည့်ပြီးငတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တောသားက တောသားသဘာဝအတိုင်းပဲ စားစရာရှိတာကို စားရမှာပဲ၊ စားပြီကွာ. "

အိုက်စံပြောလည်းပြော၊ စားလည်းစားတော့သည်။ နေမင်းအိမ်ကတော့ သူ့ခေါင်းထဲတွင် အိုက်ကောဆိုသော လူဝင်ရောက်နေတာမို့ စားချင်၊ သောက်ချင်စိတ်သိပ်ပြီးမရှိလှပေ။

"ဟင်..."

မွှေးကြိုင်သင်းကြူနေသော ရေမွှေးနံ့ကြောင့် ခေါင်းကိုမော့ပြီးကြည့်လိုက်တော့ သူတို့စားပွဲဆီကို ဦးခွန်ပိုင်နှင့် မိန်းကလေးတစ်ဦး အနားသို့ရောက်နေလေသည်။

"သမီး..ဒါ...ဒယ်ဒီပြောတဲ့မောင်နေမင်းအိမ်၊ ဒီဘက်က အိုက်စံလို့ခေါ်တယ်"

မိန်းကလေးက သူတို့(၂)ယောက်ကို သေချာစွာစိုက်ကြည့်ပြီး အနိမ့်စားလူတွေဟု အကြည့်က ထင်ဟပ်နေပေမယ့် ဖခင်ဖြစ်သူကြောင့်

"ဟုတ်ကဲ့...ကျွန်မ နန်းသီရိလှိုင်ပါ"

တစ်ယောက်နှင့်တစ်ယောက် အသိအမှတ်ပြုဟန်ဆောင် အပြုံးကလေးလောက်သာပြုံးပြလိုက်ပြီး အနေသာရတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပေ။

"ဒယ်ဒီ ဘာကိစ္စရှိသေးလဲ၊ မိတ်ဆက်ပေးရုံသက်သက် ဘုတ်လား၊ သမီး..သူငယ်ချင်းတွေလာနေလို့ သွားပြီး စကား ပြောဦးမယ်"

"အေး...အေး..သွားလို့ရပါပြီကွယ်"

ဦးခွန်ပိုင်မှ ခွင့်ပြုလိုက်သည်နှင့် နှုတ်ဆက်ခြင်းတောင် မရှိဘဲ ကျောခိုင်းထွက်သွားသည်။

"သမီးရဲ့ လူမှုဆက်ဆံရေး ညံ့ဖျင်းမှုကို ခွင့်လွှတ်ပါ ခင်နေမင်းအိမ်.."

"ရပါတယ်အန်ကယ်ရယ်၊ သူက သူငယ်ချင်းတွေနဲ့ တစ်နှစ်မှ တစ်ခါတွေ့ရတာဆိုတော့ ဒီလောက်တော့ရှိမှာပဲ၊ ကျွန်တော်တို့က နားလည်ပေးရမှာပေါ့"

"ဒီစိတ်ဓာတ်ကို အန်ကယ်မကြိုက်ဆုံးဘဲကွာ၊ လူလူ ချင်းခွဲခြားဆက်ဆံရေးဟာ ယနေ့ခေတ်ကာလကြီးမှာ ဘာမှ သုံးမဝင်တော့ဘူး၊ သမီးကို ဒီအကျင့်ဆိုးတွေကို ပြင်နိုင်း မယ်"

"အန်ကယ်..ကြီးမှ လက်ပေးသင်နိုင်းသလိုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"အိုက်စ်..အန်ကယ်..ကန်တော့နော်၊ ဒီကောင်နဲ့ကျွ
စကားပြောရင် မဆင်မခြင်နဲ့"

"ပြောပါစေ...မောင်နေမင်းအိမ်..အန်ကယ်စိတ်မဆိုး
ပါဘူး၊ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ပြောစရာရှိတာ
ခုလိုပဲ ပွင့်ပွင့်လင်းလင်းပြောကြတာကောင်းပါတယ်၊ အန်ကယ်
မောင်နေမင်းအိမ်တို့နှစ်ယောက်ကို သမီးမွေးနေ့ဖိတ်ရတဲ့
အကြောင်း (၂)ခုရှိတယ်၊ ပွင့်ပွင့်လင်းလင်းပြောမယ်ကွာ"

"ဟုတ်ကဲ့ ပြောပါအန်ကယ်"

"ပထမဆုံးအကြောင်းက သမီးလေးအတွက်ပါ၊ ဒီမြို့မှာ
အန်ကယ်နဲ့ပြိုင်ဘက် စီးပွားရေးသမားတွေရှိကြတယ်လေ၊ ပြိုင်
ဘက်ဆိုပေမယ့်ကွာ၊ အန်ကယ့်ကို သူတို့တစ်ခါမှ အသာ
ရခဲ့ကြတာမရှိပါဘူး၊ ဒါကြောင့် အန်ကယ့်သမီးလေးကို
အန္တရာယ်ပြုတာမျိုးတွေ၊ ဓားစာခံလုပ်တာမျိုးတွေကို လုပ်မယ်
ဆိုတဲ့သတင်းတွေကို ကြားထားလို့ မောင်နေမင်းအိမ်ဆီက အ
အညီလေးတောင်းချင်တယ်၊ ပေးနိုင်မလား"

နေမင်းအိမ်အတွက် မငြင်းသင့်သော အကူအညီတောင်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဖြစ်သဖြင့် လက်ခံပေးလိုက်သည်

"ကျေးဇူးတင်ပါတယ်ကွာ၊ နောက်တစ်ခုကတော့ အန်ကယ့်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ကျောက်အရောင်း အဝယ်ကိစ္စအတွက်ပါ၊ အန်ကယ်တို့ ကျောက်စိမ်းတွေကို ယိစပ်ထိ သွားပြီးရောင်းတာတွေ၊ ဝယ်တာတွေရှိတယ်လေ၊ မောင့်ခိုလိုင်းတစ်ခုဆိုရပေမယ့် ရှင်းလို့ရပါတယ်၊ ရှင်းလို့မရ ဘာက တစ်ဖက်က မှောင်ခိုအုပ်စုတွေပဲ မောင်နေခင်းအိမ်၊ အန်ကယ်ပြောတဲ့သဘောကို နားလည်မှာပါ"

"ဟုတ်ကဲ့...ကျွန်တော်သဘောပေါက်ပါတယ်၊ အန်ကယ် နဲ့အတူလိုက်ပေးဖို့ကို ဆိုလိုတာမဟုတ်လား"

"ဟုတ်ပါတယ် မောင်နေမင်းအိမ်ကို သွားခိုင်းတာမျိုး မဟုတ်ပါဘူး၊ အန်ကယ်ကိုယ်တိုင်သွားလာမှာပါ"

"ကျွန်တော် တစ်ခုလောက်မေးချင်တယ်"

"မေးပါ...မောင်နေမင်းအိမ်"

"အရင်က အန်ကယ့်အတွက် လိုက်ပေးတဲ့သူတွေ မရှိ ဘူးလား"

"ရှိခဲ့တယ်၊ ကြေးစားကောင်တွေပေါ့ကွာ၊ သစ္စာမရှိကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါကြောင့်ဘယ်သူ့ကိုမှ စိတ်မချရဲဖြစ်နေခဲ့တာ၊ အန်ကယ် မောင်နေမင်းအိမ်ကို ငွေကြေးနဲ့တန်ဖိုးဖြတ်တာ မဟုတ်ပါဘူး၊ အန်ကယ့်ကိုကူညီခဲ့တဲ့ပေါ်မှာ ထိုက်သင့်တာကို ပေးပါရစေကွယ်"

"ဒီအတွက် ကျွန်တော် ဘယ်လိုမှသဘောမထားပါဘူး၊ ဒါပေမယ့် ရေရှည်ကြီးတော့ ကျွန်တော်ကူညီနိုင်မှာမဟုတ်ဘူးအန်ကယ်"

"မောင်နေမင်းအိမ်··အန်ကယ့်ကို အများဆုံးကူညီရရင် တစ်လ၊ နှစ်လလောက်ပါပဲ"

"တစ်လ၊ နှစ်လလောက်ဆိုရင်တော့ ကျွန်တော်ကူညီပေးနိုင်ပါတယ်"

"ဒါဆိုရင်တော့ အဆင်ပြေသွားပြီလို့ ..တ်မှတ်လိုက်မယ်၊ ဘယ်နေ့ပြန်လာမှာလဲ"

"ရွာကိုပြန်ပြီး (၂)ရက်လောက်နေပြီးရင် ပြန်လာခဲ့ပါမယ် အန်ကယ်"

"အန်ကယ်စောင့်နေမယ်၊ ဒီကနေပြန်ဖို့အတွက်အန်ကယ် အားလုံးစီစဉ်ထားတယ်၊ ရွာထိကို လိုက်ပြီးပို့ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ...အပြင်ကနေစောင့်ကြဦး"

ဟိုတယ်ထဲမှထွက်လာကြရင်း..

"အိမ်...ခုမင်းလက်ခံတဲ့ကိစ္စတွေက အန္တရာယ်ကြီးတယ်နော်"

"ငါသဘောပေါက်ပါတယ်အိုက်စံ၊ ရတို့အသက်ကိုယ်ထားတဲ့ကျေးဇူးအတွက်ရယ်၊ ပြီးတော့ ငါ့စိတ်ထဲမှာ ဟိုအိုက်ကောဆိုတဲ့လူကို စုံစမ်းချင်လို့ကွ"

"မင်းဘာကြောင့်စုံစမ်းချင်တာလဲ"

"ငါ့ဖခင်နဲ့ ရတို့ဖခင်ကိုသတ်သွားတဲ့သူပုန်ခေါင်းဆောင်အိုက်ကော ဟုတ်မဟုတ် သိချင်လို့ လက်ခံလိုက်တာလည်းပါတယ်"

"မင်းကအိုက်ကောကို မမြင်ဘူးဘဲ ဘယ်လိုစုံစမ်းမလဲကွ"

"ရွာရောက်ရင် အိုက်ကောနဲ့ပတ်သက်တဲ့အချက်အလက်တွေကို စုံစမ်းရမှာပေါ့၊ အရေးကြီးတာတစ်ခုတော့ မင်းကို မှာထားမယ်၊ ငါ မရှိချိန်မှာရတို့ကို ဂရုတစိုက်နဲ့စောင့်ရှောက်ပါ"

"ဒီအတွက် စိတ်ချစမ်းပါကွာ၊ 'အိမ်'မင်းမင်္ဂလာရှင်က



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်နော်၊ မမေ့နဲ့ဦး”

“မမေ့ပါဘူး၊ ရက်ကပ်တာနဲ့ ငါပြန်လာမှာပါ”

“ဟိုမှာ ဦးခွန်ပိုင်လာနေပြီ”

နေမင်းအိမ်တို့(၂)ဦးအတွက် ကားစီစဉ်ပေးပြီးနောက်

“အန်ကယ်ဆက်ဆက်စောင့်နေမယ်နော်”

“ဆက်ဆက်ပြန်လာခဲ့ပါ့မယ်အန်ကယ်”

နေမင်းအိမ်အတွက် လမ်းသစ်တစ်ခုကိုစတင်ပြီး လျှောက်ရတော့မည်ဖြစ်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဆရာကြီးက မောင်ရင် ဒီနေ့ရောက်လာမယ်ဆိုတာကို မှာထားပါတယ်၊ သူကအရေးကြီးတဲ့ကိစ္စတစ်ခုနဲ့အပြင်ကိုခဏသွားတယ်၊ ချက်ချင်းပြန်လာလိမ့်မယ်"

"ဟိုတစ်ခါလိုပဲ စောင့်ရဦးမှာလား"

"ဒီတစ်ခါတော့ စိတ်ချပြီးသာစောင့်ပါ၊ အိုက်ကောခွေးနက်ကြီး မောင်ရင့်ကိုရန်မူဖို့မပြောနဲ့ လှည့်ပြီးတောင် ကြည့်မှာမဟုတ်ဘူး"

"ခွေးထက်မိုက်တဲ့ကောင်တွေရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလကားကောင်တွေပါကွယ်၊ အိုက်ကော လ
ဘေးကနေ ခေါ်ထားပြီးကျွေးမွေးထားလို့ လူရုပ်ပေါက်နေ
ဘာသတ္တိမှရှိကြတာမဟုတ်ဘူး၊ ခွေးတွေလိုပဲ ကိုက်ဆို ကို
လိုက်တာ၊ မောင်ရင် ခြေစလက်စကို ကောင်းကောင်းသို့
ပါပြီ"

"ဦးလေး အမည်က ဘယ်လိုခေါ်လဲ"

"ဦးဇော်ရှန်"

"ဒီမှာနေတာ ကြာပြီလား"

"(၁၀)နှစ်နီးပါးလောက်တော့ရှိပြီ၊ နန်းသီရိလှိုင် (
နှစ်သမီးလောက်ကတည်းက ရောက်နေခဲ့တာဆိုပါတော့

"အိုက်ကောဆိုတဲ့လူ ဒီမှာနေတာရော ကြာပြီပေါ့

"မကြာသေးဘူး၊ လွန်ခဲ့တဲ့(၃)နှစ်လောက်ကမှ ရော
လာတာ၊ တရုတ်ပြည်ဘက်ကပြန်ပြီးဝင်လာတာ
ကြားတာပဲ၊ သိပ်ပြီးတော့ တိတိကျကျတော့မသိ
သူနဲ့ဆရာကြီးပြော နေတဲ့စကားထဲမှာ ကြားမိတာတစ်
ရှိတယ်ကွဲ၊ ဘာတဲ့ တစ်ချိန်က ရှမ်းသူပုန်ခေါင်းဆောင်လုပ်
တယ်ဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

နေမင်းအိမ်အတွက် နိုးစပ်မှုတစ်ခုကိုတော့ ရလိုက်သည်။

"တီ...တီ..."

ခြံ၀ဆီမှ ကားဟွန်းသံကြောင့် ဦးဇော်ရှန်... နေမင်းအိမ်နှင့် စကားပြောနေရာမှ ထသွားပြီး တံခါးသွားဖွင့်ပေးသဖြင့် နေမင်းအိမ်...အိမ်ကြီးဘက်သို့ဆက်ပြီးလျှောက်လာခဲ့သည်။

"ဝူး...ကျွိ..."

"ဟင်..."

ခြံထဲသို့မောင်းဝင်လာသောကားမှာ နောက်ကနေကပ်ပြီးဝင်တိုက်သဖြင့် ဘေးသို့ခုန်ပြီးထွက်လိုက်သည်။ ကားမောင်းသူက နန်းသီရိလှိုင်၊ ဘေးတွင် ဦးအိုက်ကော၊ ကားနောက်ခန်းမှာတော့ ကြေးစားလူမိုက်လိုလို (၃)ယောက်၊ ကားပါထိုးရပ်ပြီး လူမိုက်ရပ်ပေါက်နေသည့် လူ(၃)ယောက် တုတ်၊ ဓားကိုယ်စီနှင့်ဆင်းလာသည်။

"ဒါဘာသဘောလဲ၊ မင်းတို့ခြံထဲမှာ အကြမ်းဖက်အဖွဲ့တွေများဖွဲ့ထားသလား၊ အကြောင်းမဲ့ကြီးရန်လိုနေကြတဲ့ကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာယ်လောက်အစွမ်းအစရှိသလဲဆိုတာကို သိချင်လို့ပါ"

"ငါက မင်းသဘောကျအောင် ဟန်ရေးပြတတ်တဲ့ကောင်တော့မဟုတ်ဘူး၊ မင်းအဖေက အကူအညီတောင်းလို့ကူညီပေးတာ"

"ရှင့်ကိုကြည့်ရတာကြောက်တတ်သလိုပဲနော်"

"ကြောက်တတ်တာမဟုတ်ဘူး၊ အကြောင်းမဲ့ကြီး မတိုက်နိုက်ချင်တာ၊ တစ်ခုတော့ သတိပေးထားမယ်၊ ကျုပ်ကို ထိပါးဖို့ကြိုးစားလာရင်တော့ ပုံစံတစ်မျိုးပြောင်းသွားတတ်တယ်"

"လေးလေးအိုက်··လူတွေကို ပညာပေးနိုင်းလိုက်လေ"

"ငတက်၊ ငမိုး၊ ကျားဆိုး"

ဦးအိုက်ကော နာမည်တွေကိုခေါ်လိုက်သည်နှင့် သုံးနေရာခွဲပြီး ဝင်တိုက်နိုက်ကြသည်။ နေမင်းအိမ်အတွက် သာမန်တိုက်နိုက်မှုအဆင့်လောက်သာရှိသဖြင့် နောက်ကို တစ်လှမ်းချင်း ဆုတ်ပြီး အားနည်းတဲ့လူကို အရင်ဆုံးရှင်းလိုက်သည်။

"ရှမ်းရိုးရာလက်သိုင်းလို့ခေါ်တယ်"

"ဖြောင်း···အား···ကျိုးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



တုတ်သမား၏လက်ကို ဆုပ်ကိုင်ချိုးပစ်လိုက်သည်။

"ကဲကွာ..သေစမ်း"

"ရှီ..."

"ဒီဓားထိုးချက်က စာခြောက်ရုပ်ပဲရမှာကွ၊ ဒါ အကြော တွေပြေသွားအောင် နှိပ်ပေးလိုက်တယ်လို့သဘောထား"

"အီး...အင့်..."

ဓားမြှောင်သမားမြေပြင်တွင် လူးလှိမ့်သွားပြီး နောက်ဆုံး ကျန်တဲ့ကောင်မှာ သံတုတ်ကြီးကိုကိုင်လျက်ရှေ့သို့ မတိုးရဲ...

"ကျားဆိုး..."

သခင်ဖြစ်သူမှ နောက်ကနေ ရှူးတိုက်သံပေးလိုက်သည် နှင့် သံတုတ်နှင့်စုံကိုင်ပြီးဝင်ရိုက်သည်။

"ဟော့...ဖြောင်း...အင့်..."

နေမင်းအိမ်ကို အပြတ်ရှင်းသည့်သဘောဝင်ပြီးတိုက်ခိုက် သဖြင့် ညှာစရာမရှိဘဲ မျက်နှာကိုလေထဲမှာ ခုန်ကန်ပစ်လိုက် သဖြင့် နောက်သို့လွင့်စဉ်ပြီး မှောက်သွားသည်။

"ဗိုး....ဖတ်"

"မောင်နေမင်းအိမ် မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို အလစ်ပစ်လိုက်သောဓားမြှောင်ကို ဖမ်းပြီး ပြန်ပစ်ဖို့ပြင်ချိန်တွင် ဦးခွန်ပိုင် အသံကြောင့်လက်အရှိန်က တန့်လိုက်ရသည်။ နို့မို့ဆိုရင် ဦးအိုက်ကောဆီသို့ ထိုဓားမြှောင် သေချာပေါက်ရောက်သွားမှာဖြစ်သည်။

"မြှောင်း..."

"ဒယ်ဒီ...လေးလေးအိုက်ကို သမီးနိုင်းတာပါ"

ဦးခွန်ပိုက်...ဦးအိုက်ကောမျက်နှာကို လက်ပြန်ရိုက် လိုက်သည်ကို နန်းသီရိလှိုင် ရှေ့မှဝင်ပြီးတားလိုက်သည်။

"သီရိ...ငါအဖေလုပ်သူက ရွေးထားတာကို ဖျက်ဆီး လား"

"ဒီသဘောမျိုးမဟုတ်ပါဘူး၊ သမီးအတွက် ကာကွ ပေးမယ့်လူဟာ ဘယ်လောက်အရည်အချင်းရှိသလဲဆိုတာ သိချင်လို့ပါ"

"ငါက နင့်အဖေ၊ နင့်ထက်အများကြီးမြင်တတ်တ ရွေးချယ်တတ်တယ်၊ ခုကြည့်စမ်း၊ နင်တို့စမ်းသပ်တာမှ မ တာ၊ လူတစ်ယောက်ကို အပြတ်ရှင်းတဲ့လုပ်ရပ်ကျ မင်းဘယ်လိုသဘောနဲ့လုပ်တယ်ဆိုတာ ငါသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ…မဟုတ်ရပါဘူး..အစ်ကိုကြီး"

"မင်းပါးစပ်က ဘာမှဆက်ပြီးမထွက်နဲ့တော့၊ ဒီအိမ်ကြီးမှာ မင်းဆက်ပြီးနေဖို့ စဉ်းစားထားရင် နေမင်းအိမ်ကို ရန်မူ ဖို့မပြောနဲ့ စကားနဲ့တောင် မင်းမပြောမိစေနဲ့၊ ငါနောက်ဆုံး စကားပြောတာနော်၊ နောက်တော့မှ ငါရက်စက်တယ်လို့ မင်း မပြောနဲ့၊ သွားတော့၊ မင်းကောင်တွေကိုပါ ခေါ်သွားတော့"

ဦးအိုက်ကော်တို့ ထွက်သွားပြီးနောက်

"သီရိ…သမီး…"

"ပြောပါဒယ်ဒီ"

"မောင်နေမင်းအိမ်ဟာ သမီးနိုင်းဖို့ရောက်လာတဲ့လူ မဟုတ်ဘူး၊ ဒီနေ့ကစပြီး အပြင်သွားစရာ လာစရာရှိရင် သူ့ စကားကို ပဲနားထောင်ရမယ်၊ ဒါပဲ… မောင်နေမင်းအိမ်.. အိမ်ထဲကိုသွားရအောင်"

"ဟုတ်ကဲ့ အန်ကယ်"

နန်းသီရိလှိုင်တစ်ယောက် နှုတ်ခမ်းကလေးစူပြီး မကျေမနပ်နှင့်နောက်တွင်ကျန်ရစ်ခဲ့တော့သည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နန်းသီရိလှိုင်နှင့်ပထမဦးဆုံးခရီးသွားရမည့်နေ့ . . . .

သူမ နေအိမ်တွင် နေမင်းအိမ်ရောက်နေခဲ့သည်မှာ (၇)ရက်တိုင်တိုင်ရှိခဲ့ပေမယ့် တစ်ဦးနှင့်တစ်ဦး စကားပြော ဖို့မဆိုထားနှင့် နှုတ်ဆက်ခြင်းတောင်မရှိခဲ့ကြပေ။

ဦးခွန်ပိုင်တစ်ယောက်ကတော့ မနက်မိုးလင်းသည်နှင့် တော်ဖီဝိုင်းတွင် အတူတူသောက်ပြီး သူ့လုပ်ငန်းကိစ္စတွေ အတွက် ထွက်သွားတော့သည်။

အိမ်ကြီးတွင် နေမင်းအိမ်၊ နန်းသီရိလှိုင် ဦးအိုက်ကော



www.burmeseclassic.com

www.burmeseclassic.com



နှင့်သူ့တပည့်တွေသာ ကျန်ခဲ့ကြသည်။ ဦးအိုက်ကော အရင်စ တွေ့စဉ်ကလိုတော့ နေမင်းအိမ်ကို မဆက်ဆံရဲ။ သူ့တပည့် တွေနဲ့ ခြံကြီးနောက်ဘက်မြင်းဇောင်းတွင် အလုပ်များနေသလို နန်းသီရိလှိုင်တော့ ရေကူးလိုက်၊ ဒီဗီဒီဖွင့်ကြည့်လိုက်၊ ကာရာ အိုကေဆိုလိုက်နှင့်အချိန်ကုန်နေ၏။

နေမင်းအိမ်ကတော့ ဦးဇော်ရှိန်နှင့် စကားပြော၊ ကျားထိုး၊ ခြံထဲ လုပ်စရာတွေကို ဝိုင်းပြီးလုပ်ပေးရင်း တစ်နေ့ တာကို ကုန်ဆုံးစေခဲ့သည်။

ညနေခင်းဘက်ကိုရောက်ပြီဆိုရင်တော့ ရတီမျက်နှာ လေးကို သတိတရနှင့်လွမ်းနေမိသည်။

ရတီလည်း သူ့လိုပင် လွမ်းနေမှာသေချာသည်။ တစ်ဦး နှင့်တစ်ဦး ရက်ရှည်ခွဲခွာခြင်းသည် ဒါပထမဦးဆုံး မဟုတ် သား။

"ရှင်..အဝတ်အစားမလဲဘူးလား"

နန်းသီရိလှိုင်စကားကြောင့် သူ့ကိုယ်မှာဝတ်ထားသော အဝတ်အစားတွေကို ပြန်ပြီးငုံ့ကြည့်ပြီး

"ကျုပ်ဆီမှာ ဒီထက်ပိုပြီးကောင်းတာမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဘောင်းဘီနှင့် အပေါ်တီရှပ်အနက်ကလေးဝတ်ဆင်ပြီးခေါင်းပေါင်းပေါင်းထားသည့်သူ့ကို နန်းသီရိလှိုင်မျက်နှာလေးမဲ့ပြီး

"သွားရမယ့်နေရာက လူကုံထံတွေကြားထဲသွားရမှာ"

"သွားရမယ့်သူက မင်းလေ၊ ကျုပ်မဟုတ်ဘူး၊ ကျုပ်က ဘေးကလိုက်ပေးရုံသက်သက်ပဲ"

"စတိုးဆိုင်မှာ ရှင်အဝတ်အစားဝတ်ပြီး ဝယ်လဲပါ၊ ကျွန်မ ပိုက်ဆံပေးမယ်"

"စိတ်မကောင်းပါဘူး နန်းသီရိလှိုင်၊ ကျုပ်က မင်းတို့လို ခေတ်ဆန်တာတွေ ကို မဝတ်တတ်ဘူး၊ မင်းအတွက် သိက္ခာကျမယ်လို့ယူဆရင် မင်းဒယ်ဒီကိုအကြောင်းကြားလိုက်၊ ကျုပ်မလိုက်ဘူး"

"ရှင် လူကပ်ပဲ"

နန်းသီရိလှိုင် ဖခင်ဖြစ်သူကိုဖုန်းဆက်ပြီးပြောလည်း သူ့ဘက်ကို မပါနိုင်ဘူးဆိုတာကို သဘောပေါက်သောကြောင့်

"သွားမယ်..ဟင်း.."

ပန်းနုရောင်နှုတ်ခမ်းပါးလေးကို တစ်ဖက်သို့ရွဲ့ပြီး အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

"မမလေး…ကျွန်တော်တို့ပါလိုက်ရမှာလား"

"ဟို…အဲ…လိုက်ခဲ့လေ"

အိမ်အပေါက်တွင် အိုက်ကောတပည့်(၃)ယောက်က စောင့်ပြီးပြောလိုက်သည်ကို နန်းသီရိလှိုင် ခွင့်ပြုပေမယ့်

"ငါနဲ့သွားမယ့်ခရီးမှာ လူအပိုဘယ်သူ့ကိုမှမခေါ်ဘူး"

"ရှင်…"

"မင်းဒယ်ဒီနဲ့ကျုပ်သဘောတူထားတဲ့ကိစ္စ၊ မင်းသူတို့နဲ့ သွားချင်ရင် ကျုပ်မလိုက်ဘူး"

"မင်းသိပ်ပြီးအခွင့်အရေးယူလွန်းပြီထင်တယ်"

"ဦးအိုက်ကောက ဘာကိုအခွင့်အရေးယူတယ်လို့ပြောတာလဲ၊ ဒါကျုပ်ဘက်က လုပ်ရမယ့်အလုပ်သဘောပါ"

ဦးအိုက်ကော…နေမင်းအိမ်ရှေ့တွင်ရပ်ပြီးဝင်ပြောခြင်းဖြစ်၏။

"ငါ့တူမ သီရိရဲ့လုံခြုံရေးအတွက် လိုအပ်လို့ငါက ထည့်ပေးတာပဲကွ"

"လုံခြုံရေးအတွက်ဆို လက်ခံပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နန်းသီရိလှိုင်နဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုကလွဲပြီး ဘယ်သူ့ကိုမှ ယုံကြည်မှုမရှိဘူး"

"ဘာ..မင်းစကားက ငါ့ကိုစော်ကားတာလား"

"ဘယ်သူ့ကိုမှ စော်ကားတာမဟုတ်ဘူး၊ ကိုယ်ယူထားရတဲ့တာဝန်နဲ့ပတ်သက်ပြီး ပြောလိုက်တာပါ၊ ကဲ...နန်းသီရိလှိုင်၊ မင်းသွားမှာလား မသွားဘူးလား"

"သွား..သွားမယ်..လေးလေးအိုက်ကောတို့နေခဲ့ကြ ပါ၊ ဒယ်ဒီက သူ့လူနဲ့ပတ်သက်ရင်မရဘူး"

နေမင်းအိမ် ရပ်ထားသည့်ကားဆီသို့သွားပြီး ကားတံခါးကိုဖွင့်ပေးလိုက်သည်။

"ကျွန်မ မောင်းမယ်"

"မင်းမောင်းခွင့်မရှိဘူး နန်းသီရိလှိုင်"

"ရှင်က တောမှာနေတဲ့သူ၊ ကားကိုကျွမ်းကျင်အောင် မောင်းတတ်မှာမဟုတ်ဘူး"

"ကားမောင်းတာက နွားလှည်းမောင်းသလောက် မခက်ပါဘူး၊ ကားပေါ်သာ စိတ်ချစွာတက်လိုက်ပါ"

"ဂျိုး..."



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ် ကားတံခါးကိုဆွဲပိတ်ပြီးမောင်းထွက်ခဲ့တော့သည်။

"သွားရမယ့်နေရာကိုမင်းလမ်းပြ"

"ရှင် မောင်းတာ ဟုတ်ရောဟုတ်ရဲ့လား"

"ဘာမှ မစိုးရိမ်ပါနဲ့၊ မသကာချောက်ထဲကိုထိုးကျသွားကလွဲပြီး ဘာမှမဖြစ်ဘူး"

"ရှင် စကားကောင်းကောင်းပြောပါ"

"မင်းပါးစပ်ကို ခဏလေးသည်းခံပြီးပိတ်ထားလိုက်၊ နောက်မှာ ဆိုင်ကယ်(၃)စီးလိုက်လာတယ်"

"ဟယ်..."

နေမင်းအိမ် ကားစက်ရှိန်ကို ထပ်မြှင့်လိုက်ပြီး တောင်ကွလမ်းတွေကို ခပ်ကြမ်းကြမ်းမောင်းခဲ့တော့သည်။

"ရှင်..ကားစက်လျှော့ဦး"

နန်းသီရိလှိုင်ဘေးမှ ချောက်တွေကိုလှမ်းကြည့်ပြီး သွေးလန့်လုမတတ်ဖြစ်နေတော့သည်။

"ခါးပတ်ကိုပတ်ထား၊ ဒီနေရာမှာ ဒီကောင်တွေကို ဆီးပေးလိုက်တာနဲ့ အန္တရာယ်များတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် လှမ်းပြီးတွေ့လိုက်ရသော လမ်းသွယ်လေး (၂)ခု၊ တစ်လမ်းက ကားတစ်စီးလွတ်လွတ်လပ်လပ် မောင်း သွားလို့ရနိုင်သလို နောက်တစ်လမ်းကတော့ ကားတစ်စီး ဖွ ကာသီကာ မောင်းရမယ့်လမ်းဖြစ်သည်။ ကားဘီးတစ်ချ ချော်သွားသည်နှင့်ဘေးမှ ချောက်ထဲသို့ထိုးဆင်းပြီး အသ ရှင်ဖို့ရာမရှိ။

နေမင်းအိမ် ကားဂီယာကိုချိန်းပြီး

"မင်း မျက်လုံးမှိတ်ထား"

"ရှင်..."

"ဝူး..."

ကားလီဗာကိုခပ်ဖွဖွ ဆပြီးသည်နှင့် နင်းချလိုက်သည် နောက်မှဆိုင်ကယ်(၃)စီးကလည်း အရှိန်နှင့် နေမင်းအိမ် ရွေး ချယ်ထားတဲ့ လမ်းကျဉ်းဘက်ကိုလိုက်လာကြသည်။

"ဝူး...ကျွိ...ကျွိ...ဝုန်း...ဒုန်း.."

ကားဘာရီတ်သံနှင့်အတူ ဆိုင်ကယ်ဘာရီတ်သံတွေ ပေါ်ထွက်လာကာ အရှိန်မထိန်းနိုင်သော ဆိုင်ကယ်(၂)စီး ချောက်ဘက်ဆီသို့ထိုးကျသွားတော့သည်။ ကျန်တစ်စီး မှာ



www.burmeseclassic.com

www.burmeseclassic.com



ည်း ဟန်ချက်ပျက်ပြီး မှောက်သွားတော့သည်။

"ဘာမှ တောင်မလှုပ်ရှားလိုက်ရဘူး၊ သူတို့စရိတ်နဲ့ တို့ပြီးသွားကြပြီ"

"ဒေါက် . . . ဝူး . . ."

ကားစက်ကိုပြန်နှိုးပြီး မောင်းထွက်ခဲ့တော့၏။

"မင်းမျက်လုံးဖွင့်မယ်ဆိုရင် ဖွင့်လို့ရပါပြီ"

"ရှင် အန္တရာယ်ကြီးတဲ့စွန့်စားမှုကိုလုပ်တာပဲ၊ ရှင် လွဲ ချော်တာနဲ့ ကျွန်မက သက်သက်သေရမှာရှင့်"

"ဒီလူတွေက ငါ့ကိုလိုက်ပြီးအန္တရာယ်ပြုနေတာ မဟုတ် ဘူး၊ မင်းရဲ့အချစ်တော်တွေလေ"

"ရှင် . . စကားကိုကြည့်ပြောနော်"

"ငါ့စကားကဘာမှားတာပါလို့လဲ၊ မင်းကိုအသည်း အသန်ခေါ်ဖို့ကြိုးစားနေကြတာလေ"

"တော် . . . တော်ပြီ . . . ဆက်မပြောနဲ့တော့"

ကြောက်စိတ်ကလေးများကြောင့် သူမမျက်နှာလေးတွင် ချွေးကလေးများပင် ထွက်နေသည်။ အနောက်နိုင်ငံမှ အနေများခဲ့သော သူမရုပ်အသွင်လေးမှာ ရောင်စဉ်သွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



မခြယ်မှုန်းဘဲနေရင်တောင် အလှသရဖူပိုင်ရှင်လေးတစ်ဦးပင် ဆိုရမည်။

ပုရိသယောက်ျားသားတွေကို တုန်ခါစေသော အလှ ပိုင်ရှင်လေးတစ်ဦး၊ ဒါပေမယ့် နေမင်းအိမ်ကိုတော့ ဆုပ်ကိုင် နိုင်ဖွယ်မရှိပေ။ နေမင်းအိမ်နှလုံးသားထက်တွင် နန်းရတီပိုင် ကလွဲပြီး တခြားဘယ်သူမှမရှိ။

"ဟိုရှေ့က ကျောက်လမ်းဘက်ကိုကွေ့ပြီးဝင်ရင် ရောက် ပါပြီ"

သူမပြောတဲ့အတိုင်းကျောက်လမ်းအတိုင်း မောင်းဝင် လာပြီး သိပ်မကြာ၊ အနောက်တိုင်းဆန်ဆန် တည်ဆော ထားသောနှစ်ထပ်တိုက်နှင့် ခြံဝန်းကြီးတစ်ခုထဲသို့ရောက် သည်။ခြံထဲတွင် ကားများ၊ဒွာ လူပေါင်းများစွာကိုတွေ့ရ သည်။ ပိုက်ဆံရှိသော အသိုင်းအဝိုင်းတို့၏ ပွဲလေးတစ်ပွဲ ပင်ဖြစ်သည်။

"မင်းဘယ်လောက်ကြာမှာလဲ"

"အချိန်က ပြောလို့မရဘူး"

နေမင်းအိမ် လက်က နာရီကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်း နှစ်နာရီထက်ပိုပြီးနေလို့မရဘူး"

"ရှင်ဒီလောက်ထိ ကျွန်မကို ကန့်သတ်ဖို့မလိုဘူး"

"မင်းကိုငါ အချိန်ကန့်သတ်တာမဟုတ်ဘူး၊ အခု (၄း၀၀)နာရီထိုးနေပြီ၊ နောက် နှစ်နာရီဆိုရင်မှောင်စပြုနေပြီ။ ဒီထက်ပိုပြီးမှောင်သွားရင် အန္တရာယ်များတယ်၊ မင်းကို စကား ရှင်းအောင်ပြောမယ်၊ ငါက မင်းအသက်ကိုကာကွယ်တယ်ဆို ပေမယ့် မင်းကိုယ်တိုင်လည်း ကိုယ့်အသက်ကိုနှမြောဖို့တော့ လိုမယ်နော်"

နန်းသီရိလှိုင် သူ့စကားကိုသဘောပေါက်သွားပြီး

"ကျွန်မ နှစ်နာရီအတွင်းပြန်လာခဲ့မယ်"

"ကောင်းပြီ"

နန်းသီရိလှိုင် စားပွဲဝိုင်းလေးတွေဆီသို့ ထွက်သွားပြီး နေမင်းအိမ်ကားပေါ်မှာထိုင်ကာ ကျန်ခဲ့ပေမယ့် နန်းသီရိလှိုင် ကို မျက်ခြည်ပြတ်မခံဘဲ ကြည့်နေသည်။ ထို့ပြင် ပတ်ဝန်း ကျင်အနေအထားကိုပါ လေ့လာနေရသည်။ ကားထဲမှာ ခဏ ထိုင်ပြီး အပြင်ဘက်သို့ဆင်းကာ လွတ်နေသောစားပွဲဝိုင်းတွင် ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်…"

လူ(၂)ယောက် လျှပ်စစ်မီးတာပုံးနားသွားသည့်ပုံစံမှာ မသက်ာစရာ၊ ပြီးတော့ နန်းသီရိလှိုင်နားဆီသို့ လူ(၅)ယောက် လောက် မသိမသာနှင့် တိုးကပ်လာနေသည်ကို သတိပြုမိ လိုက်သဖြင့် နေမင်းအိမ် သဘောပေါက်လိုက်သည်။

မီးကို မိန်းခလုတ်ချပြီး လူတွေ အထိတ်တလန့်ဖြစ် အောင်လုပ်ပြီး နန်းသီရိလှိုင်ကိုဖမ်းဆီးဖို့ အကြံအစည်ကို လုပ်နေကြခြင်းဖြစ်သည်။

"ဖြောင်း…ဖြောင်း…ရှဲ…"

"ဟာင်…ဟာ…အင့်…ပြေး…ပြေးကြ"

ညည့်ခံပွဲတွင် ရှိနေကြသောလူတွေအားလုံး ရပ်ရပ် သဲ ဖြစ်သွားပြီး ရှုပ်ထွေးကုန်သည်။ နေမင်းအိမ် ကြိုပြီး တွက်ထား သလိုဖြစ်လာသဖြင့် နန်းသီရိလှိုင်အနားကို ရောက်အောင်သွား ရတော့သည်။

"ရှင်…လွှတ်…လွှတ်…"

"မင်းအသက်ကိုနှမြောရင် အသာတကြည်လိုက်ခဲ့၊ မ ဓားမြှောင်က အသံမထွက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဓားမြှောင်ကအသံမထွက်ရင် ငါ့လက်သီးက အသံထွက်တယ်ကွ"

"ခွပ်..အင့်.."

"နေ...မင်း..အိမ်.."

နန်းသီရိလှိုင်လက်ကိုဆွဲထားသည့်ကောင်ကိုရှင်းပြီး သည်နှင့်ဘေးမှနှစ်ယောက်ကိုပါဆက်ပြီးရှင်းရတော့သည်။

"ဒုတ်..ဖြောင်း..အီး...အား.."

"မြန်မြန်ထွက်မယ်"

သူမလက်ကိုဆွဲပြီးလူတွေကြားမှ တိုးထွက်ခဲ့သည်။

"မလွတ်စေနဲ့ကွ..ရအောင်လိုက်"

"ဖောင်း..ဒိုင်း..."

သေနတ်သံပေးလိုက်ခြင်းကြောင့်လူတွေအားလုံး တွေ့သည့်စားပွဲခုံအောက်သို့ဝင်ကြတော့သည်။ တစ်ဖက်အဖွဲ့မှသေနတ်တွေနှင့်ရဲတင်းစွာ လှုပ်ရှားပြီဖြစ်သောကြောင့် အခြေအနေမှာ ဆိုးဆိုးဝါးဝါး ရင်ဆိုင်ရတော့မည်လို့တွက်ချက်လိုက်ပြီး စားပွဲဝိုင်းကြီးကိုလှဲချပြီးထောင်လိုက်သည်။

"မင်း ဂျင်းစကပ်ကိုထပ်ပြီးခွဲလိုက်၊ ရော့..ဓား.."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

"ဒီအတိုင်းထွက်ရင် မင်းစကပ်နဲ့တုပ်ပြီးလို့ရမှာ မဟုတ်ဘူး"

သူမက ဓားမြှောင်ကိုကိုင်ပြီး ခပ်တွန့်တွန့်လုပ်နေသောကြောင့် တစ်ဖက်မှ သေနတ်သမားတွေက အနီးဆုံးမှာ နေရာယူထားကြပြီးဖြစ်သည်။

"ဖြ..."

"အို..."

နေမင်းအိမ်ကိုယ်တိုင်ပဲ စကပ်ကို ဓားဖြင့်ထိုးခွဲချပြီး သူမစီးလာသော လေဒီရှူးဖိနပ်ကိုပါ ချွတ်ပြီးအဝေးသို့ ပစ်လိုက်၏။

"ငါ့ကိုကွယ်ပြီးလိုက်ခဲ့တော့"

နေမင်းအိမ် ခုံစားပွဲဝိုင်းကြီးကိုလှိမ့်ချလိုက်ပြီး ထိုစားပွဲဝိုင်းကြီးနှင့်အတူ ကပ်ပြီး အပြေးလိုက်သွားတော့သည်။

"ပစ်စမ်းကွာ..မထူးဘူး"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံတွေနှင့်အတူ ကျည်ဆံတွေက ပွတ်က



www.burmeseclassic.com

www.burmeseclassic.com



သီကာလေး ကျော်ထွက်နေသည်။ ဒါပေမယ့် စားပွဲကြီးခံနေသောကြောင့် လူတွေကို ထိမှန်ဖို့မလွယ်ပေ။

"အန်း..."

စားပွဲဝိုင်းကြီးကို ဘေးဘက်သို့တွန်းပြီး ပန်းအိုးကြီးတွေနားတွင် ကပ်ကာနေလိုက်သည်။ ပြီးမှ နေမင်းအိမ် သူ့ခေါင်းတွင် ပေါင်းထားသော ခေါင်းပေါင်းကိုဖြုတ်ပြီး အုတ်ခဲအပိုင်းတစ်ခုကို ထည့်ထုတ်လိုက်တော့သည်။

"မင်း ဝပ်နေနော်.."

"ဟုတ်..ဟုတ်ကဲ့"

"ရှိ...ရှိ..."

ခေါင်းပေါင်းစထဲက အုတ်ခဲကို လေထဲတွင်(၂)ပတ်လောက် ဝှေ့ရမ်းပြီးပြေးတက်လာသော သေနတ်သမားဆီသို့ ပစ်လွှတ်လိုက်သည်။

"ခွပ်...အား"

သေနတ်သမားတစ်ယောက်ကတော့ အုတ်ခဲနှင့်မိတ်ဆက်ပြီး မှောက်သွားသလို နောက်သေနတ်သမား(၂)ဦး... နေမင်းအိမ်၏ အုတ်ခဲပျံကို သေနတ်ကိုင်ပြီး လန့်နေသလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ဟိုကောင်ကြက်နီ…အနီးကပ်ဝင်ပြီးပစ်လေ…"

"ဆ…ဆ…ရာ…"

"တယ်…ဒီကောင်.. ငါလာပြီးလုပ်ရင်ဒီထက်နာမယ်"

ဆရာလုပ်သူ၏ အမိန့်ကိုခပ်ကြောက်ကြောက်နှင့် ဖြေး အလာတွင် ဒုတိယ အုတ်ခဲပိုင်းက ရှောင်ချိန်ပင်မရလိုက်ဘဲ မှောက်သွားတော့သည်။

ဆရာလုပ်သည့်သူလည်း သွေးကြောင်သွားသည်။ သေနတ်နှင့်လှမ်းပြီးပစ်လည်း ပန်းအိုးကြီးတွေကိုဖောက်ထွက် ပြီး မှန်ဖို့မှာ မဖြစ်နိုင်သလို ရှေ့ကိုတက်ဖို့လည်း မဖြစ်နိုင်။ တတိယအုတ်ခဲကျိုးက သူ့အတွက်ဆိုတာ သေချာနေပြီမို့ ထွက် ပေါက်ကိုရှာရတော့သည်။

"စိတ်ချရပြီ..သွားကြမယ်"

"ဟုတ်ကဲ့"

နန်းသီရိလှိုင်…ခုတော့ ယုန်သူငယ်လေးတစ်ကောင် နေမင်းအိမ်ဘေးကနေ မခွာဘဲ လိုက်ခဲ့တော့သည်။ ကားကြီး ခြံဝန်းထဲမှ အမြန်ဆုံးမောင်းထွက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မင်းပေါ်မှာ စောစောကပြုမူခဲ့တာကိုတောင်းပန်ပါတယ်"

"ရ···ရပါတယ်···"

နေမင်းအိမ်တို့ကားလေး ကျောက်လမ်းကိုထွက်တော့ သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှကားတွေ မောင်းဝင်လာသည်ကိုတွေ့မြင်လိုက်ရသည်။ အိမ်အပြန်ခရီးမှာတော့ အန္တရာယ်အရိပ်အယောင်ကင်းစင်နေသည်။

"ကျွန်မကိုဘာကြောင့် ဒီလောက်ထိဖြစ်နေကြတာလဲဆိုတာ ရှင်သိလား"

"ကျုပ်မသိဘူး"

"ရှင်သိမှာပါ···ပြောပြပါလား"

"ကျုပ်စကားအပိုမပြောတတ်ဘူး၊ တကယ့်ကို ကျုပ်မသိတာအမှန်ပါ၊ ပြောနိုင်တာတစ်ခုတော့ရှိတယ်၊ မင်းဒယ်ဒီနဲ့တိုက်ရိုက်ပတ်သက်နေတဲ့ကိစ္စတွေပဲဖြစ်မယ်၊ ဘာတွေလဲဆိုတာတော့ ကျုပ်မသိဘူး၊ ကျုပ်ကိစ္စလည်း မဟုတ်ဘူး"

"ရှင့်ကိစ္စက ကျွန်မကို ကာကွယ်ဖို့တစ်ခုတည်းပဲလား"

"ဟုတ်တယ်"

"ဒယ်ဒီကငွေတွေအများကြီးနဲ့ငှားထားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငွေကြောင့်မဟုတ်ဘူး၊ ကျေးရှူးတရားပေါ်မှာ တုံ့ပြန်တာပါ"

တစ်ယောက်နှင့်တစ်ယောက် တခြားပြောစရာစကား မရှိတော့သဖြင့် တိတ်ဆိတ်စွာဖြင့် ခြံဝန်းကြီးထဲသို့ကား မောင်းဝင်လာတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"သမီး...သိရဲ့..."

"ဒယ်ဒီ...ဟီး...ဟီး.."

"ဟင်...ဘယ်...ဘယ်လိုဖြစ်တာလဲ၊ အင်း... ဒယ်ဒီ သဘောပေါက်ပြီ၊ ဟိုကောင် ဂျက်စတွာန်းမွေးနေ့ပွဲမှာ ဖြစ်ခဲ့တာတွေကို တွေးပြီး ငိုတာပေါ့"

"ဒယ်ဒီ သိနေတယ်"

"စောစောကတင် ဂျက်စတာန်းဆီက ဖုန်းဆက်လို့ သိပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ၊ သက်ဆိုင်ရာက ဦးဆပ်စိုင်ကောင် (၃)ကောင်ကို တောင်ဖမ်းသွားကြပြီလေ၊ မောင်နေမင်းအိမ် ချီးကျူးပါတယ်၊ အိမ်ထဲဝင်ကြရအောင်"

"ကျွန်တော် မဝင်တော့ဘူး အန်ကယ်"

"ဝင်ပါဦးကွာ၊ စကားပြောစရာရှိလို့"

ဦးခွန်ပိုင်ခေါ်သဖြင့် အိမ်ကြီးထဲသို့ဝင်လိုက်ရသည်၊ နေမင်းအိမ်ကတော့ မြဝန်းလေးထဲက တစ်ထပ်တိုက်ကလေးတွင် ဦးဇော်ရှုန်နှင့်နေခြင်းဖြစ်သည်။

"အန်ကယ် ဘာကိစ္စတွေရှိလို့လဲ"

"သန်ဘက်ခါ အန်ကယ်...မောင်နေမင်းအိမ်နဲ့ မြောင်းပိုင်းကိုခရီးသွားချင်တယ်"

"သွားလေ...အန်ကယ်၊ ကျွန်တော့်ဘက်က ပြင်ဆင်စရာတွေ ထွေထွေထူးထူးမှမရှိတာဘဲ"

"အန်ကယ်အနေနဲ့ သိပ်ပြီးအခွင့်အရေးယူသလိုဖြစ် မှာအားနာနေလို့ပါကွာ"

"ကျွန်တော့်ဘက်က လက်ခံထားပြီးသားပဲ၊ ဒီအတွက် အန်ကယ်ဘာမှ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

"ဘာလဲ သမီး"

"ဒယ်ဒီတို့သွားမယ့်ခရီးကို သမီးလည်းလိုက်မယ်"

"မဟုတ်တာသမီးရယ်၊ ခရီးက (၂)ညအိပ်တောင် သွားရမှာ"

"ဟင့်အင်း..ဒီမှာ သမီးတစ်ယောက်တည်းမနေရဲဘူး"

"သမီးလေးလေးအိုက်ကောတို့ရှိသားပဲကွယ်"

"မသိဘူး...လိုက်မှာပဲ"

"ဒီကလေးကတော့ ခက်နေပြီ၊ မောင်နေမင်းအိမ် ဘယ်လိုသဘောရလဲ"

"ခရီးလမ်းကြောင်းကိုအန်ကယ်အသိဆုံးဆိုတော့ အန်ကယ် ဲ ဆုံးဖြတ်ပါ၊ ကျွန်တော့်ဘက်ကပြောစရာမရှိပါဘူး"

"အိုက်ကော.."

"ဗျာ..အစ်ကိုကြီး"

"မင်းကောင်တွေနဲ့မင်းပါ ကားတစ်စီးနဲ့နောက်ကနေ ၀ိုက်ခဲ့၊ ဘာလက်နက်မှမယူခဲ့ကြနဲ့၊ ဟိုရောက်မှ ငါစီစဉ်မယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီး··သိရှိလိုက်မယ်ဆိုရင် ကတိတစ်ခုတော့ ပေး ရမယ်၊ ပေးနိုင်မှ ဒယ်ဒီခေါ်သွားနိုင်မယ်"

"ပေးပါ့မယ် ဒယ်ဒီ"

"မောင်နေမင်းအိမ်ပြောတဲ့အတိုင်း လိုက်နာရမယ်၊ ခရီး စပြီးထွက်ကတည်းက သမီးကို မောင်နေမင်းအိမ် ·ပိုင်ဆိုင် သွားပြီလို့မှတ်"

"ရှင်···ဒယ်ဒီစကားက အဓိပ္ပာယ်တစ်မျိုးကြီးဖြစ်နေ တယ်"

"သမီးနဲ့သက်ဆိုင်တာတွေကို သူကပဲဆုံးဖြတ်မယ်လို့ ပြောတာပါ၊ ဘယ်လိုလဲ လိုက်နာနိုင်လား"

"လိုက်···လိုက်နာပါ့မယ်"

"အိုက်ကော···မင်းတို့ဘက်က ပြင်ဆင်စရာတွေ သွားပြီး ပြင်ဆင်ကြတော့၊ မောင်နေမင်းအိမ်ရော ဘာတွေလုပ် စရာရှိ သေးလဲ"

"ခရီးဝေးသွားမယ်ဆိုတော့ ကားကြွံနိုင်ရေးတော့ လုပ်ရ ဦးမယ် အန်ကယ်"

"ငါ့တူလည်း ပင်ပန်းခဲ့ပြီဆိုတော့ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အနားယူလိုက်ပါကွယ်၊ အန်ကယ်နိုင်းထားလိုက်ပါ့မယ်"

နေမင်းအိမ် နှုတ်ဆက်ပြီး အိမ်ထဲမှထွက်ခဲ့ရင်း ဦးခွန်ပိုင်ခရီးစဉ်ပေါ်မှာ သံသယဝင်နေမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

နံနက်ခင်းတွင် ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းတွေက မကွဲသေးသဖြင့် လှမ်းပြီးတွေ့နေရသော တောင်ဟန်းကြီးတွေကို ကွဲကွဲပြားပြား မတွေ့ရသေးပေ။

နေမင်းအိမ်တို့ကားလေးက ရှေ့ကနေ သွားနေသလို ဦးအိုက်ကောကားမှာနောက်ကနေလိုက်လာနေသည်။ နေမင်းအိမ် ကားပေါ်မှာတော့ ဦးခွန်ပိုင်၊ နန်းသီရိလှိုင်တို့ လိုက် ပါလာပြီး ဦးအိုက်ကောကားပေါ်တွင် တပည့်ဖြစ်သူ ကျားဆိုး၊ ဇဲပေါက် အုံ့ထူးမောင်တို့လိုက်ပါလာကြသည်။ နန်းသီရိလှိုင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



းပေါ်တွင် အိပ်ပျော်လျက်။

"ဒီလမ်းတွေကို မောင်နေမင်းအိမ် သွားဘူးလား"

"ကျောင်းသားဘ၀ကတော့ ရောက်ဘူးပါတယ်၊ အန်ကယ်၊ ယ်မြေမအေးချမ်းတဲ့နေရာတွေတော့ မသွားဖူးပါဘူး"

"အန်ကယ်တို့ ခုသွားရမှာ အမည်းစရောင်နယ်မြေထဲ ဖြတ်ပြီးသွားရမှာ"

"ဟာင်..."

ဦးခွန်ပိုင် သူ့ကိုပထမပြောဆိုထားသော ခရီးစဉ်နှင့် ကွဲပြားနေပေမယ့် မသိချင်ယောင်ဆောင်ပြီးနေပေးလိုက် ည်။ ကျောက်အရောင်းအဝယ်အတွက် သွားနေသောခရီး ခု မဖြစ်နိုင်ဘူးဆိုတာတော့ တွေးမိလိုက်သည်။

"မောင်နေမင်းအိမ် ရှေ့တံတားကျော်ပြီးရင် တောလမ်း ကိုမောင်းပြီးဝင်လိုက်တော့"

ဦးခွန်ပိုင်ပြောသောနေရာမှာ သောင်းကျန်းသူ ဒုစရိုက် င်ခိုသမားတွေ အများဆုံးခိုလှုံသော နေရာပင်ဖြစ်၏။

ထိုသို့သောနေရာကို မပတ်သက်သူတွေ ဝင်ထွက်ဖို့မှာ ယ်ကူပေ။ အန္တရာယ်ကြီးမားလှသည်။ နေမင်းအိမ် ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မသိသလိုဘဲနေပြီး ဦးခွန်ပိုင်မောင်းနိုင်းသည့် အတိုင်း မောင်းဝင်လိုက်တော့သည်။

"ဖောင်း....."

သေနတ်သံနှင့်အတူ ပြောက်ကျားဝတ်စုံဝတ်ထား သော သေနတ်သမား (၅)ယောက်ထွက်လာပြီးကားကို လိုက်ကြသည်။

"မောင်နေမင်းအိမ် ကားကိုရပ်လိုက်"

"ကျွို..."

ကားရပ်သည်နှင့် ဦးခွန်ပိုင်ဆင်းသွားပြီး သေနတ်သ ထဲမှ ခေါင်းဆောင်လုပ်သူနှင့်စကားပြောပြီးကားဆီသို့ ပြန် ခဲ့သည်။

"မောင်နေမင်းအိမ် မောင်းလို့ရပြီ"

ကားစက်နှိုးပြီးပြန်မောင်းထွက်ခဲ့ရပြန်သည်။

"ဒယ်ဒီ သူတို့က သူပုန်တွေလား"

"ဒီနယ်မြေကိုချုပ်ကိုင်ထားတဲ့ အဖွဲ့တစ်ဖွဲ့ပါပဲ"

"ဒယ်ဒီကလည်း သူတို့က နယ်မြေကိုချုပ်ကိုင်ရ အစိုးရတပ်တွေမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မပြောနဲ့သမီးရေ၊ သူတို့စိုးမိုးထားတဲ့ အချိန်မှာ သူတို့က ဘုရင်တစ်ဆူပဲ၊ အစိုးရတပ်တွေ ရောက်လာတော့ သည်း လွတ်ရာကျွတ်ရာကိုပြေးကြတာပေါ့"

တောလမ်းဆိုပေမယ့် ကားသွားလို့ရတဲ့လမ်းတွေကို ာက်ထားတာကြောင့် ကားမောင်းရတာ ဘာအခက်အခဲမှ ာ့ မရှိခဲ့ပေ။ တောလမ်းအတိုင်း တစ်နာရီလောက်မောင်း ်း ကရင်ရွာကလေးတစ်ရွာကိုရောက်ခဲ့ကြသည်။

"ရွာထဲကိုမောင်းဝင်ရမှာလား အန်ကယ်"

"မောင်းဝင်ရမယ်၊ ဒီရွာက နောက်ပေါက်ကနေထွက် တစ်ဖက်ကိုသွားလို့ရမှာ၊ ဒီရွာမှာ ကိစ္စလေးတစ်ခု လုပ်စရာ ိတယ်"

နေမင်းအိမ် သူလုပ်ရမယ့်အလုပ်ကလွဲပြီး ဘာစကား ိမှ မဆိုဘဲ ကားကိုသာအာရုံစိုက်ပြီးမောင်းနေတော့သည်။

"ရှေ့နားကအိမ်ရှေ့မှာကားကိုရပ်လိုက်"

ကားကိုရပ်လိုက်သည်နှင့်

"အားလုံးဆင်းပြီး နားကြတာပေါ့"

တောထဲမှာဆောက်ထားသောအိမ်ဆိုပေမယ့် ပျဉ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်အိမ်ကလေးဖြစ်သည်။ ရွာ၏အကြီးအကဲအိမ်ပုံစံပင်

"ဟော့…ထီးကိုင်.."

"အဘမရှိဘူး၊ ဘယ်သူတွေလဲမသိဘူး"

အိမ်ထဲမှ မိန်းကလေးတစ်ဦးထွက်လာပြီးဖြေရင်း

"သြော်…ဦးလေးခွန်ပိုင်တို့ပါလား၊ အိမ်ထဲဝင်ကြလေ အဘ အနောက်ဘက်ရွာကိုကိစ္စတစ်ခုနဲ့သွားတယ်၊ ပြန်လာ ခါနီးပါပြီ"

ကရင်မိန်းကလေးဖိတ်ခေါ်တဲ့အိမ်ထဲဆီသို့ဝင်ခဲ့ကြတော့ သည်။

"စောကာသီ…နင့်အဘဆီကို ဟိုကောင် ဘလူသာတို့ လာကြသေးလား"

"လာကြတယ်ဦးလေးခွန်ပိုင်၊ (၃)ရက်လောက်တော့ရှိ သွားပြီ၊ ဦးလေးခွန်ပိုင်ဆင်းလာမယ့်နေ့ကိုတောင် မေးသွား ကြသေးတယ်"

"ငါလည်း ကိစ္စတွေ မပြီးပြတ်တာနဲ့ မဆင်းဖြစ်တော ခုမှ အားချင်းဆင်းလာတာ"

"ဟိုမှာ အဘတောင်ပြန်လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခွန်ပိုင်...ရောက်လာပြီလားကွ"

"ရောက်ပြီ ထီးကိုင်"

"သခင်မကြီးရော ကျန်းမာရေးကောင်းရဲ့လားဟေ့"

"ကောင်းတာမှ ဒေါင်ဒေါင်ကိုမြည်နေတာပဲ၊ မင်းကို လာဖို့မှာလိုက်တယ်"

"လာချင်တာပေါ့ကွာ၊ ဒီမှာက ငါမရှိရင် မဖြစ်သေး ဘူးလေ"

"ဒါတွေအသာထား၊ အရေးကြီးတာကို အရင်စကား ပြောကြရအောင်"

"လက်နက်ကိစ္စလား"

"ဟုတ်တယ်၊ ဟိုဘက်ကိုကူးကြရမှာဆိုတော့ လက်နက် မပါလို့မရဘူး"

"သမီးစောရေ... နောက်ဘက်ကောက်ရိုးပုံထဲက သေတ္တာကိုလိုက်ဖြိုးပြလိုက်၊ မင်းကောင်တွေသွားပြီး ဒီသယ် ခိုင်းလိုက်"

"အိုက်ကော..မင်းလူတွေနဲ့လိုက်သွားပြီးသယ်ခဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အိုက်ကော့တို့ ဆရာတပည့်တွေထွက်သွားပြီးနောက်

"အိုက်ကော တော်တော်ကိုအပိုးကျိုးနေပါလား ခွန်ပိုင်"

"ဒီကောင့်ချိတွေကို ရိုက်ချိုးထားတာလေ၊ ဒီလိုမှ မလုပ်ရင်မလွယ်ဘူး၊ မင်းသိတဲ့အတိုင်း ခွေးတစ်ကောင်လို ကိုက်ဖို့ပဲသိပြီး ကိုယ့်ပြန်ပြီးအရိုက်ခံရမှာကို မသိတဲ့ကောင်၊ ဒါကြောင့် ပေါင်တစ်ဖက်က ဒုက္ခိတဖြစ်နေတာလေ"

"နေပါဦး သူ့ကိုမတွေ့ဘူးပါလား"

"သူ့နာမည်က နေမင်းအိမ်၊ ငါ့ရဲ့စိတ်အချရဆုံး လူတစ်ယောက်ဆိုပါတော့ကွာ"

"ကြေးစားတွေထဲကလား"

"မဟုတ်ဘူး..သီးသန့်လူယုံ"

"ဘာလဲ ပွဲထုတ်လာတာလား ခွန်ပိုင်"

"ဒီသဘောလည်းပါတယ်ဆိုပါတော့"

နေမင်းအိမ်.. ဦးခွန်ပိုင်တို့စကားကိုနားထောင်ရုံသက်သက်ဖြင့် ထိုင်နေသည်။ နန်းသီရိလှိုင်တစ်ယောက်ကတော့ မွေးထားသော ယုန်ကလေးတွေကိုအစာကျွေးနေသည်။

"အစ်ကိုကြီး...ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသေတ္တာတစ်လုံးကို သယ်ယူလာပြီး ဦးခွန်ပိုင်ရှေ့တွင်ချလိုက်သည်။

"ဖွင့်ကြည့်ပြီး စိတ်ကြိုက်သာယူသွား၊ မင်းအတွက်သီးသန့်ယူထားတာ"

"ဖြောင်း..."

ထင်းရှူးသေတ္တာကို ဓားမြှောင်ဖြင့်ဦးခွန်ပိုင်ဖွင့်ကြည့်ပြီးသေနတ်တွေကို တစ်လက်ချင်းထုတ်ကြည့်ကာ သူ့စိတ်ကြိုက်သေနတ် (၂)လက်ကိုယူပြီးမှ

"မောင်နေမင်းအိမ်..မင်းစိတ်ကြိုက်ယူလေ"

"ကျွန်တော် သေနတ်ကိုင်လေ့ကိုင်ထမရှိဘူး"

"လိုရမယ်ရတော့ ယူထားကွယ်"

ဥပဒေနှင့်ငြိစွန်းနေသော ကိစ္စတွေကို နေမင်းအိမ် မပတ်သက်ချင်သောကြောင့်

"ကျွန်တော့်အတွက်သေနတ်မလိုအပ်ပါဘူး"

"အိုက်ကော...မင်းတို့ယူကြတော့"

သေနတ်တွေကိုမြင်သည်နှင့် မိုက်မဲသောမျက်နှာတွေ နှင့်ဈေးယူကြတောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွန်ပိုင်…မင်းတို့ခရီးတစ်ခါတည်းထွက်မှာလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ထီးကိုင်"

"ခုချိန်‥ နယ်ခြားလမ်းကိုဖြတ်ကျော်လို့မကောင်းဘူး ကလူသာတို့တပ်ဖွဲ့တွေ နှစ်ခြမ်းကွဲပြီး တိုက်ပွဲတွေဖြစ်နေကြ တယ်၊ ကလူသာတပ်ဖွဲ့နဲ့တွေ့ရင် ပြဿနာမရှိဘူးကွ၊ ခွဲထွက် သွားတဲ့ ဖရန်စောတပ်ဖွဲ့နဲ့တွေ့ရင် အန္တရာယ်ရှိတယ်"

"ဟင်…ဒါဆို ဘယ်အချိန်လောက်မှ ကူးရင်ကောင်း နိုင်မလဲ"

"ဒီကနေ မှောင်စပျိုးလောက်မှထွက်ပြီး တောထဲမှာ ညအိပ်၊ မနက်ကျမှသွားရင်တော့ ကောင်းမယ်ထင်တာပဲ"

"မင်းပြောသလိုပဲ စီစဉ်ကြတာပေါ့၊ မောင်နေမင်းအိမ် ရေ အေးအေးဆေးဆေး နားကွာ၊ ညနေစောင်းတော့မှသွားကြ မယ်၊ ဟိုကောင် အိုက်ကော ရွာထဲကိုသွားချင်ရင်သွား၊ မူးလာ ရင်တော့ ဒီမှာတစ်ခါတည်း မြေမြှုပ်ခဲ့မယ်"

"စိတ်ချပါ အစ်ကိုကြီးရာ မမူးစေရပါဘူး"

နေမင်းအိမ်၊ ထီးကိုင်ခြံဝန်းလေးထဲက ပန်းခင်းလေး တွေဆီကို လျှောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်..ရှပ်.."

အနောက်ဘက်မှ ခြေသံကြောင့်လှည့်ပြီးကြည့်တော့ နန်းသီရိလှိုင်ကိုတွေ့လိုက်ရသည်။

"ပန်းခင်းလေးမှာ အလွမ်းတေးတွေကိုဆိုနေသလား လို့လာပြီးကြည့်တာပါ၊ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်နော်"

နန်းသီရိလှိုင် မျက်နှာလေး မချိုမချဉ်နှင့် ဘေးတွင် လာပြီးရပ်နေသည်။ နေမင်းအိမ် ဘာမှ စကားမတုံ့ပြန်ဘဲ ဝါးခုံတန်းလျားတွင် ဝင်ပြီးထိုင်လိုက်သည်။

"ကျွန်မ...ထိုင်လို့ရမလား"

"ဒီဝါးခုံတန်းလျားလေးကို ကျုပ်မပိုင်ပါဘူး"

"ထိုင်လို့ရတဲ့သဘောပေါ့၊ ထိုင်ပြီနော်"

"စပ်စုတာတော့မဟုတ်ဘူး၊ မေးကြည့်ချင်တယ် ဖြစ်နိုင်မလား"

"မင်းမေးတာကို ဖြေသင့်တာဆိုရင်ဖြေမှာပေါ့"

"သေနတ်ကိုဘာလို့မကိုင်တာလဲဟင်"

"ဥပဒေနဲ့မကင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်ကိုကိုင်လို့ဥပဒေနဲ့ ငြိစွန်းတယ်ဆိုရင် ဒယ်ဒီတို့ ကိုင်တာကျတော့ရော"

"သူတို့က ဥပဒေကိုမကြောက်လို့ဖြစ်မှာပေါ့"

"ရှင်ကကြောက်တယ်ပေါ့"

"ဥပဒေဆိုတာ ကြောက်စရာမဟုတ်ဘူး၊ လေးစား လိုက်နာရတာပါ"

"ခု ကျွန်မတို့ရောက်နေတဲ့နေရာက ဥပဒေမဲ့နေရာ တစ်ခုမဟုတ်ဖူးလား"

"မြန်မာပြည်တစ်ခုလုံးမှာ ဥပဒေမဲ့တဲ့နေရာမရှိပါဘူး၊ အုပ်ချုပ်ရေးနဲ့ဝေးကွာနေတဲ့နေရာကြောင့်ဥပဒေကို မထီမဲ့မြင် ပြုနေကြတာပါ"

"လေးလေးအိုက်ကောကပြောတယ်၊ ရှင်က သေနတ် မပစ်တတ်လို့ သေနတ်မကိုင်တာတဲ့ ဟုတ်လားဟင်"

"သူ့အထင် သူ့အမြင်ပြောတာပဲပြောပါစေ၊ သေနတ် ပစ်တတ်တယ် မပစ်တတ်ဘူးဆိုတာ သေနတ်ပစ်ရမယ့် အခါ ရောက်မှ စကားပြောကြမယ်"

"ကျွန်မ ခုလို မေးတာ အထင်သေးလို့မဟုတ်ဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမမြင်နဲ့ဦး၊ သေနတ်တွေကြားထဲကို သွားရမှာဆိုတော့ ကိုယ့်ဘက်ကနေ မဖြစ်မနေလေးဆောင်ထားစေချင်လို့ပါ"

"သေနတ်ပစ်တတ်တာနဲ့ လူကိုထိအောင် မပစ်နိုင်တဲ့သူတွေ အများကြီးပါ နန်းသီရိလှိုင်၊ မင်းအတွက် သေနတ်မပါဘဲ ကျုပ်ကာကွယ်ပေးနိုင်ပါတယ်၊ တစ်ခုတော့ ရှိတာပေါ့လေ၊ သေနတ်ကို မဖြစ်မနေသုံးရတဲ့အခါကျရင်တော့ သေနတ်ကိုကိုင်မယ်၊ ခုတော့ အကြောင်းမဲ့ကြီး ခါးကြားမှာ မထိုးထားချင်ဘူး"

"ကျွန်မကတော့ ပစ္စတိုလေးတစ်လက်တော့ ကျည်ကပ်တွေနဲ့ယူထားတယ်၊ သေနတ်ကိုကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်လို့တော့မဟုတ်ဘူး၊ လိုလိုမယ်မယ် ယူထားတာ"

"ဒယ်ဒီတို့ခုသွားမယ့်ကိစ္စကိုရောပြောပြထားလား"

"ကျောက်အရောင်းအဝယ်လို့တော့ပြောတယ်"

"ကျွန်မသိတာနဲ့လွဲနေပြီ"

"ခင်းက ဘာကိုသိထားလို့လဲ"

"သခင်မကြီးအတွက် ရှေးဟောင်းပစ္စည်းတစ်ခုကိုယူပြီး ပို့မှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မကြီးဆိုတာဘယ်သူလဲ"

"ရှင်မသိဘူးပေါ့"

"မင်းပြောမှ သခင်မကြီးဆိုတာကို ကြားဖူးတာ"

"တောင်တန်းဒေသတစ်ခုလုံးမှာပြိုင်ဘက်ကင်း ချမ်းသာကြွယ်ဝတဲ့ သခင်မကြီးနန်းတြိတြာလေ"

"မင်းပြောတဲ့နာမည်ကိုတော့ ကြားဖူးတယ်၊ ကိုယ်နဲ့မသက်ဆိုင်ခဲ့လို့ စိတ်ဝင်တစားတော့ မလေ့လာမိဘူး၊ မင်းဒယ်ဒီနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အင်း...ပြောရရင် ဒယ်ဒီက သခင်မကြီးရဲ့အတွင်းလူယုံတစ်ဦးဆိုရမှာပေါ့"

ဦးခွန်ပိုင်နှင့်နန်းတြိတြာ ပတ်သက်မှုကို စကားဖြတ်လိုက်သည်။ သူနှင့်ဆက်နွယ်မှုမရှိသောရာဇဝင်ကို ထပ်ပြီးမသိချင်ပေ။ ဒါပေမယ့် ဦးခွန်ပိုင် သူ့ကိုဘာကြောင့် ပွင့်ပွင့်လင်းလင်း မပြောဘဲ ခေါ်လာခဲ့သလဲဆိုတာတော့ မသိပေ။ ဦးခွန်ပိုင်သည် သူ့ပေါ်တွင် လျှို့ဝှက်ချက်တွေနှင့်ပေါင်းစပ်နေသူလား၊ နေမင်းအိမ် ခေါင်းထဲတွင် အတွေးများစွာဝင်ရောက်သွားသည်။ ဘယ်လိုပင်ဖြစ်ဖြစ် သူ့ဘဝကံကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်သူဖြစ်အောင်လုပ်ရမှာကတော့ သူ၏တာဝန်ပင်မဟုတ်
သား။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

မှောင်စပျိုးနေသော တောလမ်းအနိမ့်အမြင့်တွေကို မော
ခဲ့ရင်း တောတွင်းသားကောင်တွေရဲ့ သွားလာလှုပ်ရှားမှု
ကိုပင်တွေ့နေရသည်။

"ဟယ်...ဒရယ်လေး...လှလိုက်တာ"

"တောထဲမှာရှားရှားပါးပါးတွေ့ရတဲ့အကောင်တွေ
သမီး..."

"လောဘသမားတွေကြောင့်ရယ်၊ တန်ဖိုးမသိတဲ့ မှ
တွေကြောင့် သဘာဝတောတွေနဲ့တောတွင်းသားကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးနေကြရတာပါ''

''မောင်နေမင်းအိမ်ပြောတာ ဟုတ်တယ်ကွဲ့၊ လူတွေက ကိုယ့်ဘက်တစ်ခုတည်းကိုကြည့်ပြီး တခြားဘက်မှာ ဆုံးရှုံးနေရတာတွေကို မစဉ်းစားကြဘူး''

''ရှေ့နားလောက်မှာ စမ်းချောင်းရှိမယ်ထင်တယ်''

''သေချာတာပေါ့၊ မောင်နေမင်းအိမ် ဘာကြောင့်ပြောနိုင်တာလဲ''

''ငှက်နီအုပ်စု ထိုးပြီးဆင်းသွားတာကို သတိပြုမိလိုက်တာပါ၊ ဒီငှက်တွေက ခုလို မှောင်စပျိုးချိန် အိပ်တန်းအဝင်များတာ စမ်းချောင်းနံဘေးတွေမှာပါ''

''ဒီတောင်ကုန်းက ဆင်းပြီးရင် စမ်းချောင်းလေးကို ဖြတ်ကူးရမှာ၊ ရေက ကားဘီးတစ်ဝက်သာသာလောက်ပဲရှိပါတယ်''

တောင်ကုန်းလမ်းကလေးဆိုသည့်အတိုင်း တစ်ဖြောင့်တည်းမောင်းရသောလမ်းတော့မဟုတ်၊ အကွေ့အပတ် အတက်အဆင်းများဖြင့်မောင်းပြီးတက်ခဲ့ရခြင်းဖြစ်သည်။

''မောင်နေမင်းအိမ် ကားမောင်းတော့ ကျွမ်းကျင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပဲကွ၊ နေတော့ တောမှာသာနေတာနော်"

"ကျောင်းသားဘဝက သူငယ်ချင်းတစ်ယောက်ကြောင့် ကားမောင်းနိုင်ခဲ့တာပါ"

"ဖောင်း…ဖောင်း…"

"ဟင်…"

"အမေ့…"

"ဟာ…ဖရုန်စော"

သေနတ်သံတွေ ဆက်တိုက်ပေါ်ထွက်လာပြီး ကုန်းဆင်းလမ်းပေါ်တွင် သေနတ်သမား (၃)ယောက်ရပ်ပြီး ကား ကိုတားနေသည်။

"မောင်နေမင်းအိမ် ကားရပ်ပေးလို့မဖြစ်ဘူး၊ ဒီကောင် တွေက အန်ကယ်တို့ကို အန္တရာယ်ပြုမယ့်ကောင်တွေ"

ဦးခွန်ပိုင် သေနတ်ကို အသင့်အနေအထားပြင်ထားလိုက် သည်။

"သမီး‥ဝပ်နေ"

နေမင်းအိမ် ကားစက်ကိုလျှော့ပြီး ရပ်ပေးသည့်ပုံစံမျိုး မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နေမင်းအိမ် ကားကိုလုံးလုံးရပ်လို့မရဘူး"

ဦးခွန်ပိုင် စိုးရိမ်သောမျက်နှာနှင့် ပြောတဲ့စကားကို အဖြေမပေးဘဲ သူလုပ်ရမည့်အလုပ်ပေါ်မှာသာ အာရုံစိုက်ထား လိုက်သည်။ သူ ကားရပ်ပေးမည်ဟု တစ်ဖက်မှသေနတ် သမားများက ယုံကြည်ပြီးနေသည်။

"ရှောက်...ဝူး...."

"ဟာ...ဟင်...ခွေးမသားတွေ..ပစ်...ပစ်"

ကားကို သေနတ်သမားများနှင့်အနီးဆုံးရောက်မှ ဂီယာ ချိန်းပြီး လီဗာကို အားနှင့်နင်းကာမောင်းထွက်လိုက်တော့သည်။

"ဒိုင်း..ဖောင်း...ဖောင်း.."

သေနတ်သံတွေ ဆူညံပွက်လောရိုက်ပြီးပေါက်ကွဲတဲ့ အပေါ်တွင် ကားကို ပွတ်ကာသီကာလေး ထိမှန်ရုံကလွဲပြီး ဘာမှမဖြစ်ခဲ့သလို နောက်မှလိုက်လာသော ဦးအိုက်ကျော်တို့ လည်း ကျည်ဆံတွေကြားမှ ရုန်းထွက်ခဲ့သည်။

"တစ်ဖက်ကမ်းကိုမရောက်စေနဲ့၊ လောင်ချာနဲ့ပစ်ကွာ"

သေနတ်သမားတွေဘက်မှ လောင်ချာနဲ့ပစ်ဖို့ ပြင်ဆင် သည်ကို ကားနောက်ကြည့်မှန်ထဲမှ လှမ်းတွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ပူး…ဝုန်း…"

"ဒယ်ဒီ…အို…"

နေမင်းအိမ် ကားကိုဘေးဘက်သို့ဆွဲချပြီး စမ်းချောင်းထဲသို့မောင်းဆင်းလိုက်သည်။

"ဝုန်း…"

လောင်ချာကျည်များ ကားဘေးမှ ကျော်ပြီးရှေ့တွင် ပေါက်ကွဲသွားတော့သည်။ လောင်ချာကျည်ဆံ၏ပေါက်ကွဲ အားကြောင့် ရေများ ဂယက်ထကာ စမ်းချောင်းထဲမှ ကျောက်ခဲများ လွင့်စဉ်လာသည်။

"ဝုန်း…"

"ဟာ…လေးလေးသိုက်တို့ကား မှောက်သွားပြီ"

ကားမောင်းမကျွမ်းကျင်မှုကြောင့် လောင်ချာကျည် ပေါက်ကွဲမှုကို ရှောင်တိမ်းမောင်းရင်း စမ်းချောင်းအလယ်တွင် ဦးအိုက်ကော ကားမှာမှောက်သွားသည်။

"ကားရပ်ပြီး ကယ်မှဖြစ်မယ်"

"မောင်နေမင်းအိမ်…ကားရပ်လို့ဖြစ်မလား၊ ဟိုကောင်တွေက ဆက်တိုက်ပစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မကယ်ရင် သေမှာပဲ"

"သေ…သေပါစေကွာ၊ မောင်းသာမောင်း"

ဦးခွန်ပိုင်ပြောသည့်အတိုင်း ကမ်းဆီသို့ အလွတ်ရုန်းမောင်းခဲ့ရတော့သည်။ ဦးအိုက်ကောတို့တွေ ကံကောင်းသည်မှာ တစ်ဖက်မှဆက်ပြီး မပစ်ဘဲ ရပ်လိုက်သောကြောင့် ကမ်းဆီသို့ကူးလာနိုင်ကြသည်။

"အစ်ကိုကြီးရာ..ဘာလို့စောင့်ပြီးမခေါ်တာလဲ"

"မင်းတို့ကိုစောင့်ပြီးခေါ်ရင် အရိုးတောင်ပြန်ပြီး ကောက်လို့ရမှာမဟုတ်ဘူး၊ ဒီလောက်လေးမှ အသုံးမကျရင် ခံပေါ့ကွ"

ဦးအိုက်ကော စကားဆက်ပြီးမပြောတော့ဘဲ ရေစိုနေသော အဝတ်အစားတွေကိုလဲနေသည်။

"မြန်မြန်လုပ်ကြ၊ မိုးမချုပ်ခင် ကျောက်ငှစခန်းကိုရောက်အောင်သွားကြရမှာ၊ ကားနောက်ခန်းက လိုက်ခဲ့ကြတော့၊ အို…ကားတစ်စီးဆုံးရှုံးသွားပြီ"

"အစ်ကိုကြီးတို့အတွက် ဒီကားတစ်စီးက ဘာမှ မပြောပလောက်ပါဘူးဗျာ၊ ခုသွားတဲ့ခရီးက ဒီထက်အဆပေါင်းရာချီပြီး တန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုက်ကော…မင်းပါးစပ်ပိတ်ပြီး ကားပေါ်တက်တော့"

နေမင်းအိမ်ကို မသိစေချင်သောသဘောနှင့် အိုက်ကော ကို လှမ်းပြီးတားလိုက်တာကို သဘောပေါက်မိသည်။

နေမင်းအိမ်ကတော့ ဘာမှမသိသလိုဘဲ နေပေးလိုက် သည်။

"မောင်းတော့ မောင်နေမင်းအိမ်"

"ကျောက်ဂူစခန်းကို နောက်ထပ်ဘယ်နှစ်နာရီ လောက် မောင်းရမလဲ အန်ကယ်"

"အန်ကယ်စိတ်အထင် သုံးနာရီလောက်တော့ မောင်းရ မယ်"

နေမင်းအိမ် လက်မှနာရီကိုကြည့်လိုက်တော့ (၆း၀၀) နာရီကျော်နေပြီဖြစ်သည်။ တောကြီးတစ်ခုလုံးလည်း အမှောင် ထုကြီးမှာ စတင်ပြီး ကြီးစိုး၍နေပြီဖြစ်သဖြင့် ကားမီးနှစ်ဖက် လုံးဖွင့်လိုက်ပိတ်လိုက်နှင့်မောင်းနေရလေသည်။

"ဟင်…ဟိုမှာ ခွေးအုပ်ကြီးပြေးသွားနေတယ်"

ကားမီးနှင့် လှမ်းပြီးမြင်ရသော ခွေးအအုပ်ကြီးကို နေမင်းအိမ် တွေ့လိုက်တော့ မှန်တံခါးကိုချပြီး တောကြီးရဲ့ဘေ



www.burmeseclassic.com

www.burmeseclassic.com



အနံ့ကို ခံကြည့်လိုက်သည်။

"ဘာဖြစ်လို့လည်း မောင်နေမင်းအိမ်"

"လေမိုးကျတော့မယ့်လက္ခဏာပဲ အန်ကယ်"

"ဟာကွာ··မဖြစ်နိုင်ပါဘူး၊ ကောင်းကင်မှာကြယ်တွေ ဒီလောက်ထွက်နေတာ၊ ငါက တောထဲမှာ နှစ်ပေါင်းများစွာ နေခဲ့တဲ့ကောင်ပါ···မဖြစ်နိုင်ဘူး"

ဦးအိုက်ကော··ကားနောက်ခန်းမှလှမ်းပြီးပြောသည့် စကားကို အတိုက်အခံမပြောတော့ဘဲ ကားမှန်ကိုပြန်တင်ပြီး မောင်းနေလိုက်တော့သည်။ သိပ်မကြာ လေတိုးသံကြီးများ ခပ်ကြမ်းကြမ်းတိုက်ခတ်လာပြီး မိုးစက်တွေ ကျလာတော့ သည်။

"ဝေါ·····ဝုန်း···ဝုန်း···"

"ဟာ···"

လေပြင်းရိုက်ခတ်သံကြောင့် သစ်ပင်ကြီးများအချင်း ချင်းရိုက်ခတ်သံတွေမှာ ကြောက်မက်ဖွယ်ကောင်းနေတော့ သည်။ မိုးစက်မိုးပေါက်တွေကြောင့် ရှေ့ကိုသဲသဲကွဲကွဲမမြင် ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…ဝုန်း‥"

"ဟင်‥"

သစ်ကိုင်းကြီးတွေပင် ကျိုးပဲ့ကျနေလေပြီ။

"အန်ကယ် ဆက်ပြီး ဒီအတိုင်းမောင်းရင်အန္တရာယ်များမယ်၊ ကျွန်တော်တို့ သွားနေရတဲ့တောလမ်းဘေးမှာက သစ်ပင်ကြီးတွေ ကားပေါ်ကို လဲကျနိုင်တယ်"

"ဘယ်လိုလုပ်မလဲ မောင်နေမင်းအိမ်"

"လုံခြုံစိတ်ချရတဲ့နေရာတစ်ခုကို ရှာဖွေတော့မှဖြစ်မယ်"

"ဒီနားမှာခိုစရာဆိုလို့ ဟုတ်ပြီ‥အရင်တုန်းက ကွန်မြူနစ်တွေ ဆောက်သွားတဲ့ စခန်းဟောင်းတစ်ခုရှိတယ်၊ တိုက်ပျက်ကလေးကွ၊ ညာဘက်ကိုမောင်းဝင်ရမှာ၊ လမ်းဟောင်းတော့ရှိတယ်"

"အန်ကယ် ကွေ့ဝင်ရမယ့်နေရာကိုပြပါ"

"အင်း‥"

ဦးခွန်ပိုင်ပြသည့်လမ်းချိုးအကွေ့အတိုင်း မောင်းဝင်လိုက်သည်။ လမ်းမှာ မြက်ရိုင်းပင်တွေပေါက်ပြီး ကားကို တိုးဝင်မောင်းနေရတော့သည်။ သစ်ကိုင်းကျိုးတွေ၊ သစ်ပင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တွေလဲကျတာကို ပွတ်ကာသီကာ ခက်ခက်ခဲခဲ မောင်းပြီးမှ တိုက်ပျက်အဟောင်းနားသို့ရောက်ခဲ့တော့သည်။ ကားကို တိုက်အနားသို့ကပ်လို့မရသဖြင့် မိုးရေထဲမှာ ပြေးလွှားပြီး တိုက်ပျက်ထဲသို့ဝင်ခဲ့ကြရသည်။

"ဓာတ်မီးတွေထွန်းဟေ့"

အသင့်ပါလာသော ဓာတ်မီးတွေကိုထွန်းပြီး ဝင်ခဲ့ကြရ၏။

"နေရာကတော့ ရှင်းထားတာပဲ၊ လူတွေနေသွား တဲ့ပုံပဲ"

"ဒီနေရာကို နယ်စပ်မှောင်ခိုသမားတွေ စခန်းချတတ်ကြတယ်လေ၊ တစ်ခါတလေ လက်နက်ကိုင်အဖွဲ့တွေလည်း သအိပ်ညနေ နေတော့ ရှင်းထားသလိုဖြစ်နေတာပေါ့ကွာ"

"ဒယ်ဒီ အမိုးတော့လုံတယ်နော်"

"ကျောက်ပြားတွေ မိုးထားတာဆိုတော့ ခုထိခံနေတာပေါ့"

နားခိုဖို့အတွက် လုံကျင်းပြီး ညစာအတွက်ပါလာသော ငါးသေတ္တာဘူးတွေနှင့်အသားဘူးတွေကို စားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်ပိုင် ဝီစကီအပြားလေးထုတ်ပြီးသောက်နေသလို ဦးအိုက်ကောတို့က အရက်ဝိုင်းဖွဲ့နေကြသည်။

"မောင်နေမင်းအိမ် သွေးလေးပူသွားအောင်သောက် လိုက်ပါလား"

"နေပါစေအန်ကယ်၊ အရက်သောက်လေ့သောက်ထ မရှိဘူး"

"ကောင်းတာပေါ့ကွာ၊ အန်ကယ်ကတော့ ဆေးဖြစ် ဝါးဖြစ်တော့ သောက်တယ်၊ အကြိုက်ကြီးတော့မဟုတ်ဘူး အိုက်ကော..."

"ဗျာ..အစ်ကိုကြီး"

"မင်းကောင်တွေကို အလွန်အကျွံ မသောက်နိုင်းနဲ့ ပျော်ပွဲစားထွက်လာတာမဟုတ်ဘူး၊ ကင်းစောင့်ရမယ်"

"သိပ်မများပါဘူး အချမ်းပြေရုံလောက်ပါ"

တိုက်ပျက်ကလေးအပြင်ဘက်တွင် မိုးက သည်းသ ထက်သည်းနေလေတော့သည်။ နန်းသီရိလှိုင်တစ်ယောက် ခ ပန်းလာသလို တောကြီး၏အအေးဒဏ်ကြောင့် စောင်ကလေး ခြုံပြီးကွေးနေသလို ဦးခွန်ပိုင်လည်း အရက်ရှိန်လေးနှင့် မှေးအ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

ဦးအိုက်ကောတို့(၄)ယောက်ကတော့ အရက်သောက်သို့ကောင်းနေဆဲပေ။ တဖြည်းဖြည်းနှင့်ညဉ့်ကနက်လာပြီး အားလုံးအိပ်ပျော်နေပေမယ့် နေမင်းအိမ်ကတော့ အိပ်မပျော်နိုင်။

"ရှပ်…ရှပ်…ရှပ်.."

"ဟင်…"

နေမင်းအိမ်နားထဲတွင်ကြားလိုက်ရသော ခြေသံမှာ လူတစ်ယောက်ခြေသံမဟုတ်၊ သတ္တဝါတစ်ကောင်၏ခြေသံတစ်ခုပင်ဖြစ်သည်။ ခါးကြားမှ ဓားမြှောင်ကိုထုတ်ပြီး ခြေသံကြားရတဲ့ဘက်ဆီသို့ ချဉ်းကပ်လိုက်သည်။

"ဟာ…"

တိုက်ပျက်ကြီးအနောက်ပေါက်မှဝင်လာသော မျောက်ကြီးအုပ်စုကိုတွေ့လိုက်ရသဖြင့် နေမင်းအိမ် ဓားမြှောင်တစ်လက်နှင့်ရင်ဆိုင်ဖို့ မဖြစ်နိုင်။

"ကိုနေမင်းအိမ်"

"ဟင်…နန်းသီရိလှိုင်၊ မင်းသေနတ်ရော"

"ဒီမှာ….ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ.."

"အဲ..."

နန်းသီရိလှိုင် မျောက်ဝံအုပ်စုကိုတွေ့သွားပြီး နေမင်းအိမ်ကျောတွင် ခေါင်းလေးပုပြီး ကပ်နေလိုက်တော့သည်။

နေမင်းအိမ် ပစ္စတိုကိုမောင်းတင်ပြီး အရင်ဆုံးဝင်လာတဲ့မျောက်ဝံကြီးကို ခြောက်လှန့်ပစ်လိုက်သည်။

"ဒိုင်း..."

"ဂီး...ဂါး..."

"ဒိုင်း...ဒိုင်း.ဒိုင်း..."

သေနတ်သံကို ဆက်တိုက်ပစ်ခတ်လိုက်သောကြောင့် မျောက်ဝံတွေ ရှေ့ကိုမတိုးတော့ဘဲ နောက်ကြောင်းပြန်လှည့်ထွက်ကြသည်။ ဦးခွန်ပိုင်နှင့်အိုက်ကော်တို့ပါ နိုးလာပြီး ကြောင်တိကြောင်အန်းနှင့်သေနတ်ကိုဆွဲကာ ဘာကိုပစ်ရမှန်း မသိဖြစ်နေကြသည်။

"မောင်နေမင်းအိမ်..ဘာဖြစ်တာလဲ"

"မျောက်ဝံအုပ်စု ဝင်လာလို့ခြောက်လှန့်ထုတ်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီရယ်…ကြောက်စရာအကောင်ကြီးတွေ အသိ အနောက်ကျရင် မလွယ်ဘူး"

"အိုက်ကော…"

"ဗျာ‥အစ်ကိုကြီး"

"မင်းပြောတော့ အချမ်းပြေရုံလေးဆို၊ ဘာမှအသုံး မဝင်တဲ့ကောင်တွေ ဆက်ပြီးမလိုက်နဲ့၊ ဒီမှာနေခဲ့ကြတော့"

"တောင်း…တောင်းပန်ပါတယ်အစ်ကိုကြီး၊ ဒီခွေး သားတွေကို သတိပေးထားရက်နဲ့၊ တယ်‥ငါလုပ်လိုက်ရင် သတော့မယ်"

ဦးအိုက်ကော သူ့ကောင်တွေကို မာန်မဲဆဲဆိုနေတော့ သည်။

"မောင်နေမင်းအိမ် သေနတ်က ဘယ်ကရတာလဲ"

"နန်းသီရိလှိုင်ဆီကပါ၊ ဒီကောင်တွေနောက်တစ်ခါ ပြန်မလာတော့ပါဘူး၊ စိတ်ချစွာအိပ်လို့ရပါပြီ အန်ကယ်"

"သီရိတော့ အိပ်ရမှာတောင်ကြောက်နေပြီ"

"ဒီတစ်ခါလေးလေးကိုယ်တိုင် မအိပ်ဘဲစောင့်ပါမယ်"

"အိုက်ကော…ဒီတစ်ခါလွဲချော်ရင် မင်းတို့(၄) ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကံမကောင်းနိုင်တော့ဘူးလို့မှတ်''

နေရာကိုယ်စီမှာပြန်ပြီးနေကြပေမယ့် အိပ်လို့မရကြဘေ

''မောင်နေမင်းအိမ် တောရဲ့အထာကိုတော်တော်လေ ကျွမ်းကျင်မှုရှိတာပဲနော်''

''ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝကတည်းက တော ထဲမှာကြီးပြင်းနဲ့ရတဲ့သူတွေမို့ပါ''

''ကိုနေမင်းအိမ် တောအထာတင်မကပါဘူး၊ မြို့ပေါ် က ကားမောင်းတဲ့ဘက်မှာလည်း အရမ်းကိုတော်တယ်''

''ဒီလောက်ကြီးမဟုတ်ပါဘူး နန်းသီရိလှိုင်''

''ကော်ဖီမှုမှုလေး သောက်လိုက်ပါလား''

သူမကိုယ်တိုင် စတီးခွက်ကလေးထဲ ငှဲ့ပေးပြီးပေးလိုက် သည်ကိုလှမ်းယူပြီးသောက်လိုက်မိသည်။ သူမဘက်မှ စတွေ့ စဉ်ကလို အထင်သေးသောအကြည့်တွေ၊ ခွဲခြားဆက်ဆံမှု တွေ ကင်းစင်လာလေပြီ။

''ငါ့သမီးကတော့ ပျော်ပွဲစားထွက်လာသလိုပဲဟေ့''

''ဒယ်ဒီတို့ဘယ်လိုကိစ္စနဲ့ပဲလာလာ၊ သမီးကတော့ အပျော်ခရီးထွက်တယ်လို့ပဲ သဘောထားရမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အနှုရာယ်ထူပေါတဲ့နေရာကို ငါ့သမီးမို့ အပျော်ခရီးသတ်မှတ်ရတယ်လို့"

"သမီးအတွက် ကိုနေမင်းအိမ် တစ်ယောက်လုံးရှိနေရင် ကြောက်စရာမရှိတော့ဘူး၊ ဟုတ်တယ်မဟုတ်လား"

နေမင်းအိမ် ခေါင်းကလေးကိုသာညိတ်ပြလိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

တောတွင်းနယ်စပ်အိမ်ကလေးတစ်ခုဆီသို့ နေမင်းအိမ်တို့ နေမွန်းတည့်ချိန်လောက်တွင် ရောက်ရှိခဲ့ကြသည်။ နယ်စပ်ဂိတ်ကလေးကို ချုပ်ကိုင်ထားသူတွေကတော့ တောတွင်းလက်နက်ကိုင်တပ်ဖွဲ့တွေပင်ဖြစ်သည်။ နေမင်းအိမ်တို့အားလုံး ကားပေါ်မှ ဆင်းပေးရပြီး ပါလာသော ပစ္စည်းတွေကို စစ်ဆေးပြီး လက်နက်တွေကို သိမ်းဆည်းလိုက်ကြသည်။

"မင်းတို့ထဲက ခေါင်းဆောင်ဘယ်သူလဲ"

"ကျုပ်ပဲ..ဘာလုပ်ပေးရမလဲ ပြောပါ"

ဦးခွန်ပိုင် သေနတ်သမားကိုပြောလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံရေးဂိတ်ကို လိုက်ခဲ့"

"မှောင်နေမင်းအိမ်တို့ ဒီကနေပဲစောင့်ကြ"

"ဟုတ်ကဲ့ အန်ကယ်"

ဦးခွန်ပိုင်လိုက်သွားပြီးခဏကြာတော့ ပြန်ပြီးထွက်လာခဲ့သည်။

"ကားတွေကိုတော့ ဒီဘက်မှာ ထားခဲ့ပြီးဟိုဘက်ကို ကူးကြရအောင် ...နေမင်းအိမ်"

နေမင်းအိမ် တစ်ဖက်ဆိုသောနေရာကိုလှမ်းလာလိုက်တော့ တံတားလေးတစ်ခုရဲ့ အဆုံးတစ်ဖက်နေရာလေးတစ်ခုပင်ဖြစ်သည်။ ထူးထူးခြားခြား ကူးဖြတ်ရမှာမဟုတ်။

"သွားကြမယ်ဟေ့၊ ဒီလမ်းကြောင်းတွေက အရင်လို မဟုတ်တော့ဘူး၊ အစိုးရဘက်ကနယ်မြေတွေကို သိမ်းပိုက်သာတာနဲ့ တောထဲကကောင်တွေ အနေကျပ်လာကြပြီ၊ ဒီကြားထဲ အစိုးရထံကို လက်နက်ချ၊ ငြိမ်းချမ်းရေးယူတဲ့ လက်နက်ကိုင်အဖွဲ့တွေပါ ပေါ်ပေါက်လာတော့ သွားရ လာရတာ ကောင်းတော့ဘူး"

ဉပဒေမဲ့လှုပ်ရှားနေသူတွေအတွက် ကောင်းမွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်သည်ကို ဦးခွန်ပိုင် မသိချင်ယောင်ဆောင်နေခြင်းပင် ဖြစ်သည်။ ဖြတ်ကူးလာသော သစ်သားတံတားကြီးဆို့ပေ မြေ အောက်တွင် ချောင်းငယ်လေးတစ်ခုသာ ရှိနေသည်။

"အစ်ကိုကြီး"

"ဘာလဲ အိုက်ကော"

"ကျွန်တော်တို့လက်နက်တွေသိမ်းထားတော့ အရေး အကြောင်းဆိုရင် ဘာနဲ့ပြန်ပြီးချမလဲ"

"လက်နက်ယူခွင့်ကိစ္စကိုဘယ်လိုမှ ညှိလို့မရဘူး"

"ကလူသာနဲ့ပတ်သက်တယ်လို့ ပြောလို့ရောမရဘူးလား"

"မရဘူး၊ ခု ဒီနယ်မြေမှာ စိုးမိုးနေတဲ့ကောင်တွေက လူသစ်ကောင်တွေ၊ လူပျောင်းတွေကိုဖြတ်ချပြီး လူသစ်တွေ နဲ့ အစားထိုးထားတာ"

"ဒီအတိုင်းဆို ခရီးဆက်လို့ကောင်းပါ့မလား"

"မကောင်းလည်း ဒီနေရာရောက်မှတော့ပြီးဆုံးအောင် သွားရမှာပဲပေါ့၊ ဒီနယ်မြေကိုကျော်ပြီးရင်တော့ ဘာမှ စိုးရိမ် စရာမရှိတော့ဘူး၊ ရှေ့နယ်မြေကိုရောက်ရင် အေးဆေးသွား ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နယ်မြေဆိုတာ သခင်မကြီးတပ်တွေ ခြေကုတ်ယူထားတဲ့နယ်မြေမဟုတ်လား"

ဦးခွန်ပိုင်... နေမင်းအိမ်ဘက်ကိုတစ်ချက်ငဲ့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သဘောကတော့ နေမင်းအိမ် မသိစေချင်သည့်သဘောကိုဆောင်နေသည်။ နေမင်းအိမ်ရိပ်မိပေမယ့် မသိချင်ယောင်ဘဲဆောင်နေလိုက်သည်။ သူနှင့်မပတ်သက်သောကိစ္စမို့ စိတ်မဝင်စား။

"အားလုံးရပ်စမ်း"

"ဟင်...ဟာ..ဟယ်..."

သေနတ်သမား (၁၀)ဦး နေမင်းအိမ်တို့ကိုရှေ့မှပိတ်ပြီး သေနတ်တွေနှင့်ချိန်ရွယ်ထားလိုက်ကြသည်။

"ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ဒီဘက်ကိုဖြတ်ကျော်လာတာလဲ၊ ပြောစမ်း"

"ငါတို့ ကျောက်ငှူစခန်းကိုသွားမလို့ ကလူသာမိတ်ဆွေတွေပါ"

"ကလူသာ သမိုင်းကြောင်းကပြီးဆုံးသွားပြီ၊ သူနဲ့ ပတ်သက်တာတွေကိုလာပြီးမပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမကောင်းတော့သည်ကိုသိလိုက်၏။

"ကျုပ်တို့ အရောင်းအဝယ်တစ်ခုနဲ့သွားကြမှာပါ"

"အဖြူလား..ကျောက်လား"

"တစ်ခုမှမဟုတ်တဲ့ကိစ္စနဲ့သွားမှာပါ"

"လမ်းကြောင်းကြေးဆောင်ခဲ့ပေါ့"

"ဟိုဘက်ဂိတ်မှာပေးခဲ့ပြီးပြီ"

"ဟိုမှာပေးတာနဲ့ဒီမှာပေးတာ မဆိုင်ဘူး"

"မင်းတို့လုပ်ပုံက စည်းမဲ့ကမ်းမဲ့ဖြစ်နေပြီ၊ ငါ့ဒီလမ်းကြောင်းကိုခုမှ ဖြတ်သွားတာမဟုတ်ဘူး၊ သွားခဲ့တဲ့အခေါက်ပေါင်းများနေပြီ၊ ဒီလိုပုံစံမျိုးမရှိဘူး"

"ခင်ဗျားကြီး စကားတယ်ပြီးပြောတာကိုး၊ အရင်က အကြောင်းတွေလာပြီးပြောမနေနဲ့၊ လက်ရှိအတိုင်းပဲ စကားပြော"

"ရတယ်လေ၊ မင်းတို့နယ်မြေထဲရောက်နေပြီဆိုတော့ မင်းတို့ဖြစ်စေချင်တဲ့အတိုင်းဖြစ်စေရမယ်၊ ငွေဘယ်လောက်ပေးရမလဲ"

"(၁၀) သိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…များလှချည်လား၊ ထုံးစံမဟုတ်တာပဲကွာ"

"မပေးနိုင်ဘူးဆိုရင်တော့ ဟော့ကောင်တွေ ဟိုမဒီလေးကို ဆွဲခေါ်ခဲ့စမ်း"

"ဒယ်ဒီ..ကိုနေမင်းအိမ် ကယ်ပါဦး"

နေမင်းအိမ် နန်းသီရိလှိုင်ရှေ့တွင်ပိတ်ရပ်လိုက်ပြီး

"မင်းတို့ငွေကြေးကိစ္စကို မင်းတို့ချင်းရှင်းပါ၊ မဆိုင်တဲ့သူတွေကို ဒုက္ခမပေးပါနဲ့"

"အလို..အာဂကောင်ပါလားကွ၊ သေနတ်ကို မင်းမတွေ့မှတ်နေလား၊ ပစ်ရင်သေတတ်တယ်နော်၊ ရှေ့ကနေဖယ်"

"လက်ထဲမှာ သေနတ်ရှိတာနဲ့ အနိုင်ကျင့်လို့ရပြီဆိုတဲ့သတ္တိတွေကိုချီးကျူးရမလိုဖြစ်နေပြီ၊ မင်းတို့ပစ်တော့လည်းပစ်ပေါ့ကွာ၊ ငါ့ကိုပစ်ပြီးမှပဲ ခေါ်သွားလို့ရမယ်"

"မင်းတို့လိုချင်တဲ့ငွေ (၁၀)သိန်းပေးမယ်၊ ငါ့သမီးကိုထိနဲ့"

"ကြက်ရိုး၊ နောက်ကိုပြန်ပြီးလာလိုက်"

"အိုက်ကော..ဟိုအိတ်ထဲကငွေ(၁၀)သိန်းကိုထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်''

''ဟုတ်ကဲ့ . . အစ်ကိုကြီး''

ဦးအိုက်ကောာ ငွေ(၁၀)သိန်းကိုထုတ်ပေးလိုက်ပေမယ့် ခေါင်းဆောင်လုပ်သူက နန်းသီရိလှိုင်ကိုမျက်စိကျနေပြီ။

''ကျုပ်စိတ်ကူးပြောင်းသွားပြီ၊ ခင်ဗျားဆီက ငွေကိုမယူ ချင်တော့ဘူး၊ ဟောဒီက နတ်သမီးလေးကိုသာထားခဲ့လိုက်''

''ဘာကွ''

''ဟင် . . .''

''မင်းတို့ဒါ သက်သက်အနိုင်ကျင့်တာပဲ၊ မတရား မလုပ်နဲ့''

''ဟား . . ဟား . . . ဟား . . . ကျုပ်တို့လောကမှာ တရား တယ်၊ မတရားဘူးဆိုတာ မရှိဘူး၊ ကြာတယ်ဟော့၊ ဆွဲခေါ် လာတော့''

''ဒယ်ဒီ''

နန်းသီရိလှိုင်ကို သေနတ်သမားတစ်ယောက် ဆွဲခေါ် ဖို့လာတော့၏။

နေမင်းအိမ် ဘာလုပ်ရမလဲဆိုတာကိုတွေးတော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သည်။

သူ့နောက်ဘက်တွင် သစ်ပင်ကြီးကို အကာအကွယ်ယူပြီးတိုက်ခိုက်ဖို့ စဉ်းစားထားသဖြင့်

"အန်ကယ်တို့ဒီဘက်ကိုပြေးခဲ့တော့"

နေမင်းအိမ်လှမ်းပြီးအော်ပြောလိုက်သည်တွင်

"ဒိုင်း...အား"

"ဟယ်...ပစ်ကြစမ်း.."

"ဒိုင်း...ဒိုင်း...ဒိုင်း..."

နေမင်းအိမ် လာနေသော သေနတ်သမားကို သေနတ်နှင့်လှမ်းပစ်ပြီး သစ်ပင်ကြီးနောက်သို့ နန်းသီရိလှိုင်ကိုဆွဲ ခေါ်ပြီး ချန်းကွယ်လိုက်သည်။ ဒိုက်ကောတို့ကတော့ ရွေ့တဲ့နေရာတို့ ပြေးဝင်ကြတော့သည်။

"ဒိုင်း...အီး.."

နေမင်းအိမ် တစ်ယောက်ချင်းကို ပစ်ချနေသည်။

"အန်ကယ်တို့ ဒီဘက်ကိုရွှေ့ခဲ့"

တစ်ဖက်သေနတ်သမားတွေက သစ်ပင်ကွယ်တွေတွင် နေရာယူပြီး လှမ်းပစ်ကြသော်လည်း နေမင်းအိမ်ဆီမှာ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းကြောင့် ထွက်မတက်ရဲကြပေ။

"မင်းတို့ ပြေးလွတ်မယ်လို့ထင်နေလား၊ ခွေးမသား-- မင်းကိုမိအောင်ဖမ်းပြီး သတ်ပစ်မယ်၊ ခွေးမသားတွေကို ခေါင်းမဖော်အောင်နှိပ်ပစ်ကြစမ်း"

သေနတ်သံတွေမှာ အဆက်မပြတ်ပေါ်ထွက်ပေမယ့် ထိရောက်ခြင်းတော့ မရှိပေ။

"အန်ကယ်တို့ဒီနေရာကနေမထွက်နဲ့နော်၊ နန်းသီရိလှိုင် ကျည်ကပ်ကျန်တာပေး"

"ရော့…ကိုနေမင်းအိမ်"

နန်းသီရိလှိုင်ပေးတဲ့ကျည်ကပ်တွေကိုယူပြီး တစ်ဖက်သစ်ပင်ဆီသို့မြေတွင်လျှောင်မြန်စွာလှိမ့်၍ကူးသွားလိုက်သည်။

"ဒိုင်း…အား…ဒိုင်း…အီး"

နေမင်းအိမ်၏သေနတ်ပစ်ချက်မှာ တစ်ဖက်သေနတ်သမားတို့ တစ်ယောက်ပြီးတစ်ယောက် အထိနာနေကြသည်။

"အတင်းဝင်ပြီး ပစ်ကြကွာ"

ခေါင်းဆောင်လုပ်သူက သူ့ကောင်တွေကို အတင်းပြေးတက်ခိုင်းသဖြင့် ကျန်နေသော ကောင်တွေမှာ နေမင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီသို့ အတင်းပြေးဝင်ကြတော့သည်။

"ဟော့...ဒိုင်း..ဒိုင်း..."

ခေါင်းဆောင်လုပ်သူကို ကြောက်လန့်ပြီးသားပြေး တက်ခဲ့ကြပေမယ့် ရဲရဲတင်းတင်းတော့ မဝင်ရဲကြပေ။ နေမင်းအိမ်အတွက်တော့ ပြေးဝင်လာနေသူများကို စိတ်တိုင်းကျ အပိုင်ပစ်ခွင့်ရပြီး (၃)ယောက်လောက်သာ ပစ်လိုက်ရသည်။ ကျန်သော ကောင်တွေမှာ နောက်ကိုပြန်ပြီးပြေးကြလေသည်။

"ဘာမှ အသုံးမကျတဲ့ကောင်တွေ၊ တစ်ယောက်တည်းတောင် နိုင်အောင် မသတ်နိုင်ကြဘူး၊ ပေးစမ်း လက်ပစ်ဗုံး"

ခေါင်းဆောင် လက်ပစ်ဗုံးစနက်တံကိုဖြုတ်ပြီး နေမင်းအိမ်တို့ဆီကိုလှမ်းပြီးပစ်လိုက်ရာ...

"ဘုတ်..."

"ဟာ.."

လက်ပစ်ဗုံးမှာ မြေပြင်ပေါ်သို့ကျပြီး မပေါက်ကွဲသေးခိုက်တွင် နေမင်းအိမ်သည် လျင်မြန်စွာ လက်ပစ်ဗုံးကို ကောက်ယူပြီးတစ်ဖက်သို့ ပြန်ပစ်လိုက်တော့သည်။

"ဟာ..ဝပ်...ဝပ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း....."

လက်ပစ်ဗုံးပေါက်ကွဲသံနှင့်အတူ သေနတ်သမားတွေ အခြေအနေယိမ်းယိုင်ကာ ခြေဦးတည့်ရာကိုပြန်ပြီးဆုတ်သွား တော့သည်။ နေမင်းအိမ် ဒဏ်ရာနှင့်ကျန်ရစ်ခဲ့သူတွေကို ဆွဲ ထူပေးလိုက်စဉ်

"ကျွန်...ကျွန်တော်တို့ကို မသတ်ပါနဲ့"

"မင်းတို့နဲ့ငါတို့ကြားမှာ သတ်ဖြတ်စရာအကြောင်း တစ်ခုမှ မရှိဘူး၊ ငါတို့အသက်ကို ရန်ရှာလို့ ခုလိုတုံ့ပြန်ရတာ မင်းကောင်တွေကို တွဲခေါ်ပြီး ကိုယ့်လမ်းကိုယ်ပြန်ကြတော့"

"ကျေး...ဇူးတင်ပါတယ်"

"ခွေးမသားတွေ သေအောင်သတ်ရမှာ"

ဦးအိုက်ကော ပုန်းနေရာမှထွက်လာပြီးဒဏ်ရာရထား သည့် သေနတ်သမားကို သေနတ်နှင့်ချိန်ပြီး သတ်ဖို့ပြင်ခြင်း ကြောင့်

"ဦးအိုက်ကော...ခင်ဗျားမလုပ်ပါနဲ့"

"မလုပ်လို့ရမလားကွ၊ ကိုယ့်ကိုသတ်တဲ့ကောင်ကိုသာ ကို သတ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပစ်တာနဲ့ ကျူပ်သေနတ်ကလည်း စကားပြော
ိမ့်မယ်ဆိုတာ သဘောပေါက်"

"မင်း…"

"အိုက်ကော..မင်းကအစုမှလာပြီးအစွမ်းပြချင်တာ လား၊
ကုယ်အသက်လုပြီး ရင်ဆိုင်တုန်းကတော့ ဘာတစ်ခုမှ
အားကိုးမရဘူး၊ အားလုံးကိုလွှတ်ပေးလိုက်"

ဦးအိုက်ကော မကျေနပ်ပေမယ့် ဘာမှမပြောသာ
သာကြောင့်လွှတ်ပေးလိုက်ရတော့သည်။

"မောင်နေမင်းအိမ်ရဲ့သေနတ်ပစ်ကျွမ်းကျင်မှုကို တကယ်
ချီးကျူးလောက်ပါတယ်"

"ဒီလောက်ကြီးမဟုတ်ပါဘူး"

"ဒါနဲ့ သေနတ်ကိုဘယ်လိုလုပ်ပြီးသယ်ခဲ့တာလဲ"

"ကျွန်တော် သယ်ခဲ့တာမဟုတ်ပါဘူး၊ နန်းသီရိလှိုင်
အောင်သယ်ခဲ့တာပါ"

"သမီးကို ဟိုသူပုန်တစ်ယောက် ဖမ်းနေတာကို အခွင့်
ကောင်းယူပြီး သေနတ်ကို ခါးကြားမှာဖွက်ပြီးယူခဲ့တာပါ"

"ဟူး..တော်သေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းရှောက်မှ ကိုနေမင်းအိမ်လက်ထဲကိုထည့်ပေး
လိုက်တာ ဒယ်ဒီ"

"ငါတို့ ဒီမှာအကြာကြီးနေလို့မကောင်းဘူး၊ ဒီကနေ
အမြန်ဆုံးခွာကြမယ်"

သေနတ်သမားတွေထံမှ ရခဲ့သောသေနတ်တွေကိုယူပြီး
ခရီးဆက်ကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သခင်မကြီး နန်းတိတြာတောက်ပုံမှုတွေနှင့် တောတွင်းမှာ ရပ်တည်နေသော ဘိန်းမှောင်ခိုအဖွဲ့၏စခန်းဖြစ်သည့် ကျောက်ဂူ ခန်းကို နေမင်းအိမ်တို့ရောက်ခဲ့ကြတော့သည်။

"ဆရာ ခွန်ပိုင်"

"ကလူသာ‥မင်းက ဒီကိုရောက်နေတာကိုး"

"ဟုတ်တယ်ဆရာခွန်ပိုင်ရေ-ဟိုကောင်တွေနဲ့ခွဲထွက်ပြီး ဒီမှာပဲတပ်ပေါင်းပြီးနေနေတာလေ၊ ဗိုလ်ကြီးစိုင်းကနက်တောင် ဆရာခွန်ပိုင်တို့ကိုစိုးရိမ်နေတာ၊ သွားပြီးတွေ့လိုက်ပါဦး"

နေမင်းအိမ်နှင့်နန်းသီရိလှိုင်တို့(၂)ယောက်သား နောက် ကနေလိုက်ခဲ့ပြီး အိုက်ကောတို့ကတော့ စခန်းထဲက အရက်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆီကိုသွားကြတော့သည်။

"အန်ကယ်... ကျွန်တော်ပြန်ပြင်ကပဲစောင့်တော့မယ်"

"အေး...ကွာ..အန်ကယ်စကားပြောပြီးတာနဲ့ပြန်ထွက်လာမှာ... ဒီနေရာမှာတော့ ဘာမှ စိုးရိမ်စရာမရှိဘူး၊ စိတ်ချလက်ချသာ နေကွာ၊ သမီးလည်း နေခဲ့လေ"

"ဟုတ်ကဲ့"

နေမင်းအိမ်တို့နှစ်ယောက် ဝါးကွပ်ပျစ်လေးပေါ်တွင် ထိုင်နေလိုက်ကြတော့သည်။ နန်းသီရိလှိုင်မျက်နှာပေါ်တွင် ဝမ်းနည်းမှုတွေ တွယ်ကပ်နေသည်။

"နန်းသီရိလှိုင်..တစ်ခုခုဖြစ်နေသလိုပဲ"

"ဟုတ်တယ်..ကိုနေမင်းအိမ်၊ ဒယ်ဒီကြောင့်ပါ"

"မင်းပြောပြချင်တယ်ဆိုရင် ပြောပြပါ၊ ကျုပ်အနေနဲ့တော့ မမေးပါဘူး"

"သီရိ ပြောပြမှာပါ...ဒယ်ဒီကို ကျွန်မ ဒီလောက်ထိဆက်နွယ်ပတ်သက်နေမယ်လို့ မထင်ထားခဲ့ဘူး၊ ခုဒီစခန်းရောက်မှ ဒယ်ဒီဟာ ထိပ်တန်းမူးယစ်ဆေးဝါးခေါင်းဆောင်တစ်ဦးဆိုတာကို သိလိုက်ရတယ်၊ ကျွန်မ ဘယ်လိုမှဖြေ



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ဒါဟာ ဟိုသခင်မကြီးရဲ့ ခိုင်းစေမှုတွေပဲဖြစ်ရမယ်၊ သူချမ်းသာနေမှုတွေဟာ ဒီမူးယစ်ဆေးဝါးကတစ်ဆင့်ရနေတာကိုး..''

''မင်းဒယ်ဒီဟာ ငါ့ကို တခြားအလုပ်ကိစ္စအကြောင်းပြပြီးခေါ်လာတာကို စိတ်မကောင်းဘူး၊ ဒီကနေ ဟိုကိုပြန်ရောက်ရင်နောက်တစ်ခါ မင်းဒယ်ဒီနဲ့ပတ်သက်စရာ အကြောင်းမရှိတော့ဘူး''

''သိရိတောင်းပန်ပါတယ်''

''ခုကိစ္စမှာ မင်းက တကယ်ကိုအပြစ်ကင်းတဲ့သူပါ၊ တစ်ခု စဉ်းစားလို့မရဘူး''

''ဘာကိုလဲ ကိုနေမင်းအိမ်''

''ကျုပ်ကို ဒီစခန်းထိခေါ်လာခြင်းဟာ ယာယီသဘောနဲ့ခေါ်လာတဲ့ပုံစံမျိုးမဟုတ်ဘူး၊ သူ့အတွက် အမြဲတမ်းလူလို့သတ်မှတ်ပြီး ခေါ်လာတာမျိုးဖြစ်နေတယ်''

''ကိုနေမင်းအိမ် တွေးတာမှန်တယ်၊ သူဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို သိခွင့်ပေးတာ သူ့လူလို့ သတ်မှတ်လိုက်တဲ့သဘောပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်...လက်မခံနိုင်ဘူး၊ ကျုပ် မင်းဒယ်ဒီကိုကူညီခဲ့တာ ရိုးသားတဲ့ကူညီမှု၊ ခုလို ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်တွေကို မကူညီပေးနိုင်ဘူး၊ ငွေ (၁၀)သိန်းနဲ့ကျုပ်ဘဝအနာဂတ်ကို ဒုစရိုက်လောကမှာ မနစ်မြှုပ်နိုင်ဘူး"

"ကျွန်မလည်းဒယ်ဒီကို ဒီလောကထဲမှာ မနေစေချင်ဘူး။ ဒယ်ဒီနဲ့စကားပြောရမယ်"

"နန်းသီရိလှိုင် ဒီမှာတော့ ဘာမှမပြောဘဲနေလိုက်ပါ၊ အိမ်ကိုပြန်ရောက်မှ ပြောစေချင်တယ်၊ ဒီမှာဆိုရင် မသင့်ဘူး"

နေမင်းအိမ်တို့စကားမဆုံးခင် ဦးခွန်ပိုင်နှင့်မိုလ်ကြီးစိုင်းကနက်သာဆိုသူ ထွက်လာသဖြင့် စကားကိုရပ်ပစ်လိုက်ကြသည်။

"စိုက်ကနက်ရေ..ငါပြောတာသူပေါ့၊ နေမင်းအိမ်တဲ့"

"မင်းပြောတဲ့စကားကိုကြားရရုံနဲ့ မင်းအတွက် အားကိုးရမယ့်လူတစ်ယောက်ဖြစ်ပြီပေါ့ကွာ၊ ဒါပေမယ့်မင်း..မပိုင်.."

"စိုင်းကနက်..."

"ဆောရီးကွာ..."

စိုင်းကနက်သာ သူဆက်ပြီးပြောမည့်စကားကို ဦးခွန်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဟန့်လိုက်သောကြောင့် စကားတန့်သွားသည်။

"ဒီမှာအေးအေးဆေးဆေးနေကွာ၊ သခင်မအတွက် လာပြီး ပို့မယ့်ပစ္စည်းက (၂)ရက်လောက်ကြာဦးမှာဆိုတော့ ငါတို့စခန်းမှာ ပျော်သလိုသာနေပေတော့"

"မောင်နေမင်းအိမ်ရေ.. ငါတို့နားကြမယ့်တဲကိုသွားကြရအောင်"

"ဟုတ်ကဲ့"

နေမင်းအိမ်အတွက် သံသယဖြစ်ပွားစရာ များစွာကိုသတိပြုမိနေပြီဖြစ်သည်။ အဖြေကတော့ မသိသေးချေ။ သူ့စိတ်ထဲတွင် သိလိုက်တာတော့ ဦးခွန်ပိုင်သည် သူ့အပေါ်တွင်သိုးငယ်ယောင်ဆောင်ထားသော ဝံပုလွေတစ်ကောင်ပင်ဖြစ်သည်။

နေမင်းအိမ်အတွက် ယခုတစ်ပါးသူပိုင်နက်ထဲရောက်နေသဖြင့် စိတ်ထဲက မကျေနပ်မှုတွေကို ထုတ်ဖော်လို့မဖြစ်၊ မြို့ကိုပြန်ရောက်မှသာ ပြတ်ပြတ်သားသားရှင်းရတော့မည်ဖြစ်သည်။

"မောင်နေမင်းအိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အန်ကယ်"

"အန်ကယ် စုလို မောင်နေမင်းအိမ်ကို တခြားအကြောင်း ပြရျက်နဲ့ခေါ်လာတဲ့အပေါ် စိတ်ခုနေမှာပေါ့"

"မခုပါဘူးအန်ကယ်၊ ကျွန်တော့်တာဝန်က အန်ကယ်ရဲ့ နန်းသီရိလှိုင်ကိုကာကွယ်ပေးဖို့လိုက်လာတဲ့သူပါ၊ တခြား ကိစ္စတွေက ကျွန်တော်နဲ့မဆိုင်ပါဘူး"

"မင်းဘဝကြီးကို ကျေးတောသားဘဝနဲ့ပဲ အဆုံးသတ် တော့မှာလား မောင်နေမင်းအိမ်"

"လူဆိုတာ ချမ်းသာခြင်းကိုမက်မောတတ်ကြတဲ့သူတွေ ပါပဲ၊ ဒါပေမယ့် ကိုယ့်ဘဝက်က လိုသေးတယ်"

"မင်းရဲ့ကံလမ်းကြောင်းကို အန်ကယ်က ဖွင့်ပေးမယ်ဆို ရင်ရောကွာ"

"ကျွန်တော့်ဘက်က ဘာတွေလုပ်ပေးရမှာလဲ"

"တခြားဘာမှ မလုပ်ပေးရပါဘူး၊ အန်ကယ့်စကားကို ခေါင်းညိတ်ပြီး နားထောင်ပေးရုံပါပဲ"

"အန်ကယ့်ဘက်က ပွင့်ပွင့်လင်းလင်းပြောပြည့်ပါ"

"မင်း အမျိုးသမီးတစ်ဦးကို လက်ထပ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

နေမင်းအိမ်အတွက် ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စတစ်ခု၊ သူ့ဘဝတွင် နန်းရတီပိုင်းမှလွဲပြီး တခြားဘယ်သူ့ကိုမှ လက်ခထပ်နိုင်။

"မင်းအတွက် ခက်ခဲမယ့်ဆိုတာ အန်ကယ်သိပါတယ်၊ မင်းနဲ့ နန်းရတီပိုင်းဟာ မကြာခင်လက်ထပ်ကြတော့မှာကို အန်ကယ် သိပြီးသားပါ"

"အန်ကယ်သိထားရင် ဘာလို့များ တခြားမိန်းကလေးနဲ့ လက်ထပ်ဖို့အကြောင်းကိုပြောရတာလဲ"

"မင်းဘဝအတွက် အကောင်းဆုံးဘဝတစ်ခုကို ရစေချင်လို့ပါ"

"အန်ကယ်နဲ့ပတ်သက်ပြီး တခြားကိစ္စတွေကိုပဲ စကားပြောပါလား အန်ကယ်"

နေမင်းအိမ် အမှန်တကယ်ဆိုရင် ဦးခွန်ပိုင်နဲ့ဘယ်လိုသောကိစ္စကိုမှ စကားမပြောချင်ပါ။ ဒါပေမယ့် သူ့လက်ထဲကိုရောက်နေသောကြောင့် ပရိယာယ်ဆင်ပြီး ပြောနေခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်ကိစ္စတွေထဲမှ ခုမင်းကိုပြောတဲ့ကိစ္စဟာ အရေး ပါဆုံးကိစ္စတစ်ခုဖြစ်နေတယ်"

"ဟင်..."

နေမင်းအိမ် တကယ်ပင် စဉ်းစားလို့မရနိုင်တော့။ မိန်း တစ်ယောက်ကို လက်ထပ်ပေးဖို့ကိစ္စဟာ ဦးခွန်ပိုင်အတွက် အရေးကြီးဆုံးကိစ္စတစ်ခုဖြစ်နေခြင်းပင်။

"ဒယ်ဒီ..."

"သြော်...သမီးတော်င် ရေချိုးပြီးပြီကိုး၊ မောင်နေမင်းအိမ် နောက်မှ စကားဆက်ပြီးပြောကြတာပေါ့ကွာ၊ အန်ကယ် စားသောက်ဖို့အတွက် ပြင်ဆင်ပြီးစောင့်နေမယ်၊ သမီးလေး မောင်နေမင်းအိမ်ပဲ ခေါ်ခဲ့တော့"

နန်းသီရိလှိုင်အခန်းထဲတွင် အသတ်အစားလဲနေသည် အပြင်တွင် ထိုင်စောင့်ရင်း ပဟေဠိဆန်လှသော ဦးခွန်ပိုင် စကားကို စဉ်းစားနေမိသည်။

"ကိုနေမင်းအိမ် သွားကြရအောင်"

"ဟင်...အင်း"

ရေချိုးပြီး ပြန်လာသော ဦးအိုက်ကောရဲ့လက်မောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ာ နဂါးရုပ်ကြီးသည် သူ့ဖခင်နှင့်ရတီဖခင်ကို သတ်ခဲ့သော
လှုသတ်သမားဟု ခိုင်မာဆုံးသက်သေတစ်ခုပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တိမ်ညိုတွေကြားထဲတွင် လရိပ်အပိုင်းကလေးမှာ တိုး ထွက်စပြုနေတာမို့ အလင်းတန်းလေး မြေပြင်ဆီသို့ ဝိုးတဝါး ကျရောက်ပြန်လေသည်။

ဦးခွန်ပိုင် တစ်ယောက်ကတော့ စိုင်းကနက်သာနှင့် အရက် ဝိုင်းဖွဲ့နေသလို အိုက်ကောတို့ကလည်း ပွဲကြီးပွဲကောင်းတွေ နေလေသည်။ နေမင်းအိမ်နှင့် နန်းသီရိလှိုင်တို့ (၂)ဦးသော် လရောင်ဆမ်းသောအောက်မှာ ထိုင်နေ၏။

"မင်း ဒယ်ဒီက ကျုပ်ကို မိန်းမတစ်ယောက်နဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတယ်၊ ဒီအကြောင်းတွေကို မင်းသိထားလား နန်းသီရိငြိုင်"

နန်းသီရိလှိုင်... နေမင်းအိမ်မျက်နှာလေးကို လရောင်လေးနှင့်ကြည့်လိုက်ပြီးနောက်

"သီရိ... ကိုနေမင်းအိမ်ကို မညာချင်ပါဘူး၊ သီရိသိထားပါတယ်၊ ဒီအကြောင်းကို သီရိဖွင့်ပြောပြမယ်ဆိုရင် သီရိဖခင်ပေါ်မှာ အကြီးမားဆုံးသစ္စာဖောက်မှုတစ်ခုပဲ၊ ဒါပေမယ့် သီရိပေါ်မှာရှိခဲ့တဲ့ ကိုနေမင်းအိမ် ကျေးဇူးတရားနဲ့ရိုးသားခြင်းတွေကြောင့် သီရိပြောပြပါ့မယ်၊ အရှင်းဆုံးပြောရရင် သခင်မကြီးနန်းတြိတြာရဲ့ နေနတ်သမီး ရုပ်ထုကြီးပေါ်မှာ ယုံကြည်ကိုးစားမှုတစ်ခုကြောင့်ပါ"

"နေနတ်သမီးရုပ်ထု ဟုတ်လား"

"ဟုတ်ပါတယ် ကိုနေမင်းအိမ်၊ ဒေါ်နန်းတြိတြာတို့ ဘိုးဘွားအစဉ်အဆက်က ကိုးကွယ်ခဲ့တဲ့ ရုပ်ထုကြီးတစ်ခုပါ၊ အစွန်းရောက်ကိုးစားမှုဆိုရင် မမှားပါဘူး၊ဒီပေါ်မှာ ဒေါ်နန်းတြိတြာဟာ အကြွင်းမဲ့ယုံကြည်ပြီး ဘိုးဘွားအမွေကို ဆက်ပြီးခံယူခဲ့တာပဲ၊ နှစ်စဉ် နေနတ်သမီးရုပ်ထုကြီးကို ပူဇော်ပွဲ လုပ်ပေးတယ် ဒီလိုလုပ်ပေးရင်း ဒေါ်နန်းတြိတြာဟာ အိပ်မက်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



မကဲ်ခဲ့တယ်၊ အိပ်မက်ထဲမှာ နေနတ်သမီးက သူ့ကို ယောက်ျား တစ်ယောက်နဲ့ထိမ်းမြားပေးရမယ်လို့ အမိန့်ပေးခဲ့တယ်ဆိုပြီး တစ်နှစ်ကိုတစ်ခါ အိမ်ထောင်ပြုပေးခဲ့တယ်''

''ဘယ်လိုယောက်ျားမျိုးနဲ့ပြုပေးခဲ့တာလဲ၊ ခုလိုလုပ်ပေး တာရော ကြာပြီလား''

''ဒီနှစ်နဲ့မှ (၃) နှစ် (၃)ကြိမ်ဆိုရမှာပေါ့''

''တစ်နှစ်ကို တစ်ခါ ယောက်ျားတစ်ယောက်ပြောင်းပေး ရတဲ့သဘောပေါ့''

''ဟုတ်ပါတယ် ကိုနေမင်းအိမ်၊ ပထမယောက်ျားတွေ တုန်းကလည်း ဒယ်ဒီကရွေးချယ်ပေးခဲ့ပြီးခေါ်ခဲ့ရတာ''

''ကျုပ်မရှင်းလို့မေးချင်တယ်၊ အိမ်ထောင်ပြုပေးခဲ့တဲ့ ယောက်ျားတွေဟာ နောက်ဘယ်ကိုရောက်သွားကြတာလဲ''

''ပထမဆုံးတစ်ယောက်ကတော့ မူးယစ်ဆေးဝါးစွဲပြီး ဆေးရုံမှာသေဆုံးသွားတယ်၊ နောက်တစ်ယောက်ကတော့ ကားမှောက်ပြီးသေဆုံးခဲ့တယ်''

''ဒါတွေဟာ ရိုးရိုးသားသားသေတာတော့မဖြစ်နိုင်ဘူး''

''သေချာလောက်ပါတယ်၊ ဒေါ်နန်းတိုးကြာအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသုံးမဝင်တော့တဲ့သူတွေကို ရှင်းပစ်လိုက်တဲ့သဘောဖြစ်မှာပါ၊ ဒီနှစ်ကျတော့ ကိုနေမင်းအိမ်ကို သူကိုယ်တိုင်ရွေးချယ်ခဲ့တာ"

"ကျုပ်ကိုသူကဘာယ်မှာတွေ့ဘူးခဲ့လို့လဲ"

"သူပိုင်တဲ့ရွှေဆိုင်ကို အနုကြမ်းဝင်စီးတုန်းက ကားပေါ်ကနေတွေ့ခဲ့ပြီး ဒယ်ဒီကိုရအောင်ခေါ်ယူခိုင်းခဲ့တာပါ"

"ဒီလောက်ဆို ကျုပ်သဘောပေါက်ပြီ၊ မင်းဒယ်ဒီ ကျုပ်ကို အကွက်ချကျောကွင်းဆင်ပြီး ဖမ်းတဲ့သဘောပေါ့"

"ကျွန်မ ဒယ်ဒီရဲ့လုပ်ရပ်ပေါ်မှာ တောင်းပန်ပါတယ်"

"နန်းသီရိလှိုင် ..မင်းအပေါ်မှာ ကျုပ်နားလည်တယ်၊ တစ်ခုတော့ စိတ်မကောင်းဘူး၊ မင်းဒယ်ဒီနဲ့ပတ်သက်ပြီး ကျုပ်ဘက်ကတော့ သူ့ကျောကွင်းထဲကနေ မဖြစ်မနေရှန်းထွက်ရတော့မယ်၊ မိတ်ဆွေတွေလို သဘောထားခဲ့တဲ့ နှစ်ယောက်ကြားမှာ ရန်သူအသွင်ပြန်ပြီးဆောင်ရတာဟာ ဝမ်းနည်းစရာတစ်ခုပါပဲဗျာ"

"သီရိလည်း ဒယ်ဒီကို ခေါ်နန်းတိုကြာကျောကွင်းထဲကနေရအောင် ဆွဲထုတ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြိုးစားမှု အောင်မြင်ပါစေကွာ၊ ညဦးနက်နေပြီ အိပ်ကြရအောင်၊ မနက်ဆို ခရီးအစောကြီးထွက်ကြရမှာ။ မြို့ပေါ်ရောက်မှ အပြေတစ်ခုကို ရှာကြတာပေါ့"

နေမင်းအိမ် ခုကာလမှာတော့ ဘာကိုမှ မသိသလိုပင် နေရတော့မည်။ သူ့ကျောက်ကွင်းထဲမှာ ရောက်နေသည်မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

"ကျွန်တော် လက်မခံနိုင်ဘူးအန်ကယ်"

ဦးခွန်ပိုင်ဘက်မှ တောင်းဆိုလာသော မင်္ဂလာကိစ္စကို နေမင်းအိမ် ငြင်းဆန်လိုက်ခြင်းဖြစ်သည်။

"မင်းဘဝအတွက်နော် မောင်နေမင်းအိမ်၊ စိတ်ကူးမလွဲ စမ်းပါနဲ့၊ တစ်သက်လုံးချမ်းချမ်းသာသာနဲ့နေသွားရမှာ"

"ကျွန်တော့်ဘဝအတွက် ဒီလိုချမ်းသာမှုမျိုးကို မမက်မောဘူး၊ ရိုးသားစွာနဲ့နေချင်တယ်"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေမင်းအိမ်..မင်းဟာ တခြားနေရာတွေမှာသာ တော်သလောက် ခုလိုနေရာမျိုးမှာတော့ ညံ့လိုက်တာ"

"ခပ်ညံ့ညံ့ပဲကောင်းပါတယ်၊ အန်ကယ့်အတွက် ကျွန်တော့်ဘက်က လုပ်သင့်တာတွေကို လုပ်ပေးပြီးပြီဆိုတော့ ကျွန်တော့် ကိုပြန်ခွင့်ပြုပါ"

"စိတ်မကောင်းပါဘူး နေမင်းအိမ်"

"အန်ကယ် ဒါဘာသဘောလဲ"

နေမင်းအိမ်နောက်တွင် အိုက်ကောတို့က သေနတ်ကိုယ်စီဖြင့် ချိန်ရွယ်ထားလိုက်ကြသည်။

"မင်းဘက်ကသာ ငါ့စကားကို ခေါင်းလေးညိတ်လိုက်ရင် ခုလိုအကြမ်းဖက်စရာမရှိပါဘူး"

"နေမင်းအိမ်ကို သေနတ်နဲ့ခြိမ်းခြောက်လို့ရမယ်လို့ ထင်ထားရင်တော့ မှားသွားမယ်အန်ကယ်"

"ဒီတစ်ခါတော့ ငါတို့လက်ထဲကသေနတ်တွေက မင်းလက်တွေ၊ ခြေတွေကို လှုပ်ရှားခွင့်ပေးမယ်လို့ထင်ထားလား နေမင်းအိမ်၊ မင်းလှုပ်တာနဲ့ ကျည်က ရောက်ပြီသာမှတ်ပါ"

"သေနတ်ကိုင်ပြီးမှ ကိုယ့်ကိုယ်ကို သတ္တိရှိတယ်လို့မှတ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ခင်ဗျားတို့အတွက် ဟောဒီမှာ"

"ဒိုင်း..ချမ်း"

နေမင်းအိမ် စားပွဲပေါ်မှ ပန်းအိုးကို အိုက်ကောဆီခြေဖြင့် ကန်လိုက်သည်။ပြီးမှ သူ့ရှေ့မှ ဦးခွန်ပိုင်ကို ဖမ်းချုပ်ပြီးဓားဖြင့် လည်ပင်းကိုထောက်ထားလိုက်သည်။

"ပစ်ရဲရင် ပစ်လေ၊ အသက်ချင်းလဲယူသွားတာပေါ့"

"အိုက်ကော...စွပ်ပြီးမပစ်နဲ့၊ ခွေးမသား သေနတ်ကိုခုချ လိုက်စမ်း"

"ဟား..ဟား...ဟား...ခွန်ပိုင်၊ ငါ့အတွက် ဒါဟာ အခွင့်အရေးတစ်ခုပဲကွ၊ မင်းဆီမှာလာပြီး ခုလိုပြောသမျှ ဆိုသမျှ တွေကိုခံနေတာ ကြောက်လို့မဟုတ်ဘူး၊ အခွင့်မသာလို့ ကွ၊ ခုဆိုရင် သခင်မဆီကို ပို့မယ့် စိန်သရဖူကြီးကို ယူပြီး တရုတ်ပြည်ဘက်မှာ ငါ့ဘဝကိုကောင်းကောင်းကြီးရပ်တည် လို့ရပြီကွ၊ တစ်ခါတည်း ရှင်းလိုက်ရုံပဲ၊ ကဲ... ငါ့ကောင်တွေ နှစ်ယောက်လုံးကို တစ်ခါတည်းသာရှင်းလိုက်ကြတော့"

"တောက်..သစ္စာမရှိတဲ့ကောင်၊ ထမင်းကျွေးတဲ့လက်ကို ပြန်ပြီးကိုက်တဲ့ခွေး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးကြိုက်သလိုသာပြောပေတော့ဗျာ၊ ကြာတယ် ဟော့"

"ဒိုင်း..ဒိုင်း...ဒိုင်း..."

"အား..."

"ဟင်...သခင်မကြီး"

နန်းတြိုကြာနှင့်သူ့ကိုယ်ရံတော်(၂)ဦးရောက်လာပြီး အိုက်ကောကို ပစ်ချလိုက်သည်။ အိုက်ကော တပည့်(၃) ယောက်ကိုလည်း တစ်ခါတည်းရှင်းပစ်လိုက်သည်။

"သိန်းနက်ညီနောင် ဒီအလောင်းတွေကိုရှင်းလိုက်တော့"

"အမိန့်အတိုင်းပါ သခင်မကြီး"

နေမင်းအိမ်..ဦးခွန်ပိုင်ကိုတော့ သူ့လက်မှလွှတ်မပေး သေးဘဲ ချုပ်ကိုင်ထားဆဲဖြစ်သည်။

"မင်းလေးက ခေါင်းမာနေဆဲပါလား"

"ကျုပ်ကို ခင်ဗျားတွေ့ဘူး၊ ခေါ်ဘူး၊ အသုံးချဘူးတဲ့ လူတွေနဲ့ တူမယ်လို့တော့မထင်နဲ့နော်၊ လူချင်းလဲသွားမှာတော့ သေချာတယ်"

"မင်း မလဲနိုင်ပါဘူးကွာ..ဖြောင်း...ဖြောင်း.."



www.burmeseclassic.com

www.burmeseclassic.com



နန်းတြိဂြာ လက်ခုပ်ကလေးတီးလိုက်သည်နှင့်

"အိမ်..."

"ရတီ..."

နန်းရတီဝိုင်းကို လူ(၂)ယောက်ဆွဲခေါ်ထုတ်လာသည်။

"မင်းအသက်ကိုသာ အသေခံရရင်ရဲမယ်၊ ပေါ်ဒီက သူလေးကိုတော့ မင်းအသေခံရဲမှာမဟုတ်ပါဘူးနော်"

"ခင်ဗျားတို့ မဆိုင်တဲ့သူကို ဒုက္ခမပေးနဲ့"

"ငါတို့က မပေးချင်ပါဘူး၊ မင်းလေးက ခေါင်းမာနေလို့ ခုလိုလုပ်ရတာပါ"

"ခင်ဗျားရဲ့ ရှုးသွပ်တဲ့ကိစ္စပေါ်မှာ ကျုပ်တို့ကလိုက်ပြီး မရူးနိုင်ဘူး၊ ဒါအရူးအလုပ်ဗျ"

"မင်းလေးနဲ့ စကားတွေအများကြီးမပြောချင်ဘူး၊ မင်းဆုံး ဖြတ်လိုက်ပါ"

"ကျုပ်ဘာကိုဆုံးဖြတ်ရမှာလဲ၊ ဘာလုပ်ပေးရမှာလဲ"

"ပေါ်ဒီက လက်ထပ်စာချုပ်ကလေးမှာ လက်မှတ် ထိုး လိုက်ရုံနဲ့ မင်းရဲ့ နန်းရတီဝိုင်းလေးကို သေးကင်းစွာနဲ့ပြန်ပြီး ပို့ပေးမှာပါ၊ ဆက်ပြီးငြင်းနေမယ်ဆိုရင်တော့ မင်းရှေ့မှာတင်



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြမယ်"

"ခင်ဗျားတို့ ရတီကိုဘာမှမလုပ်နဲ့နော်"

"မလုပ်ပါဘူးကွယ်၊ အဲ…မင်းလိမ္မာဖို့ပဲအရေးကြီးတယ်"

"အိမ်…မထိုးနဲ့၊ ရတီ့ကိုသတ်ချင်သတ်ပါစေ"

"ကောင်မလေး…မင်းပါးစပ်ကို ခဏလေးပိတ်ပြီးနေပေးလိုက်ပါ"

"တောက်…ခင်ဗျားတို့ကျော့ကွင်းထဲကို ရောက်နေမှတော့ ခင်ဗျားတို့သဘောပေါ့ဗျာ၊ ကျုပ်လက်မှတ်ထိုးမယ်"

"အိမ်…"

"ရတီ…ငါ့ကိုခွင့်လွှတ်ပါ၊ ငါ့ဘဝမှာ မင်းသာအရေးကြီးတယ်၊ မင်းဘာမှ မဖြစ်စေရဘူး၊ အဖြစ်မခံနိုင်ဘူးရတီ၊ ခင်ဗျားတို့ကို တစ်ခုတော့သတိပေးထားမယ်၊ ကျုပ်ဘက်က လက်မှတ်ထိုးပေးသလို ခင်ဗျားတို့ ကတိကိုလည်း မဖျက်နဲ့ ရတီ တစ်ခုခုဖြစ်ခဲ့ရင်တော့ ကမ္ဘာမီးလောင်ပြီမှတ်ပါ"

"မင်းလေးက ဒေါသကြီးတတ်တာကိုး၊ ဒါကြောင့် ငါ့ရဲ့ကြင်ယာလောင်းကြီးဖြစ်ထိုက်တာ၊ ခွန်ပိုင် ...ချုပ်တွေပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ စာချုပ်ကို ဖတ်ကြည့်ဦးနော်၊ လက်မှတ်ထိုးပြီး လွယ်လွယ်နဲ့ ဖောက်ဖျက်ဖို့တော့ မစဉ်းစားနဲ့၊ လက်ထပ်စာချုပ် ဖောက်ဖျက်တာနဲ့ မင်းဘဝက ထောင်ထဲကိုရောက်သွား ပြီမှတ်၊ အင်း‥ခုကတည်းကပြောထားမယ်၊ ငါနဲ့လက်ထပ်ပြီး (၁) နှစ်ပြည့်မှ မင်းအပြင်လောကကြီးကို လွတ်လပ်စွာ သွားခွင့်ရမှာ‥နော်"

နေမင်းအိမ် ဘာစကားမှမပြောဘဲ စာချုပ်ကိုလှမ်းယူပြီး လက်မှတ်ထိုးဖို့ပြင်လိုက်သည်။

"ကိုနေမင်းအိမ်‥‥မထိုးနဲ့"

"သမီး‥သီရိ"

"ဒယ်ဒီရယ် ဆက်ပြီး မိုက်မဲတာတွေမလုပ်ပါနဲ့တော့၊ ဒယ်ဒီတို့လုပ်ရပ်တွေကို ဥပဒေကကြည့်နေမှာမဟုတ်ပါဘူး"

"သီရိ‥နင်ပါးစပ်ပိတ်ထားစမ်း"

"ဒီကောင်မကိုသွားပြီးခေါ်ခဲ့စမ်း၊ လျှာကြောကိုရှည်တယ်"

"အနားမကပ်နဲ့နော်ဒီမှာတွေ့လား သေနတ်"

"သမီး‥"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းနက်၊ ..ဘာလုပ်နေတာလဲ"

"ဒိုင်း...ဒိုင်း..."

"အား.."

"သမီး..."

သေနတ်သံနှစ်ချက်ထွက်ပေါ်လာပြီး နန်းသီရိလှိုင် ကျည်ဆံမှန်ကာခွေကျသွားသည်နှင့် နေမင်းအိမ်..နန်းရတီပိုင်း နားဆီသို့ပြေးသွားပြီး အနားမှ သေနတ်သမားကိုရှင်းလိုက် သည်။

"ပစ်စမ်း...မလွတ်စေနဲ့"

"ဒိုင်း..ဒိုင်း..."

နန်းရတီပိုင်းကိုဘေးသို့တွန်းလိုက်ပြီး အခန်းနံရံနှင့်ကွယ် ပြီးနေလိုက်သည်။

"မင်း...မလွတ်ပါဘူး နေမင်းအိမ်ရာ"

နန်းတြိတြာ၏လူတွေက နေမင်းအိမ်ကို ပိတ်ဆို့ပြီး သေနတ်တွေနှင့်ချိန်ထားလိုက်သည်။

"မင်းကို (၅)မိနစ် အချိန်ပေးမယ်၊ ပြည့်တာနဲ့ ငါတို့ ဘက်က ကျည်ဆံတွေ မင်းတို့(၂)ယောက်ကိုယ်ပေါ်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလို့ မှတ်လိုက်တော့ နေမင်းအိမ်''

''အိမ်...''

''ရတီ..''

နန်းရတီပိုင်းကိုယ်လေးကို ရင်ခွင်ထဲထည့်ပြီး နောက်ဆုံး ရင်ဆိုင်ရန်ပြင်လိုက်တော့သည်။

BURMESE CLASSIC

''သေခဲ့ရင်တောင် ငါတို့နှစ်ယောက်အတူတူပဲ ရတီ''

နေမင်းအိမ် လက်ထဲတွင် ဓားမြှောင်ကို ကျစ်ကျစ်ပါ အောင်ဆုပ်ကိုင်ထားပြီးနောက်ဆုံးချိန်ကို စောင့်နေလိုက်သည်။

''နေမင်းအိမ် ပြည့်ပြီဟေ့''

''ကျုပ်တို့ကို သေအောင်ကြိုးစားပါ''

''ဒီလောက်တောင် ဖြစ်တဲ့ကောင် ပစ်စမ်းဟေ့''

''ဒိုင်း...''

''ဟာ..ဟာင်..''

''တစ်ယောက်မှ မလှုပ်ပါနဲ့၊ မင်းတို့အားလုံးကို ရဲတပ်ဖွဲ့ ဝင်တွေက ဝိုင်းလိုက်ပါပြီ၊ ဒေါ်နန်းတြိတြဲ..ခင်ဗျား အတွက်တော့ နောက်ကျသွားပါပြီ၊ ခင်ဗျားကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် ရင်ဆိုင်ဖို့ပြင်ထားပါ၊ တောထဲမှာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းချက်စခန်းထောင်ပြီး မူးယစ်ဆေးဝါးတွေကိုထုတ်လုပ်နေတာကိုလည်း နိုင်နိုင်မာမာ သတင်းရထားပြီးပါပြီ၊ ဆရာမောင်မောင်..လက်နက်တွေသိမ်းပြီး အားလုံးကိုခေါ်ဆောင်ဖို့လုပ်ပါ၊ ဒဏ်ရာရတဲ့သူတွေနဲ့ အလောင်းတွေကိုပါ တစ်ခါတည်းသယ်ခဲ့လိုက်ပါ"

"သမီးလေး..."

"ဒယ်ဒီ....သမီး...ကို...ခွင့်...လွှတ်ပါ...သက်ဆိုင်ရာကို သမီးအကြောင်းကြားလိုက်တာပါ"

"သမီးလေး...ဖေဖေလူမိုက်ကြီးကြောင့် သမီးလေးခုင်သေဆုံးရတာပါ"

"ဦးခွန်ပိုင်...စိတ်မကောင်းပါဘူး၊ နန်းသီရိလို့ပင် အတွင်းကျွန်တော့်ဘက်က မကာကွယ်နိုင်ခဲ့ပါဘူး"

"သွားကြရအောင် ဦးခွန်ပိုင်"

"ချောက်..."

"မောင်နေမင်းအိမ်"

"ဦးခွန်ပိုင် ဘာပြောချင်လဲ ပြောခဲ့ပါ"

"သမီးလေး ဈာပနကို အကောင်းဆုံးလုပ်ပေးပါကွာ



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တာဝန်ယူပေးပါမယ်"

"ကျေးဇူးတင်ပါတယ်"

သက်ဆိုင်ရာမှ ဒေါ်နန်းတြီတြာနှင့်ဦးခွန်ပိုင်တို့အားလုံးကို ခေါ်ဆောင်သွားပြီး နန်းသီရိလှိုင် အလောင်းလေးကို နေမင်းအိမ် ပွေ့မပြီးဆေးရုံကားပေါ်သို့တင်ပေးလိုက်စဉ်

"ဘုတ်..."

"ဟင်..."

ဒိုင်ယာရီစာအုပ်နက်ကလေးတစ်အုပ် နန်းသီရိလှိုင် အင်္ကျီအိတ်ကတ်လေးထဲမှ ပြုတ်ကျသွားတာကို နန်းရတီဝိုင်း ကောက်ယူပြီး ဖတ်မည်အပြု

"ရတီ ·ရယ် ·ဖတ်မနေပါနဲ့တော့"

"ဘာလို့လဲဟင်.."

"သူ့ဒိုင်ယာရီထဲမှာ ရေးထားမယ့်အကြောင်းတွေကို ငါသိနေတယ်"

"ဘာတွေရေးထားလဲ ပြောပြပါလား"

"မသိချင်ပါနဲ့တော့ဟာ၊ စိတ်ကူးယဉ်အိပ်မက်လေးတွေကို အနာဂတ်မနက်မှာ သဏ္ဍာန်ရုပ်ကလေးမဖြစ်စေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းအိမ် ဒိုင်ယာရီစာအုပ်လေးကို အဝေးဆီသို့လွှင့်ပစ်လိုက်တော့သည်။

မြေပြင်ပေါ်သို့ကျသွားသော ဒိုင်ယာရီစာအုပ်အဖုံးကလေးပွင့်သွားပြီး ပထမဦးဆုံးစာမျက်နှာလေးမှာတော့

*အိမ်...*

*ရှင်ဟာ ကျွန်မရဲ့နှလုံးသားကျောက်ကွင်းထဲကနေ*

*ရုန်းထွက်နိုင်သူ တစ်ဦးပါ...*

*ရှင့်ကို ကျွန်မ သိပ်ပြီးချစ်ခဲ့ရပါတယ်.....*

*နန်းသီရိလှိုင်*

*ဆက်လက်ကြိုးစားပါဦးမည်*

ရွှေဘဝ



www.burmeseclassic.com